www.burmeseclassic.com

# ပေါ်ကျာရစ်

ချာလီ၏

သုံးလွန်းတင်မင်းသား



www.burmeseclassic.com

www.burmeseclassic.com

# ပေါ်ဂျာရစ်

## ချာလီ၏ သုံးလွန်းတင်မင်းသား

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁–၂၄၀၆၉၀

www.burmeseclassic.com

www.burmeseclassic.com

ရာလီဇါသုံးလွန်းတင်မင်းသား

ပေါ်ကျာရစ်

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၁၆၁၉၀၆၁၂
မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၀၁၁၉၀၁၀၇
ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၇ ခုနှစ် ဩဂုတ်လ
အုပ်ရေ
၅၀၀
အဖုံးပန်းချီ
ကိုဇော်မောင်
ဖလင်
ကိုလှဝင်း
စာအုပ်ချုပ်
ယမိုး
ထုတ်ဝေသူ
ဦးအောင်မြတ်ထွေး
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)
၁၁၄၊ စိန်ရတီလမ်း
ရတနာကျွန်းရိပ်သာ၊ သုနန္ဒာ
မြောက်ဥက္ကလာပ
မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး
၁၀၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

## ဆရာပေါ်ဂျာရစ်၏ ထုတ်ဝေပြီးစာအုပ်များ

၁။ ဂျာအေးနှင့်ရွှေအိုးကြီး
၂။ ဂျာအေးနှင့် ဝိယဝိဇ္ဇာ
၃။ ဂျာအေးနှင့်ဇာတ်လိုက်ကြီး
၄။ ဥမ္မာတကော
၅။ ဂျာအေးနှင့်ချစ်နောက်ကောက်
၆။ ဂျာအေးနှင့်ရွှေကြုပ်သား
၇။ ဂျာအေးနှင့်နှစ်လော်ရာကုန်း
၈။ ဂျာအေးနှင့်ယောက္ခလည်မြှုပ်
၉။ ဂျာအေးနှင့်လောဘရဟတ်ကြီး
၁၀။ ဂျာအေးနှင့်မဟာဂျာသဘင်ကြီး
၁၁။ ပီအေဂျာအေး
၁၂။ နှစ်ကိုယ်ခွဲ
၁၃။ နတ်လိုင်စင်
၁၄။ တောရတောင်ဝေး
၁၅။ ကမ္ဘာ့အချစ်
၁၆။ ချစ်မျက်နှာပုံး
၁၇။ ရာဇဝင်ပြောင်တဲ့ငါးမြှောင်တောင်သား
၁၈။ ပတ္တမြားကြီးငါးလုံး
၁၉။ ဂမ္ဘဝင်ခရုလှည့်ကြီး
၂၀။ ချာလီ၏ ဇော်ဂျီ့မြင်း
၂၁။ ဒါဝင်ညီနောင်
၂၂။ ဝါးတားတား ဝေဝေတော
၂၃။ သီအိုရီများတဲ့ လမင်း
၂၄။ လေညှို့တင်တဲ့ လ

### ယခု

၂၅။ ချာလီ၏သုံးလွန်းတင်မင်းသား

### ဆက်လက်၍

၂၆။ ကတုံးသုံးကောင်နှင့် ဒေဝီစိမ်း

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ့်ကိုယ်ကိုယ်တောင် ချစ်လို့မဝတာ
သူများကို ချစ်တယ် ပြောတဲ့သူဟာ
တစ်နည်းအားဖြင့် မှသားသုံးလိုက်တာပဲ . .

www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

သံယောဇဉ်ဆိုသည့် တရားက ကြောက်စရာကောင်းလှသည်ကို သူ တွေးမိလာ၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးက သံယောဇဉ်ကို အကုသိုလ်စိတ်၏ အုတ်မြစ်ဟု မြွက်ကြား၏။ ဘုရားစကားက မှန်ပေစွ။ သံယောဇဉ်ကြောင့် လူ့လောကကြီးက လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ တောက်လောင်နေပေ၏။

သားသမီး သံယောဇဉ် . . .

ဇနီးမယား သံယောဇဉ် . . .

ဆွေမျိုးဉာတကာ သံယောဇဉ် . . .

ထိုသံယောဇဉ်တွေကို ပွေ့ပိုက်ပေါင်းဖက်ရင်း ငါ့ဥစ္စာ၊ ငါ့ဟာ၊ ငါ့သား ငါ့သမီး၊ ငါ့ဆွေငါ့မျိုး ဆိုသော ငါတကောကောသည့် ဝါဒတွေ ပေါ်ပေါက်လာရသည်ဟု ထင်မိ၏။

ယခုလည်း သူမှာ တူတော်မောင် သံယောဇဉ်ကြောင့် ဘာမှ မလုပ်နိုင် မကိုင်နိုင် ဖြစ်နေရ၏။ တူတော်မောင်၏ရှေ့ရေးကိုတွေးပြီး ရင်တလေးလေး ခံစားနေရ၏။ အစ်မဖြစ်သူ ဒေါ်မြကလေး ဆုံးပါးသွားသည်မှာ တစ်လနီးပါးခန့်ရှိပြီဖြစ်သော်လည်း ပါတူးတစ်ယောက် မော့်ဘီခြံကြီးကို မပြန်နိုင်။ ချာလီတစ်ယောက်တည်း ထားခဲ့ရမည်ကိုလည်း စိတ်မချနိုင်။ မျက်စိသူငယ် နားသူငယ်နှင့် ထားရစ်ခဲ့ရမှာကိုလည်း စိတ်ထဲ စနောင့်စနင်း ဖြစ်နေ၏။

ချာလီ့ပုံ ကြည့်တော့လည်း အေးတိအေးစက်။ အလုပ်လည်း မည်မည်ရရ မရှိ။ ယောင်ချာယောင်ချာ လုပ်ပုံကိုကြည့်ပြီး ပါတူး စိတ်မချနိုင် ဖြစ်နေရ၏။

အစ်မလုပ်သူ၏ လက်ငုတ်လက်ရင်း ကိစ္စတွေကိုလည်း ဘယ်လို

www.burmeseclassic.com



ရှင်းရမှန်းမသိ။ အပ်ချုပ်စက် ငါးလုံးကတော့ မိုးလင်းသည်နှင့် တရှောင်းရှောင်း မြည်နေ၏။ အစ်မလုပ်သူက သူ့အလုပ်ကို သေသည်အထိ လုပ်ကိုင်သွားခဲ့၏။ အစ်မ၏ လက်ငုတ်လက်ရင်းများဖြစ်၍ ဖျက်သိမ်းရမှာကို ဝန်လေးနေမိ၏။

အိမ်ရှေ့ ပက်လက်ကုလားထိုင်ပေါ် ထိုင်ကာ တစ်ယောက်တည်း တောင်တောင်ဤဤ စဉ်းစားနေစဉ် ချာလီ ရွာရိုးကိုးပေါက်က လည်ပတ်ပြီး ပြန်လာ၏။

"မင်း ဘယ်တွေ လျှောက်သွားနေသတုံးကွ"

"ဒီလိုပေါ့ အန်ကယ်ပါတူးရာ၊ ဟိုဟိုဒီဒီ ခြေဆန့်လက်ဆန့် လုပ်ကြည့်တာပေါ့။ ဘာဖြစ်လို့လဲ အန်ကယ်ရဲ့၊ အန်ကယ်က အားအားရှိ အိမ်ထဲချည်းပဲထိုင်နေတော့ ကျန်းမာရေး ထိသွားနိုင်တယ်နော်။ လှုပ်လှုပ်ရှားရှား လူမင်းသားတဲ့ဗျ"

"တော်စမ်းကွာ၊ ကိုင်း- အခု မင်း ဘာလုပ်မယ် စိတ်ကူးလဲ"

"ဟာ- ထမင်းစားမှာပေါ့ အန်ကယ်ရ"

"ဟေ- ထမင်းစားမယ်။ ဟကောင်- ငါမေးနေတာ မင်း ဒီလိုပဲ လတ်လျားလတ်လျား လုပ်နေမှာလားကွ။ လူဆိုတာ အလုပ်လုပ်ရတယ်ကွ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆိုတဲ့စကား မင်း ကြားဖူးလား"

"ဟာ- အဲဒီစကားတွေက သိပ်မသေချာလှဘူး အန်ကယ်ကြီးရာ၊ သေချာတာ. . ."

"ဟေ- သေချာတာ ဘာလဲကွ"

"ဟဲဟဲ ထမင်းအိုးဖွင့်ပြီး ထမင်းစားလိုက်ရင် ဗိုက်ပြည့်သွားမှာတော့ သေချာတယ်ဗျ"

"ဘာကွ- ကောင်းရောကွာ"

"ဟဲဟဲ နောက်မှ ဆွေးနွေးကြတာပေါ့ဗျာ။ ကိုင်း- အန်ကယ် စားပြီးပြီလား"

"အေး- ငါလည်း ဆာတာတာပဲကွ"

"အဲဒါပြောတာပေါ့၊ ဆာနေတာ စားလိုက်ရင် ဗိုက်ပြည့်သွားမှာ သေချာနေပြီ။ ကိုင်း- စားကြစို့"

"မင်းသဘောပဲကွာ"

ဦးပါတူးတစ်ယောက် တူတော်မောင် ချာလီ၏ သေချာမှုကို ခေါင်းခါရမလား၊ ခေါင်းညိတ်ရမလား ဆိုသည်ကို ဝေးတားတား ဖြစ်သွား၏။ နောက်ဆုံး ထိုင်ရာမှထကာ နောက်ဖေးမီးဖိုချောင်ထဲသို့ ဝင်ခဲ့ကြ၏။

ဟင်းထမင်း အားလုံးကို ချောနွယ်ကလေးက တာဝန်ယူထား၏။ ချောနွယ်၏ နာမည်အရှည်က ချောချောနွယ်။ အိမ်မှာ စက်လာ လာချုပ်သလို ချက်ရေးပြုတ်ရေးလည်း တာဝန်ယူခဲ့၏။ ချောနွယ်၏အလုပ်က



www.burmeseclassic.com

ရိုးရိုးယဉ်ယဉ်အလှ။ အချုတ်အပြုတ်မှာလည်း လက်ရာကောင်းလှသူ ဖြစ်၏။

ယခုလည်း သူတို့ အိမ်နောက်ဖေး ဝင်လိုက်သည်နှင့် ချောနွယ်ပါ စက်ခုံကထပြီး လိုက်လာ၏။ ချောနွယ်နှင့် ချာလီက သိပ်တော့ သဟဇာတ မဖြစ်။ မိခင်ကြီးရှိစဉ်ကတည်းက တကျက်ကျက်။ ချောနွယ်က ချာလီ ထက် တစ်နှစ်၊ နှစ်နှစ်သာ ကြီး၏။ အမြဲတမ်း အစ်မကြီး အိုက်တင် ဖမ်းထားသည်မို့ ချာလီ မကျေနပ်။ သို့သော် ချောနွယ်၏ အချက်အပြုတ် လက်ရာကိုတော့ ချာလီ နှစ်သက်၏။

"စားကြတော့မလား"

"စားမယ် ချောနွယ်ရေ၊ ဒီနေ့ ဘာဟင်းချက်သတုံးဟ"

ပါတူးစကားကြောင့် ချောနွယ်က ပြုံးပြုံးရွှင်ရွှင်နှင့် ပြောလိုက်၏။

"ချောနွယ် အန်ကယ်ပါတူးအကြိုက် ချက်ထားတယ်"

"ဟေ- ဘာဟင်းတုံးဟ"

"ချဉ်ပေါင်နဲ့ငါးခေါင်း၊ ပြီးတော့ ဝက်သားဆီပြန်၊ ငရုတ်သီးဆား ထောင်းလေ"

"ဟ- ပြောတာနဲ့ သွားရည်ကျနေပြီဟေ့။ ထည့်ထည့်၊ စားကြမယ်"

သူတို့တစ်ဝရီးနှစ်ယောက် စားပွဲတွင် ဝင်ထိုင်လိုက်၏။ ချောချော နွယ်သည် ဟင်းထမင်းများကို ပန်းကန်နှင့် ခူးခပ်ထည့်လိုက်၏။ ချဉ်ပေါင် နှင့် ငါးခေါင်းကို မျှစ်ကလေးရောပြီး ငရုတ်သီးစိမ်း လေးစိတ်ကွဲထည့်ထား သဖြင့် အနံ့က တသင်းသင်း။ ငရုတ်သီးဆားထောင်းရနံ့ကလည်း စူးစူးရှရှ။

ပါတူးသည် ချောချောနွယ်ကို တစ်ချက်မော့ကြည့်ပြီး ပြောလိုက် ၏။

"ချောနွယ်၊ နင်ပါ ဝင်စားလေဟာ"

"ချောနွယ် နောက်မှစားမယ်"

"လာစမ်းပါဟာ၊ တို့နှစ်ယောက်တည်း စားရတာ ပျင်းတယ်- နော် ချာလီ"

"ဒါဆို မချောကို သီချင်းဆိုခိုင်းလိုက်ပေါ့ဗျ၊ မချော"

"ချာလီနော် မဟုတ်တာမပြောနဲ့"

"ဟာ- ကျွန်တော်ပြောတာ အန်ကယ်က ပျင်းတယ်ဆိုတော့ သီ ချင်းဆို. . ."

"ဟကောင်- တော်ကွာ၊ မင်းက တော်တော် စကားအကျအန ကောက်တဲ့ကောင်ပဲ။ ကိုင်း- ထိုင်စမ်းပါ ချောနွယ်ရာ၊ နင့် လက်ရာ အတော်ဟုတ်တာဟ။ အနံ့ကလေးရတာနဲ့ ဗိုက်ထဲကို တဂွီဂွီ ဖြစ်လာတယ်"

"ဟာ- အန်ကယ်ကလည်း၊ အဲဒါ ဗိုက်ထဲမှာ ဖားတွေကြွက်တွေ ရှိလို့ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"တော်စမ်းကွာ- တော်တော် တောက်တီးတောက်တဲ့ ပြောတဲ့ ကောင်ပဲ"

ပါတူး အတင်းခေါ်နေသဖြင့် ချောနွယ်သည် သူတို့နှင့် တစ်ဝိုင်းတည်း ထိုင်လိုက်၏။ ချာလီ့မျက်နှာက ဖြစပ်စပ်။ ချောနွယ်သည် ချာလီကို မှုန်ကုပ်ကုပ် လှည့်ကြည့်ရင်း ပန်းကန်ထဲ ထမင်းဟင်းတွေ ထည့်လိုက်၏။

ချဉ်ပေါင်နှင့် ငါးခေါင်းပန်းကန်က အငွေ့တထောင်းထောင်း။ စားတော့လည်း သူတို့နှစ်ယောက် ခေါင်းတောင် မဖော်နိုင်။

"ဘယ်လိုလဲ၊ စားလို့ကောင်းရဲ့လား"

"ဟာ- ကောင်းပါတယ် ချောနွယ်ရာ၊ နင်က အချက်အပြုတ်မှာ လက်ဆိပ်ရှိတယ်ဟ။ ချာလီတော့ မသိဘူး၊ ငါတော့ ချဉ်ပေါင်ဟင်းချိုလေး သောက်လိုက်တာ ခံတွင်းကို ရှင်းသွားတာပဲ"

"ချာလီ၊ နင်ရော စားကောင်းရဲ့လား။ ငါးတွေ ထည့်စားလေ၊ ကျန်နေရင် အလကားဖြစ်မယ်။ ဝက်သားဟင်းလည်း ထည့်လေ၊ ဟောဒါ ကြက်သွန်ဥ အလုံးလိုက်ထည့်ထားတာဟဲ့၊ ချိုနေတာပဲ"

ချောချောနွယ်က အစ်မကြီးတစ်ယောက်လို ဘောက်ဆတ်ဘောက်ဆတ် ပြောနေ၏။ ချာလီ ဘာတစ်ခွန်းမှမပြော။ စားရင်းစားရင်း ထမင်းအုပ်ထဲက ထမင်းမောက်မောက်ကြီးလည်း ပြောင်သလင်းခါသွား၏။ သူတို့တူဝရီးနှစ်ယောက်၏ နဖူးပြင်မှာလည်း ချွေးတွေစို့နေ၏။

"ချာလီ ယူဦးမလား"

"တော်ပြီဗျာ"

"စားလို့ကောင်းရဲ့လား"

"လျှာထဲတော့ ထူထူပူပူ ဖြစ်သွားတာပဲဗျ"

"အို- နင့်စကားကလည်း ဘာမှန်းမသိဘူး။ ငါက စားကောင်းအောင် ချက်ထားတာနော်။ အန်တီမြ ရှိတုန်းက ငါ့လက်ရာကို ချီးကျူးတာဟဲ့"

"ငါကတော့ နင့်လက်ရာကို ချီးကျူးတယ် ချောနွယ်ရေ၊ နင်က တကယ့်ကို လက်ဆိပ်ခြေဆိပ်ရှိတယ်"

"ဟာ- လုပ်ပြန်ပြီဗျာ၊ လက်ဆိပ်ခြေဆိပ် ရှိတယ်ဆိုတော့ မချောက ခြေထောက်နဲ့ချက်လို့လား အန်ကယ်ရာ။ အန်ကယ့်စကားတွေက သိပ်မသေချာပါဘူး"

"ဘာကွ- မင်းစကားတွေက ထူးလှချည်လား။ ဘာပြောပြော မသေချာဘူး၊ မသေချာဘူးနဲ့။ ပြောပါဦးကွ၊ သေချာတယ်ဆိုတာ ဘာလဲ"

"နောက်မှ ဆွေးနွေးကြတာပေါ့ အန်ကယ်ရာ။ လောလောဆယ် စားတဲ့ကိစ္စပဲ လုပ်ကြတာပေါ့"

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com


"ကြီးကျယ်လိုက်တာနော်။ ချာလီ၊ နင် အလုပ်ကလေး ဘာလေး မလုပ်တော့ဘူးလား"

"ဟာ- မချောကလည်း။ လူမြင်တာနဲ့ အလုပ်မလုပ်ဘူးလားဘဲ ပြောနေတယ်။ စောစောက အန်ကယ်ကလည်း အလုပ်မလုပ်ဘူးလားဘဲ မေးနေတယ်။ ဘာဖြစ်လို့လဲ၊ ကျွန်တော် အလုပ်လုပ်လိုက်ရင် တစ်လောကလုံး အိုကေသွားမှာလား"

"အို- ဒီကောင်လေးတော့ မလွယ်ပါလား။ နင့်ကိုယ်နင် ကလေးများ မှတ်နေလား ချာလီရယ်။ ယောကျ်ားဆိုတာ အလုပ်ကလေး အကိုင်ကလေးရှိမှ ဂုဏ်ရှိတာဟဲ့"

"ဟုတ်တယ် ချောနွယ်ရေ။ ငါ ဒီကောင့်ကို ဒါပဲ ပြောနေရတာ။ ပြောလည်း တောင်တောင်ဤဤတွေ လျှောက်ပြောနေတာကွ"

ပါတူးနှင့် ချောချောနွယ်တို့၏ စကားကြောင့် ချာလီ နားကြားပြင်းကတ်လာ၏။ သူ့စိတ်ထဲ အလုပ်ဟူသမျှ ဂုဏ်ရှိစွ ဆိုသော စကား ဘယ်သူကများ ပါးစပ်ဆော့သွားလေသနည်းဟု တွေးနေမိ၏။

နောက်ဆုံး စားသောက်ပြီး အိမ်ရှေ့ခန်းသို့ ထွက်လာကြရာ တူဝရီးနှစ်ယောက် မျက်နှာချင်းဆိုင် ထိုင်ခဲ့ကြ၏။ ပါတူးသည် ဆေးတံထဲ ဆေးထည့်ကာ မီးညှိဖွာရှိုက်လိုက်၏။ ချာလီက ဦးလေးဖြစ်သူကို ကြည့်ပြီး မေးခွန်းထုတ်လိုက်၏။

"အန်ကယ်ပါတူး"

"ဟေ- ဘာတုံးကွ"

"ဒီလိုဗျာ၊ လူတွေဟာ တစ်ချိန်က ဘာအလုပ်မှ လုပ်ကြတာ မဟုတ်ဘူးဗျ။ စားစရာသောက်စရာ အပြည့်၊ စားချင်ရင်လည်း ခူးဆွတ်စားလိုက်ရုံပဲတဲ့ဗျ"

"ဟေ- မင်းကို ဘယ်သူ ပြောသတုံးကွ"

"ဟာ- ကိုစိုးတင့် ပြောတာလေ"

"စိုးတင့်၊ ဒီအရက်သမားက ထင်ရာမြင်ရာတွေ ပြောတာကွ။ ဘယ့်နှယ် ဒီကောင့်စကားတွေ နားယောင်နေရတာလဲကွ"

"နားယောင်တာမဟုတ်ဘူး အန်ကယ်ကြီးရ။ သူပြောတာ ဖြစ်နိုင်တယ်ဗျ"

"ဟေ- ဘယ်လိုဖြစ်နိုင်တာလဲကွ"

"ဒီလိုလေဗျာ၊ လူသားရယ်လို့ စဖြစ်လာတုန်းက မြေဆီမြေနှစ်က အစ အရသာရှိတာတဲ့။ အဲဒီတော့ လူတွေဟာ ဘာအလုပ်မှ လုပ်စရာမလိုဘူးဗျ။ ပြောရရင် လူတွေဟာ ပဒေသာပင်ကြီးမှီပြီး နေခဲ့တာတဲ့ဗျ။ အဲဒါ လူဦးရေ ဖောင်းပွလာတော့မှ [illegible]ဟာ ဖြစ်ကုန်ကြတာဗျ။ လောဘစိတ်တွေ ကြီးလာတော့ ပိုင်ဆိုင်ချင်ကြတယ်၊ လက်ဝါးကြီးအုပ်ချင်ကြတယ်။ အဲဒီစိတ်တွေကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ဒေါသတွေနဲ့ စစ်ပွဲတွေခင်း၊ သတ်ကြဖြတ်ကြနဲ့ နောက်ဆုံး အလုပ်လုပ်မှ စားရမယ် ဆိုတဲ့စကား ပေါ်လာတာဗျ။ ဒီတော့ လောဘစိတ်တွေကြီးလို့ ပဒေသာပင်တွေ ကွယ်ခဲ့ရတာဗျ။ မြေဆီ၊ မြေနှစ်တွေ အရသာမဲ့ခဲ့ရတာဗျ"

"ဟကောင်- မင်းက ဘာကိုပြောချင်တာလဲကွ"

"ဩော်- အန်ကယ်ကလည်း၊ လောဘတကြီး ဖြစ်လာတဲ့လူတွေဟာ အလုပ်ဟူသမျှ ဂုဏ်ရှိစွဆိုတဲ့စကားကို အလံထူပြီး လူတွေကို မောင်းနေတာဗျ။ တကယ်ဆိုရင် ဘာအလုပ်မှ လုပ်စရာမလိုပါဘူးဗျာ"

"ဗုဒ္ဓေါ- မင်း. . . မင်းစကားတွေ အတော့်ကို ကြောက်စရာကောင်းပါလားကွ။ မင်းစကားသာ အောင်လို့ကတော့ တစ်ကမ္ဘာလုံး တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ် လောကကြီး ဖြစ်သွားတော့မှာပဲ။ တော်. . . တော်စမ်းပါကွာ၊ ဟို- စိုးတင့်ဆိုတဲ့ကောင်က ထင်ရာတွေပြော၊ မင်းက ရမ်းယုံနဲ့ မဟုတ်တဲ့အတွေးတွေ လက်မခံစမ်းပါနဲ့ကွာ။ လူဆိုတာ တစ်ခုခုကိုတော့ အာရုံပြုထားရမှာကွ"

"တစ်ခုခု. . ."

"အေးလေ၊ မင်း တစ်ခုခုကိုတော့ အာရုံစိုက်ရမှာပေါ့ကွာ။ ခုဥစ္စာ မင်းစိတ်ထဲ ဘာမှမရှိသလိုပဲ။ စားလိုက်အိပ်လိုက်၊ ရပ်ကွက်ထဲ လျှောက်သွားလိုက်နဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စား မလုပ်စမ်းပါနဲ့ကွာ။ တစ်ခုခုတော့ မင်း စိတ်ဝင်စားသင့်တယ်ကွ"

"ဟာ- ဟုတ်ပြီ၊ ကျွန်တော် စိတ်ဝင်စားနေတာ ရှိတယ်ဗျ"

"ဟေ- ဘာ. . . ဘာစိတ်ဝင်စားသလဲပြော၊ ငါ ကူညီမယ်ကွာ"

"ဒီလို အန်ကယ်ပါတူးရာ၊ ဇေတိကလမ်းဘက်က မော်ဒယ်လေး တစ်ယောက်ကိုတော့ စိတ်ဝင်စားတယ်ဗျ"

"ဘာကွ"

"ဟဲဟဲ ဒါလည်း အလုပ်ပဲလေ။ အန်ကယ်ပဲ ပြောခဲ့တာလေ၊ တစ်ခုခုကို စိတ်ဝင်စားရင် အလုပ်ဆို။ ဟဲဟဲ- အဲဒီကောင်မလေး နာမည်က နှင်းမိမိတဲ့။ နာမည်လေးကတည်း အမိုက်စားဗျ။ ကိုယ်လုံးကလေးကလည်း သွယ်သွယ်လျလျနဲ့ တကယ်မိတယ် အန်ကယ်ကြီးရာ"

"ဗုဒ္ဓေါ- ရှုပ်ကုန်ပြီကွာ"

ပါတူးတစ်ယောက် တူတော်မောင်၏ ဒိုင်ကြောင်ကြောင့် ချာချာလည်သွား၏။ ခေါင်းကြီး တခါခါ တယမ်းယမ်း လုပ်နေ၏။ တူတော်မောင်၏ အံချော်မှုကို ထိန်းမတ်လမ်းတည့်ပေးမှ ဖြစ်ချေတော့မည်ဟု သဘောပေါက်သွား၏။

ထို့ကြောင့်လည်း ဆေးတံကို တဖွာဖွာလုပ်လိုက်ပြီး သူ့မြှော်ချင်


www.burmeseclassic.com

 www.burmeseclassic.com 

သည့်စကားကို ပြောလိုက်၏။

"မှားနေပြီကွ၊ ငါပြောတာ အဲဒီကိစ္စ မဟုတ်ဘူး။ လူဆိုတာ လှုပ်လှုပ်ရှားရှားရှိမှ ကောင်းတာကွ"

"ဟာ- အန်ကယ်ပါတူးကလည်း၊ ကျွန်တော် နှင်းမိမိတို့ အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လှုပ်ရှားနေတာဗျ။ နှင်းမိမိ ထွက်လာရင် ရင်တွေခုန်လိုက်ရတာဗျာ။ ခြေတွေလက်တွေ အေးစက်သွားတာပဲ"

"ဟေ- ဟကောင်၊ မင်းပြောတာ အချစ်ကွ။ အလုပ်မဟုတ်ဘူး။ မင်းပြောတာနဲ့ ငါပြောတာ လွဲနေပြီကွ"

"ဒီလောက်တော့ရှိမှာပေါ့ အန်ကယ်ရာ။ အဲဒီလို လွဲချော်မှုဟာပဲ အမှန်တရားကို ဖန်တီးလိုက်တာဗျ"

"ဟာ- တော်ပါတော့ကွာ။ တော်ပြီ၊ မင်းနဲ့ငါ ဒီကိစ္စ ဒီတင်ရပ်ရင် ကောင်းမယ်။ မဟုတ်ရင် ငါပါ လည်တယ်တယ် ဖြစ်ကုန်မယ်ကွ"

ပါတူးတစ်ယောက် ရှေ့ဆက်မပြောရဲတော့။ ချာလီ၏ ထင်ရာမြင်ရာ ပြောနေသည်ကို ဘယ်လိုမှလမ်းတည့်ပေး၍မရနိုင်မှန်း သိရသဖြင့် လက်လျှော့လိုက်ရ၏။ ထို့ကြောင့်လည်း ကုလားထိုင်ဘေးနားချထားသည့် စာအုပ်ကြီးတစ်အုပ်ကို လှမ်းယူလိုက်၏။

ထိုစဉ် ချာလီထံမှ စကားသံပေါ်လာ၏။

"အန်ကယ်ကြီး"

"ဟေ"

"အန်ကယ်ကြီး ဘာကြောင့် လူပျိုကြီး ဖြစ်နေရတာလဲဗျ"

"ဘာကွ- ငါ့ဘာသာ လူပျိုလုပ်ချင်လို့ပေါ့ကွ။ လူပျိုဆိုတာ ဂုဏ်ရှိတယ် ဟဲဟဲ"

"ဟာ- အန်ကယ့်စကားက မသေချာပါဘူးဗျာ"

"လာပြန်ပြီ၊ ဒီ မသေချာဘူး ဆိုတဲ့စကား"

"ဟုတ်တယ်လေ၊ ကျွန်တော် ထင်တာတော့ အန်ကယ်ကြီးဟာ အချစ်ဆိုတဲ့ကိစ္စကို နားလည်ပုံမရဘူးနဲ့တူတယ်။ ဒါမှမဟုတ် အန်ကယ့်ကို ချစ်မယ့်သူ မရှိဘူး ဖြစ်ရမယ်ဗျာ"

"တော်. . . တော်စမ်းကွာ၊ လောကမှာ အဲဒီ အချစ်ထက် အရေးကြီးတာ ဒါပဲကွ။ ဒါရှိရင် အချစ်ဆိုတာ အိမ်ပေါ်က ရိုက်ချယူရမှာကွ"

ပါတူးက လက်ညှိုးနှင့် လက်မကိုကွေးကာ ဝိုင်းပြလိုက်၏။ ချာလီက သူ့အပြုအမူကို ခေါင်းတခါခါ။ သူတို့နှစ်ယောက်၏ အယူအဆတွေက ပို၍ ပို၍ လွဲချော်လာသည့် အခြေအနေပင်။

"အဲဒါတော့ မဖြစ်နိုင်ဘူးဗျာ၊ အန်ကယ်ပြောတဲ့ ရိုက်ချပို့မကုန်တဲ့ဟာတွေက အချစ်တွေ မဟုတ်ဘူးဗျ။ အမြစ်တွေပဲ ဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ- အမြစ်၊ ပေါက်တီးပေါက်ရှာကွာ"

"ဟုတ်တယ်လေ၊ အဲဒီဟာတွေက အန်ကယ့်တစ်ကိုယ်လုံးကို လိမ်ပတ်ဝါးမျိုသွားမှာဗျ။ အချစ်ကျတော့ အန်ကယ့်တစ်ကိုယ်လုံး အဖူးတွေ အပွင့်တွေ ဝေသွားစေမှာ။ ပြောရရင် အဲဒီ အမြစ်နဲ့ အသီး၊ အပွင့် တန်ဖိုးက တခြားစီပဲ။ သက်ရောက်မှုကလည်း မတူဘူးဗျ"

"ဟော- တော်. . . တော်တော့ကွာ။ နားတွေ ရှုပ်လာပြီ၊ မျက်စိတွေ လည်လာပြီ။ မင်းဘာသာမင်းပဲ ချစ်လိုက်တော့ကွာ"

နောက်ဆုံး ပါတူးတစ်ယောက် တူတော်မောင် ချာလီကို လက်လျှော့လိုက်ရ၏။ မှန်တာပြောရလျှင် အချစ်ကို သူ သိလည်းမသိ၊ နားလည်းမလည်၊ အတွေ့အကြုံလည်းမရှိ။ ချာလီ့စကားတွေကို သူ လိုက်မမီ။

ချာလီကတော့ ဦးလေးဖြစ်သူနှင့် ဆက်၍ ဆွေးနွေးလို့ မဖြစ်မှန်း သိသဖြင့် အိမ်ပေါ်မှ ဆင်းခဲ့၏။ လောလောဆယ် သူ့ရင်ထဲ စူးစူးရဲရဲ တိုးဝင်လာသည်က နှင်းမိမိဆိုသော မော်ဒယ်လေးတစ်ဦး။

သူတို့နှင့် တစ်ရပ်ကွက်ကျော်တွင် နေထိုင်၏။ ကိုယ်လုံး သွယ်သွယ်ကလေးနှင့် ချစ်စရာကောင်းလှ၏။ အသားအရေက စံကားဝါနှစ်လို ရှင်းသန့်နေ၏။ မျက်လုံးတောက်တောက်၊ နှာတံချွန်ချွန်နှင့် ပြုံးလိုက်လျှင် သွားကလေးတွေက ပုလဲသွယ်အလား။

နှင်းမိမိကို သူ သတိထားမိသည်မှာ မဂ္ဂဇင်းစာအုပ်ကြီး တစ်အုပ်ထဲတွင် ဖြစ်လေ၏။ စိုးတင့်တို့ဖွင့်ထားသည့် 'အချော့တော်' စာအုပ်ဆိုင်လေးအရောက် ခေတ်ပေါ်မဂ္ဂဇင်းစာအုပ်ကြီးကို ယူဖတ်ကြည့်မိရာမှ နှင်းမိမိကို သတိထားမိခြင်း ဖြစ်၏။

လိပ်စာကို ဖတ်ကြည့်တော့ ဇောတိကရပ်ကွက်ထဲက ဖြစ်နေ၍ သူ ဝမ်းသာအားရ ဖြစ်ခဲ့ရ၏။ နှင်းမိမိတို့ရှိနေသည့် ရပ်ကွက်ဆီသို့ မယောင်မလည်သွားကာ စုံစမ်းခဲ့၏။ နှင်းမိမိတို့ အိမ်ကြီးက နှစ်ထပ်တိုက်ကြီးဖြစ်ပြီး ငွေကြေးဥစ္စာလည်း အတော်ကလေး ပြည့်စုံပုံပေါ်၏။

သူ နှင်းမိမိတို့ တိုက်ကြီးရှေ့ သုံးလေးခေါက် ဖြတ်လျှောက်ခဲ့ရာ တစ်ချိန်တွင် နှင်းမိမိကို တိုက်ကြီး၏အပေါ်ထပ် ဝရန်တာတွင် တွေ့လိုက်ရ၏။ တွေ့တွေ့ချင်း သူ မရှက်မကြောက်နှင့် ပြုံးပြခဲ့၏။

သူ့အပြုံးကြောင့် နှင်းမိမိ အံ့အားသင့်နေပုံပင်။ သူ့ကို ဝရန်တာက လှမ်းကြည့်ရင်း အိမ်ထဲကို အလျင်အမြန် ဝင်သွားခဲ့၏။ ထိုအချိန်မှစ၍ ချာလီတစ်ယောက် ရင်ထဲ စူးစူးရဲရဲ ခံစားတတ်လာ၏။

စိုးတင့်တို့ အချော့တော် စာအုပ်ဆိုင်ကလေးက နှင်းမိမိတို့ ဇောတိကလမ်းနှင့် မဝေးလှ။ ညတိုင်း စာအုပ်ဆိုင်ဆီသို့ ချာလီ ရောက်လာလေ့ရှိ၏။



www.burmeseclassic.com

စိုးတင့်က တလေးနှစ်ယောက်အပေ။ အရက်ကိုလည်းကြိုက်၏။ ဂီတကိုလည်း နှစ်သက်၏။ စာအုပ်ဆိုင် လူရှင်းလျှင် ဂီတာအိုလေးနှင့် သီချင်းတွေစပ်ပြီး ဆိုလေ့ရှိ၏။ ချာလီနှင့် ညီအစ်ကိုလို ဖြစ်နေသည်မို့ ချာလီလာလျှင် သူစပ်ထားသည့် သီချင်းတွေကို ဆိုပြလေ့ရှိ၏။

သူကလည်း နှင်းမီမီနှင့် ပတ်သက်ပြီး မေးကြည့်ခဲ့ဖူး၏။ ထိုအခါ စိုးတင့်က နှင်းမီမီ၏အကြောင်းကို ပြောခဲ့၏။

"ဟာ- အဲဒီကောင်မလေးက ငါ့ဆိုင်မှာ စာအုပ်လာလာငှားတာကွ။ တစ်ခါငှားရင် လေးငါးအုပ်။ စာတော်တော်ဖတ်တယ်။ ပြီးတော့ ဂီတလည်း ဝါသနာပါတယ်ကွ။ ဂီတာတောင်၊ တီးတတ်တယ်ကွ"

"ဟင်- ဟုတ်လား"

"မင်း ဘာဖြစ်လို့ မေးတာလဲ"

"ဟဲဟဲ ချစ်စရာကောင်းလို့ဗျ"

"ဟေ- ချစ်စရာကောင်းလို့။ ဟကောင် ကြည့်လုပ်နော်၊ အဲဒီကောင်မလေးရဲ့ အဘိုးကြီးက တအား ဒေါသကြီးတယ်ကွ။ သူ့သမီးကို ဘယ်သူမှ ကြည့်တာ မကြိုက်ဘူး"

"ဟုတ်လား"

"ပြီးတော့ အဘိုးကြီးက ကုမ္ပဏီလည်းရှိတယ်၊ ဘဝင်ပေါ့ကွာ။ ငါ့သူငယ်ချင်း ချစ်ဖေက သူတို့ကုမ္ပဏီမှာလုပ်တာ။ အဘိုးကြီးက သူ့သမီးကို ဥထားတာကွ"

"ကြိုက်သွားပြီဗျ"

"ဟေ- မင်းက ဘာကြိုက်တာလဲကွ"

"အဲဒီလို ဥထားတဲ့ အဆီအနှစ်ကိုမှ ချစ်ချင်တာဗျ။ ကိုစိုးတင့်၊ ကျွန်တော် ခင်ဗျားဆိုင်မှာ အလုပ်လုပ်မယ်ဗျာ"

"ဘာကွ- ငါတို့တောင် အနိုင်နိုင်ရှာစားနေရတာ မင်းကို ငါ. . ."

"ဟာ- မပူစမ်းပါနဲ့ဗျာ၊ ခင်ဗျား ကျုပ်ကို လုပ်ခပေးစရာမလိုဘူး။ ပြီးတော့ ခင်ဗျားဆိုင်ကိုချဲ့မယ်။ ကျွန်တော်ပါ အရင်းအနှီးထည့်မယ်ဗျာ"

"ဟေ- မင်း. . . မင်း တကယ်ပြောတာလား"

"တကယ်ပြောတာပေါ့ဗျာ။ နှင်းမီမီကြိုက်တဲ့ စာအုပ်တွေ အကုန်တင်မယ်။ ပြီးတော့ ကိုစိုးတင့်ဆီမှာ ကျွန်တော် ဂီတာတီးလည်း သင်မယ်ဗျာ"

"ကောင်းရောကွာ"

"လုပ်မယ်ဗျာ။ အိမ်ကလည်း ကျုပ်ကို အလုပ်လုပ်စေချင်တာဗျ။ ဒီတော့ ကျွန်တော့်အန်ကယ်ဆီက အရင်းအနှီးတောင်းမယ်၊ ဘယ်လိုလဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေး- အဲဒါကောင်းတယ်ကွ။ လုပ်ရင်လည်း မြန်မြန်သာလုပ်"

ချာလို့ရင်ထဲ နှင်းမိမိ၏ရောဂါက တရှိန်ရှိန် တက်လာ၏။ နှင်းမိမိဆိုသော အလှပဂေးလေးကို တာနေယကွဘီလူးလို မျိုလို့ရလျှင် မျိုထားလိုက်ချင်၏။ နှင်းမိမိကို မြင်မိသည့် အချိန်မှစ၍ ချာလီတစ်ယောက် အမှောင်တိုက်ထဲသို့ ဦးစိုက်ကျွမ်းပြန် ကျသွားသလို ခံစားနေရ၏။

သွားလည်း နှင်းမိမိ . . .

စားလည်း နှင်းမိမိ . . .

အိပ်လည်း နှင်းမိမိ . . .

နှင်းမိမိသည် သူ့အတွက် နေနှင့်လ။

နှင်းမိမိသည် သူ့အတွက် လေပြည်။

နှင်းထားသည့် မြေပြင်တို့ပင် နှင်းမိမိ၏ဒ. ၎ပ်များဟု ချာလီထင်မိ၏။ ထို့ကြောင့်လည်း အိမ်ပြန်ရောက်သည်နှင့် ဦးလေးဖြစ်သူထံ အမွေခွဲတော့၏။

"ဟေ- ဘာပြောတယ်၊ အမွေလိုချင်တယ် ဟုတ်လား"

"ဟဲဟဲ- အဲဒီလို တဲ့ကြီးတော့ မဟုတ်ဘူးပေါ့ အန်ကယ်ရယ်။ ဟဲဟဲ. . . အရွယ်ကလေးရတော့ ပြင်ရဆင်ရတော့မယ်ဗျ"

"ဘယ်လိုဖြစ်လို့တုံးကွ၊ ဧကန္တ မင်းတော့ ပယောဂပူးလာပြီထင်တယ်။ ဟကောင်၊ ငါ့ကို ရှင်းရှင်းပြောစမ်း"

"ဟာ- အန်ကယ်ကလည်း၊ ကျွန်တော် အလုပ်လုပ်ချင်ပြီလေ။ ဒီတော့ အရင်းအနှီး လိုလာပြီပေါ့ဗျာ"

"အလုပ်၊ မင်း အလုပ်လုပ်မယ်"

"ဟုတ်တယ်လေ။ ဒါကြောင့် ကျွန်တော် အန်ကယ့်ဆီမှာ တောင်းတာပေါ့။ အမေမသေခင် ပြောသွားတာပဲဗျာ၊ ပိုက်ဆံလိုချင်ရင် အန်ကယ့်ဆီ လက်ဖြန့်တောင်းဆို"

"အေးလေ အဲဒါတော့ ဟုတ်သကွ။ နေပါဦး၊ မင်းက ဘာလုပ်မှာလဲ။ ဘယ်လောက်လိုချင်သလဲပြော"

"ဟဲဟဲ- များများမဟုတ်ပါဘူး အန်ကယ်ရာ၊ သုံးသိန်းလောက်ပါ။ ကျွန်တော် ကိုစိုးတင့်ဖွင့်ထားတဲ့ ဆိုင်ကလေးကို တိုးချဲ့မယ်၊ အဲဒီမှာ ကျွန်တော် အလုပ်လုပ်တော့မှာဗျ"

"ဟေ- အင်း. . . မင်းပြောတာ ဆိုးတော့ မဆိုးဘူးကွ။ ဒါပေမယ့် ဖြစ်ပါ့မလား၊ စိုးတင့်က အရက်သမားကွ။ တော်ကြာ စာအုပ်ဆိုင် မဖွင့်လိုက်ရဘဲ အရက်ဆိုင်နဲ့တင် ပွဲပြီးသွားလိမ့်မယ်ထင်တယ်"

"စိတ်မပူပါနဲ့ အန်ကယ်ရာ၊ မသေချာမှုတွေကြားမှာ သေချာမှု တစ်ခုတော့ ရှိကောင်းပါရဲ့။ ကိုင်း- ဘယ်လိုတုံး၊ ကျွန်တော်ပြောတာ အန်ကယ် လက်ခံပြီ မဟုတ်လား"

"ဟင်း. . . ကောင်းကွာ"


www.burmeseclassic.com

www.burmeseclassic.com



တူတော်မောင် တောင်းဆိုလာတော့လည်း ပါတူး ခွင့်မပြု၍ မဖြစ်တော့။ နောက်ဆုံး စိုးတင့်ပါ အိမ်ခေါ်ပြီး အချေအတင် ပြောဆိုရလေ၏။ စိုးတင့်က ပါတူးကိုမြင်သည်နှင့် ဝေးဝေးကရှောင်သည့် လူစု။ ယခုတော့ ချာလီ အတင်းဆွဲခေါ်နေသဖြင့် ချာလည်ချာလည်နှင့် လိုက်ခဲ့ရ၏။

ပါတူးရှေ့ရောက်တော့ မခုတ်တတ်သည့် ကြောင်ကလေးလို ညောင်နာနာနှင့် ထိုင်နေ၏။ ပါတူးက စိုးတင့်ကို အမြဲတမ်း မကျေနပ်သည့် အမူအရာနှင့် နေပြခဲ့၏။ မျက်နှာကြောတင်းတင်း နေပြသည်မို့ စိုးတင့်တစ်ယောက် ရှောင်ဖယ်ရှောင်ဖယ် ဖြစ်နေရာမှ ချာလီကြောင့် မျက်နှာပူပူနှင့် အိမ်ပေါ်ရောက်လာ၏။

ပါတူးသည် ဆေးတံကြီးကို ဆေးထည့်ပြီး ဖွာနေ၏။ သူ့ဘေးနား စိုးတင့်ရောက်လာတော့ မျက်ထောင့်နီကြီးနှင့် ကြည့်လိုက်၏။ ချာလီက ဦးလေးဖြစ်သူရှေ့ထိုင်ကာ စပ်ဖြဲဖြဲနှင့် ပြောလိုက်၏။

"အန်ကယ်ပါတူး၊ ကို. . . ကိုစိုးတင့် လာပြီဗျ"

"အေး- မြင်သားပဲ၊ ငါ ဒီကောင်ကို အကဲခတ်နေတာကွ"

"ဗျာ- ဘာဖြစ်လို့လဲ ဦးပါတူး"

"မင်းပါးစပ်ပိတ်ထား၊ မေးခွန်းမထုတ်နဲ့။ ငါမေးတာပဲဖြေ"

"ဟာ- ဒါဆို အမေး နွားကျောင်းသား၊ အဖြေ ဘုရားလောင်း"

"ဘာကွ- ဟေ့ကောင် စိုးတင့်၊ မင်းက ဖောင်းဘောတွေ ကန်နေတာလား။ မင်းကို ငါ အဝါကတ်ပြတာ နှစ်ကြိမ်ရှိနေပြီနော်။ ဒီတစ်ကြိမ်ဆို အနီကတ် ထုတ်ရတော့မှာကွ"

"ဩော်- ဦးပါတူးက ဒိုင်လူကြီးကိုး။ ဟားဟားဟား ဘယ်နှပွဲလောက် ခေါက်ဆွဲစားခဲ့သလဲဗျ။ ကျွန်တော့်အထင်တော့ ခေါက်ဆွဲတင်မကဘူး ဘဲကင်တို့ မျောက်ချေးတို့လည်း စား. . ."

"တိတ်စမ်း- စိုးတင့်နော်၊ ကိုင်း- မင်းကို ငါမေးမယ် ဘာမေးခွန်းမှ ထပ်မမေးနဲ့"

"ကောင်းပါပြီဗျာ"

"ဟုတ်ပြီ၊ မင်းနဲ့ ချာလီက စာအုပ်ဆိုင်ကို တိုးချဲ့မလို့ဆို။ ပြီးတော့ ချာလီက မင်းဆိုင်မှာ အလုပ်လုပ်မယ်ဆို"

"သိပ်ဟုတ်တာပေါ့ ဦးပါတူးရာ။ ချာလီက အကြံကြီး ဉာဏ်ကြီးဗျ။ ကျွန်တော့်ဆိုင်ကို အင်တာနေရှင်နယ် စာအုပ်ဆိုင်ကြီးဖြစ်အောင် လုပ်မှာတဲ့။ အီးမေးလည်းချိတ်ပြီး အွန်လိုင်းကနေ ဖတ်နိုင်တဲ့ အဆင့်. . ."

"တိတ်- မင်းဥစ္စာက ဖရိုးကစ်တွေ များနေပြီ၊ စကားကို လျှော့ပြောစမ်း။ ဟုတ်ပြီ၊ ဒါဆို ငါ့တူက မင်းဆိုင်ရဲ့ ရှယ်ရာဝင်ဆိုတော့ ဒါရိုက်တာခန့်မှာလား ဒါမှမဟုတ် မန်နေဂျာခန့်မှာလား ပြောစမ်း။ စက္ကထရီတို့၊ ပြာတာတို့တော့ မခန့်နဲ့နော်"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ- ဦးပါတူးပြောတာနဲ့ ကျွန်တော့်ရဲ့ အချော့တော် စာအုပ်ဆိုင်ကလေးကနေ အချော့တော်စာအုပ်ဆိုင် ကုမ္ပဏီကြီး ဖြစ်နေပြီဗျ။ ထားပါတော့ဗျာ၊ ကြီးကြီးကျယ်ကျယ် ဖြစ်ချင်ရင် ကြီးကြီးကျယ်ကျယ် လုပ်ရမယ်ဆိုတဲ့ ဝါဒကို ကျွန်တော်တို့နှစ်ယောက် လက်ကိုင်ပြုထားတယ်ဗျ"

"ဟုတ်ပြီ၊ ဒါဆို ငါ့တူရဲ့အင်ကမ်း ဘယ်လောက်ရှိနိုင်မလဲ"

"ဗျာ- အလုပ်တောင် မလုပ်ရသေးဘူး။ အင်ကမ်းလုပ်နေပြီ"

"ဟာ- ဒါတော့ ပြတ်ပြတ်သားသား ရှိရမှာပေါ့ကွာ"

ဦးပါတူး၏စကားကြောင့် စိုးတင့် မှုန်ကုပ်ကုပ် ဖြစ်သွား၏။ ဦးပါတူးက အကျိုးမရှိသည့်အလုပ် ဘယ်တော့မှ လုပ်သူမဟုတ်မှန်း သိထား၏။ ဟုတ်တာမဟုတ်တာ ဘေးချိတ်၊ စိုးတင့်စိတ်ထဲ ထင်ရာ ကြိတ်လိုက်၏။

"ကောင်းပြီ၊ တစ်ပတ်ကို အင်ကမ်း တစ်သောင်းခွဲပေးမယ်။ ထမင်းကျွေးမယ်။ မိန်းမပါ ပေးစားမယ်"

"ဘာကွ- ဘာပြောတယ်။ စိုးတင့်၊ မင်းနော်"

"ဩော်- သဘောပြောတာပါဗျာ ဟဲဟဲ"

"တစ်ပတ် တစ်သောင်းခွဲ ဆိုတော့ တစ်လကို လေးပတ်။ လေးနဲ့မြှောက်တော့ ခြောက်သောင်း။ ထမင်းက မနက်ည နှစ်နပ်ဆိုတော့ တစ်နပ်ကို ငါးရာပဲတွက်၊ တစ်ထောင်။ တစ်နေ့တစ်ထောင်ဆိုရင် တစ်လ သုံးသောင်း။ ငါကြိုက်ပြီ၊ ရော့- ဟောဒီမှာ မင်းတို့လိုချင်တဲ့ သုံးသိန်း"

"ဗျာ"

ပိုက်ဆံသုံးသိန်းကို ဘတ်ခနဲ ထုတ်ပေးလိုက်၏။ စိုးတင့်ရော ချာလီပါ ပြူးကြောင်ကြောင် ဖြစ်နေ၏။ ဦးပါတူးက ပြောလျှင်ပြောလိုက်သည့်အတိုင်းလုပ်မှ ကျေနပ်သူဖြစ်၏။ ကတိတွေ ပေးလိုက်ရသော်လည်း စိုးတင့် မျက်ခုံးတလှုပ်လှုပ်။ ချာလီကတော့ ဝမ်းသာအားရ ဖြစ်နေ၏။

လမ်းပေါ်ရောက်တော့ စိုးတင့်၏ ညောင်နာနာ ပြာနှမ်းနှမ်းအသံ ထွက်လာ၏။

"မင်းဦးလေးက ပြဿနာကြီးနော်၊ သူပြောတဲ့အတိုင်း မလုပ်ရင် ငါ့ပါ ပြဿနာရှာမှာကွ"

"ဟာ- အဲဒီကိစ္စ ခေါင်းထဲက ထုတ်လိုက်စမ်းပါဗျာ။ အန်ကယ်ပါတူးက အမြဲတမ်း ရေဆာနေတဲ့လူဗျ။ ရေရရင် ကြိုက်တဲ့ပုံစံလုပ်ယူလို့ ရပါတယ်ဗျာ"

"ဟေ- ဒါဆို မင်းအန်ကယ်က ရွှံ့တုံးကြီးပေါ့"

"ဟဲဟဲ၊ ကိုင်း- အခု ဘာစလုပ်မလဲ"

"စာအုပ်တွေ ဝယ်မယ်၊ ဆိုင်ပြင်မယ်ကွာ"


www.burmeseclassic.com

www.burmeseclassic.com



"နေဦးဗျ ခေါင်းရှုပ်တယ်။ စားသောက်ဆိုင်တစ်ဆိုင်ဝင်ပြီး စားကြသောက်ကြရင် ကောင်းမလား"

"ဟေ- ကြည့်လုပ်နော်၊ တို့ ပြဿနာကြီး. . ."

"လာစမ်းပါဗျာ"

ချာလီ အတင်းဆွဲခေါ်နေသဖြင့် စားသောက်ဆိုင်ကြီးထဲဝင်ကာ စားသောက်လိုက်၏။ ပထမတော့ စိုးတင့်အသွင်က ရှုံ့နေ၏။ ကောင်တာနောက်မှ အရက်ပုလင်းတွေ မြင်သည်နှင့် ပြုံးပြုံးရွှင်ရွှင် ဖြစ်သွား၏။

ချာလီကတော့ ဘီယာသုံးခွက်၊ ခေါက်ဆွဲကြော်နှစ်ပွဲမှာပြီး စားသောက်လိုက်၏။

သောက်ရင်းစားရင်းနှင့် 'အချော့တော်' စာအုပ်ဆိုင်ကြီး တည်ဆောက်ရေးအတွက် စိတ်ကူးယဉ်ခဲ့ကြ၏။ စိုးတင့်က ထွေလာသည်နှင့် အာပေါင်အာရင်းသန်သန် ပြောလေ၏။

"ငါက အီးမေးလ်ချိတ်ချင်တာကွ။ နယ်ကလူတွေပါ အွန်လိုင်းပေါ်ကနေ ဖတ်နိုင်အောင်ပေါ့ကွာ"

"ဟာ- ခင်ဗျားကလည်း လုပ်ပြီဗျာ၊ ခင်ဗျားဘာသာခင်ဗျား အွန်လိုင်းမကလို့ အိုဗာလိုင်းချိတ်ချိတ် အရေးကြီးတာ နှင်းမိမိနဲ့ ချိတ်မိဖို့ပဲဗျ"

"ဟေ- အဲ အဲဒါ အွန်လိုင်းနဲ့ မဆိုင်ဘူးလေကွာ"

"ဒါက အင်လိုင်းလေ၊ ခင်ဗျားက ကျွန်တော်နဲ့ နှင်းမိမိကြားက ဆားကျေစ်ကြီးတစ်ခုပေါ့။ အင်လိုင်းသာဖြစ်သွားရင် နှင်းမိမိနဲ့ ကျွန်တော် အင်တာနက်မှာ လက်ထပ်ပစ်လိုက်မှာ"

"ဟေ- မင်းဥစ္စာက ကမ္ဘာကျော် အင်လိုင်းကြီးပဲကွ။ လုပ်ကွာ၊ ကြိုက်တာလုပ်"

"လောလောဆယ် အိမ်ကမိန်းမလက်ထဲမှာ ရေပြတ်နေပြီကွ၊ ရေလေးဘာလေး ကမ်းရမယ်။ ပြီးမှ ငါတို့အချော့တော်ကြီးကို တိုးချဲ့မယ်"

"လုပ်လေ"

နောက်ဆုံးတော့ သူတို့နှစ်ယောက် ဆိုင်ဘက်သို့ ပြန်ရောက်လာ၏။ စိုးတင့်မိန်းမ ရွှေမှုန်က မထုံတက်သေး။ စိုးတင့်ကိုမြင်တော့ စာအုပ်ဆိုင်ထဲမှ မီးဝင်းဝင်းတောက်မတတ် အကြည့်များနှင့် ကြည့်နေ၏။ စိုးတင့်သည် ဆိုင်ထဲဝင်လိုက်သည်နှင့် ဘရိတ်ဖမ်းနင်းလိုက်သည့်ကားပမာ အရှိန်တန့်သွား၏။ အိတ်ထဲကပိုက်ဆံကိုထုတ်ပြီး စားပွဲပေါ်တင်ပေးလိုက်၏။

"ဟောဒီမှာ သုံးသောင်း၊ ငါတို့နှစ်ယောက် ဒီဆိုင်ကို အင်လိုင်းနေရှင်နယ် စာအုပ်ဆိုင်ကြီးဖြစ်အောင် တိုးချဲ့တော့မယ်၊ ဒီတော့ အဲဒီ ပိုက်ဆံသုံးသောင်းကို လောလောဆယ်သုံးထား၊ အီးမေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ ချိတ်ပြီးရင် နိုင်ငံခြားဝင်ငွေတွေ ဝင်လာမှာကွ။ ဟဲဟဲ အဲဒီတော့မှ ဒေါ်လာကိုင်သုံးပေါ့ မိန်းမရာ"

"ဟင်း- တော့်ဘာသာတော် ဒေါ်လာပဲကိုင်ပါတော့၊ လောလော ဆယ် ပောာဒီ မြန်မာငွေလေးမရှိရင် ဈေးဝယ်လို့ရမှာ မဟုတ် ဘူး။ ကျွန်မ သွားပြီ"

"သွား သွား- မင်းတို့ လုပ်ချင်ရာ လုပ်ပေတော့"

ရွှေမှုန်ထွက်သွားတော့ စိုးတင့် ပက်လက်ကုလားထိုင်ပေါ် ဝင် ထိုင်လိုက်၏။ ချာလီသည် ဆိုင်ဇောင်တာတွင်ထိုင်ကာ စာအုပ်ဆိုင်အ ပြင်သို့ တစ်ချက်လှမ်းကြည့်လိုက်၏။

"ဟာ- ဟိုမှာ ဟိုမှာ"

"ဘာတုံးဟ"

"ဟိုမှာ လာနေပြီဗျ"

"ဘာလဲ သရဲလား၊ ငါ့ဆိုင်ကို သရဲတွေ တစ္ဆေတွေ မလာပါဘူး ကွ"

"ဟာ- ခင်ဗျားကလည်း၊ နှင်းမီမီလေး လာနေတာပြောတာဗျ"

"ဟေ- နှင်းမီမီ၊ ဒါဆို မင်းအချစ်ကလေးပေါ့"

"ဟာဗျာ"

ပြောသာပြောနေရသော်လည်း သူ့ရင်ထဲ အတွေးတွေ ဘောင် ဘင်ခတ်နေ၏။ ခြေတွေလက်တွေ အေးတိအေးစက် ဖြစ်လာသလိုလို၊ ရင်တွေ တလှပ်လှပ် ခုန်လာသလိုလို၊ မျက်ခုံးတွေ တဆတ်ဆတ်တုန်နေ သလိုလို ခံစားနေရ၏။

ထိုစဉ် ဆိုင်ထဲသို့ နှင်းမီမီတစ်ယောက် မခို့တရို့ ခြေလှမ်းကလေး နှင့် ဝင်လာလေတော့၏။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

"အချစ်သည်
ဘဝတစ်ခုလုံးကို အရင်းအမြစ်မကျန်အောင်
ပြောင်းပြန်လှန်ပစ်နိုင်စွမ်းရှိသည် ဆိုသော်လည်း
ပြောင်းပြန်လှန်အချစ်ကို
အချို့အချို့သော လူတို့က တေးသွားက
မှားရည်စက်လို မက်မက်မောမော ခံစားခဲ့ကြ၏"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

စာအုပ်စင်ကလေးဘေး တမော့မော့ လုပ်နေသော နှင်းမိမိကို ကြည့်ပြီး ချာလီ ရင်တုန်ပန်းတုန် ဖြစ်နေ၏။ စင်းဖြောင့်ဖြောင့် နှာတံလေး၊ ခွန်းကော့ကော့ မျက်တောင်ကလေး၊ ပြည့်ဖောင်းဖောင်း ပါးကလေးနှင့် အိတွဲတွဲ နှုတ်ခမ်းလေးများက သူ့အသည်းနှလုံးကို ခြေမွဆုပ်နယ်နေသလိုပင်။

ခုန်လိုက်သည့် ရင်ခုန်သံကလည်း အာဖရိကက ဗုံသံ ဆိုင်းသံအလား။ ထိုစဉ် သူ့စားပွဲနားကို နှင်းမိမိ ရောက်လာ၏။ သူ့ကို မရဲတရဲ ကြည့်ရင်း ပြောလိုက်၏။

"ရှင်. . . ရှင် ဆိုင်ရှင်သစ်လား"

"ဗျာ- ဟုတ်. . . ဟုတ်တယ်လေ၊ ကျွန်တော့်နာမည် ချာလီပါ။ အချော့တော်ဆိုင်ရဲ့ ရှယ်ရာဝင်ပေါ့ဗျာ။ မနှင်းမိမိ ကြိုက်တာ ရွေးလေ၊ ဈေးလည်း လျှော့ပေးမှာပေါ့ဗျာ"

"ရှင်. . . ရှင် ကျွန်မကို သိနေတယ်"

"ဟာ- သိတာပေါ့ဗျာ၊ ကျွန်တော် မသိဘူးဆိုတာ မရှိဘူး။ ကိုင်း- ရှာနေတဲ့စာအုပ် တွေ့လား၊ မတွေ့ရင် ကျွန်တော်ကိုယ်တိုင် ရှာမယ်။ ဆိုင်မှာမရှိရင် ရှိတဲ့ဆိုင်တွေမှာ ကျွန်တော် ရှာပေးမယ်"

"ရှင်- ဟို ရှင်. . . ရှင် ဘာတွေပြောနေတာလဲ"

"ဗျာ- ဘာဖြစ်လို့လဲ"

"ရော့- ဟောဒီစာအုပ်တွေမှတ်လိုက်၊ စာအုပ်ဖိုးပါ ရှင်းသွားမယ်"

"ဟာ- ရပါတယ်ဗျာ၊ မနှင်းမိမိအတွက်ဆို ကျွန်တော်ချာလီ ဘာလုပ်ပေးရပေးရပါဗျာ"

"ရှင် စကားတွေ အပိုမပြောနဲ့- ရော့"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

နှင်းမီမီ၏အသွင်က ဆောင့်ကြီးအောင့်ကြီး။ စာအုပ်ကို စားပွဲပေါ်သို့ ဆောင့်တင်လိုက်ပြီး ငါးရာတန်တစ်ရွက်ပါ စားပွဲပေါ်တင်လိုက်၏။

ချာလီသည် နှင်းမီမီ၏ ဝင်းစိုစို မျက်နှာကလေးကို တစ်ချက်မော့ကြည့်လိုက်၏။ သူ့တစ်ကိုယ်လုံး ရေခဲရေတွေနှင့် ဖျန်းချလိုက်သလို အေးခနဲ စိမ့်ခနဲ ခံစားလိုက်ရ၏။

"ရှင့် ဘာကြည့်နေတာလဲ၊ လုပ်စရာရှိတာ လုပ်လေ"

"ဩော်- ဟုတ်ကဲ့၊ မနှင်းမီမီက စိတ်တိုတတ်တယ်နော်။ စိတ်တိုရင် ရုပ်ပျိုစားဗျ၊ ရုပ်ပျိုက ဆီးဝမ်းမှန်တယ်။ စိတ်ထဲက ဒေါသတွေပါ. . ."

"ဘာ- ဘာတွေလဲ၊ ကဲ- မှတ်ပြီးပြီလား၊ ပိုက်ဆံပြန်မအမ်းနဲ့တော့"

"ဟင်"

စာအုပ်တွေကို ဖွတ်ကြီးအစမ္ဘဆွဲယူသွားသော နှင်းမီမီကိုကြည့်ပြီး ချာလီ ပါးစပ်အဟောင်းသားဖြစ်၍ ကျန်ခဲ့ရ၏။ မာနတလူလူ တက်နေသော နှင်းမီမီ။

သူ့ကို ဆက်ဆံသွားပုံက မတူမတန်သည့်အလား။ မျက်စောင်းကြီး တထိုးထိုး၊ နှုတ်ခမ်းကြီး တစူစူ၊ အာစလျှာစကလည်း မီးဟုန်းဟုန်းထ တောက်မတတ်။

စိတ်ထဲ နင့်ခနဲ ခံစားလိုက်ရ၏။ ရက်စက်လွန်းလှသော နှင်းမီမီ။ ရင်ခုန်သံတွေ ကျိုးပဲ့သွားခဲ့ရ၏။ ကြည်နူးမှု၊ သာယာမှုတွေ အစအနပင် မရှိတော့။

တစ်ယောက်တည်း ပေါက်ပေါက်ကွဲကွဲ ဖြစ်နေစဉ် စိုးတင့်က မူးမူးနှင့် ပက်လက်ကုလားထိုင်ပေါ် ဟောက်နေ၏။ သူ့အပေါ် စီးစီးပိုးပိုး ဆက်ဆံသွားခဲ့သော နှင်းမီမီ။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း စားပွဲကို ဒုန်းခနဲ မြည်အောင် ထုလိုက်မိ၏။

"ဒုန်း"

"ဘာ. . . ဘာဖြစ်တာလဲဟ"

"ကိုစိုးတင့်ကလည်း အရေးထဲ ဟောက်နေရသေးသဗျာ။ ဒီမှာ နှင်းမီမီ လာပြီး သောင်းကျန်းသွားပြီဗျ"

"ဟေ- ဘာ. . . ဘာ မင်းကို သေနတ်နဲ့ ထုတ်ပစ်သွားလို့လား"

"ဟာဗျာ- နှင်းမီမီက တော်တော် မာနကြီးတဲ့ ကောင်မလေးပဲ။ ကျွန်တော့်ကို မကျေမချမ်းနဲ့ ဆက်ဆံသွားတယ်ဗျ။ လူကို မတူသလို မတန်သလိုနဲ့။ ရင်ထဲကို အောင့်သီးအောင့်သက် ခံစားလိုက်ရတာဗျာ"

"ဟေ- ဟုတ်လား၊ မသိပါဘူးကွာ ငါလည်း မူးမူးနဲ့ အိပ်ပျော်သွား


www.burmeseclassic.com

www.burmeseclassic.com



တာကွ"

ချာလီ့စကားကြောင့် စိုးတင့် ပက်လက်ကုလားထိုင်ပေါ်မှ အိပ်ချင်မူးတူး ထလာ၏။ အိတ်ကတ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ထုတ်ကာ မီးညှိ ဖွာရှိုက်ရင်း သူ့ရှေ့ထိုင်ခုံတွင် ဝင်၍ ထိုင်လိုက်၏။

ချာလီ့အသွင်က မှုန်ကုပ်ကုပ်။ စိုးတင့်သည် သူ့ကို စပ်ဖြဲဖြဲပြုံးရင်း ပြောလိုက်၏။

"အဲဒါ အကောင်းဆုံးပေါ့ ချာလီရာ"

"ဘာဗျ- ခင်ဗျားကလည်း ဘာတွေပြောနေတာတုံး"

"မှတ်ထား ချာလီရ၊ အသည်းထိသွားမှ ငြိတာကွ"

"မဟုတ်သေးဘူးဗျ၊ သူက ကျွန်တော့်ကို ဂရုမစိုက်ဘူး။ သူက ကုပ်ခွစီးပြီး ပြောသွားတာ"

"အောင်မလေးကွာ- ခံလိုက်စမ်းပါ ချာလီရာ။ မှတ်ထား ချာလီရ၊ လွယ်လွယ်ရတဲ့ကိစ္စက ဘယ်တော့မှ မကောင်းဘူးကွ။ အေး- နှင်းမီမီဟာ မင်းကို ချိုးချိုးဖွဲ့ဖွဲ့ ဆက်ဆံသွားတယ်။ မာနကြီးတယ်။ ဘဝင်မြင့်တယ်။ ဟုတ်ပြီ၊ အဲဒီလိုစိတ်မျိုးရှိတဲ့သူကို မရရအောင် ယူရတယ်ကွ။ အဲဒါ မင်းရဲ့အရည်အချင်းပဲ"

"ဗျာ"

စိုးတင့်စကားကြောင့် ချာလီ တွေဝေသွား၏။ သူ့ရင်ထဲ ထိရှသွားသည့် ခံစားမှုက ခံစားရခက်လှသော်လည်း ခုထိ တသသ စွဲငြိနေသလိုပင်။ အချစ်သည် ခါးသီးမှုမှ အစပြုလေသလား။ ထိုအကြောင်းအရာကို စိုးတင့်ထံ ရင်ဖွင့်လိုက်၏။

"ကိုစိုးတင့်၊ အချစ်ဆိုတာ ခါးသက်သက်ပဲလားဗျ"

"ဟာ- ခါးတာမှ ကြက်ဟင်းခါးကို ဆေးခါးနဲ့ချက်ပြီး မျောက်ချေးမှုန့် ဖြူးထားသလိုပဲကွ"

"ဗျာ"

"ဟဲဟဲ- ငါပြောတာ မလွန်ပါဘူးကွာ။ မှတ်ထား ချာလီ၊ ခါးတဲ့အရသာဟာ အဝင်ဆိုးပေမယ့် တန်ဖိုးကကြီးပါ့ကွာ။ ဆေးဆိုတာ ခါးလေ အာနိသင်ကောင်းလေကွ။ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီးတို့ဆိုလည်း စားရတာ ခါးပေမယ့် ကျန်းမာရေးအတွက် ကောင်းတယ်။ ဒီလိုပဲ အချစ်ဆိုတာ ခါးလေ မင်းအတွက် အဖိုးဖြတ်မရလေဘဲကွ"

"ဒီ. . . ဒီစကား သေချာရဲ့လားဗျာ"

"သိပ်သေချာတာပေါ့ကွာ။ စိတ်ကူးမလွဲနဲ့၊ ဆက်သာလုပ်ပေ တော့။ မဖြစ်တော့ဘူးလို့ ထိုင်ချလိုက်ရင် အဲဒါ မင်းရဲ့အမှားပဲကွ"

"မထိုင်ဘူးဗျာ၊ အဲဒီ နှင်းမီမီအချစ်ကို ကျွန်တော် ရအောင်ယူမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ကွာ၊ မင်းကောင်မလေးက မာနကြီးတယ်ဆိုတော့ အဓမ္မ ချဉ်းကပ်ရင် မင်း ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြစ်သွားနိုင်တယ်ကွ။ ဒီတော့ ငါပြောသလို မင်းလုပ်"

"ဘာလုပ်ရမှာလဲ"

"အေး- နှင်းမီမီက 'မ'၊ မကိုချစ်ရင် ဥလည်း ချစ်ရမှာပေါ့ကွ"

"ဟင်- ဥ၊ ဘယ်ကဥလဲဗျ"

"ဟာ- ဥဆိုတာ နှင်းမီမီရဲ့အဖေလေကွာ။ အဲဒါ မင်းရဲ့ဥကြီးပဲကွ"

"အဲဒီဥကြီး ဘာလုပ်ရမှာလဲဗျ၊ ကြော်စားပစ်လိုက်ရမှာလား"

"ဟာကွာ- နှင်းမီမီအဖေကို မင်းက ဘာများမှတ်နေသတုံးကွ"

"ပုဏ္ဏားကြီးလား"

"ဟာ- ဒီကောင် ငါပြောတာ နားထောင်။ နှင်းမီမီအဖေက 'နှင်း' စာအုပ်ထုတ်လုပ်ရေး ကုမ္ပဏီကြီး ထူထောင်ထားတာကွ။ အဲဒီမှာ သူက ဒါရိုက်တာကြီးလေ။ သူက စာရေးဆရာတွေနဲ့ နပန်းလုံးနေတာကွ"

"ဗျာ- ဘာဖြစ်လို့လဲ၊ သူ့အဖေက စာရေးဆရာတွေနဲ့ နပန်းချတာဆိုတော့ ကေန္တ စာပေနပန်းစင်ကြီး ထူထောင်မလို့နဲ့တူတယ်"

"ဟကောင်- ငါပြောတာ နားထောင်။ ငါပြောတာ စာရေးဆရာတွေဆီက စာမူယူ၊ စာအုပ်ထုတ်ပြီး တစ်ပြည်လုံး ဖြန့်နေတာကွ။ ပြောရရင် စာပေဟဲဗီးကြီးပေါ့ကွာ"

"ဟုတ်လား"

"အေး- အမြဲတမ်း တိုက်ပုံကြီး တကားကား၊ လွယ်အိတ်ကြီး တလွယ်လွယ်။ ဟိတ်ဟန်ကတော့ စူပါစတားကြီးကွ။ ဒါပေမယ့် တိုက်ကထုတ်တဲ့ စာရေးဆရာတွေကို ညှစ်တဲ့နေရာမှာ ပုဆိုးရေညှစ်တာကမှ ရေကျန်ဦးမယ်၊ သူ့တိုက်က လွင့်လာတဲ့ စာရေးဆရာဆို မုန့်ကြိုးလိမ်တစ်ပိုင်း ဖြစ်နေပြီကွ"

"ဟင်- ဒါဆို သူက စာပေမုန့်ကြိုးလိမ် လုပ်ရောင်းစားတာပေါ့"

"ဟုတ်ပ။ မင်းဝင်ချင်ရင် အဲဒီလိုင်းက ဝင်လို့ရတယ်ကွ။ မင်း စာရေးစာဖတ် ဝါသနာမပါဘူးလား"

"ဟာ- နှင်းမီမီနဲ့ ပတ်သက်ရင် မပါလည်း ပါရမှာပေါ့ဗျာ။ ဘာလဲ၊ ကျွန်တော် စာရေးဆရာလုပ်ပြီး အဲဒီပုဂ္ဂိုလ်ကြီးဆီ ချဉ်းကပ်ရမှာလား"

"ဒါပေါ့ကွာ၊ ခုဆို မင်းဟာ စာအုပ်ဆိုင်ရှယ်ယာဝင်ကြီး ဖြစ်လာပြီကွ။ ဒီတော့ မင်း စာပေနဲ့ နီးစပ်လာပြီပေါ့ကွာ"

"ဟုတ်သားဗျ။ အိုကေ၊ နှင်းမီမီအတွက် ကျွန်တော် စာရေးဆရာလုပ်ပြီဗျာ"

"လုပ်စမ်းကွာ"



www.burmeseclassic.com

www.burmeseclassic.com


ထိုအချိန်မှစပြီး ချာလီတစ်ယောက် အိုင်ဒီယာတွေ ပြောင်းလဲသွား၏။ စာအုပ်ဆိုင်တွင်ထိုင်ကာ တွေ့သမျှ စာအုပ်တွေဖတ်လိုက်၊ စာတွေရေးလိုက်၊ ကဗျာတွေရေးလိုက်နှင့် ထင်သလိုကြဲလေတော့၏။

အံ့ဩဖွယ်ကောင်းသည်မှာ နှင်းမီမီကို အရိပ်အယောင်ပင် မမြင်ရတော့ခြင်း ဖြစ်၏။ နှင်းမီမီတို့အိမ်က အိမ်ဖော်မလေးတစ်ဦးသာ ဆိုင်သို့လာလာပြီး စာအုပ်ရှာတတ်၏။

ချာလီ့စိတ်ထဲ သောကကြီးတစ်ခုကို ပိုက်ထားရသလိုပင်။ နှင်းမီမီ၏ရက်စက်မှု ကမ်းကုန်သွားသလိုပင်။ ရင်ထဲ တသသ ခံစားနေရ၏။

အိမ်ပြန်ရောက်လျှင်လည်း တော်တော်နှင့် မအိပ်နိုင်။ အိပ်ခန်းထဲ မီးဖွင့်ကာ တတ်သမျှ မှတ်သမျှတွေ ရေးနေ၏။ ဦးပါတူးသည် ချာလီ၏ ပြောင်းလဲသွားသော အိုင်ဒီယာကို နားမလည်နိုင်အောင် ဖြစ်နေ၏။

ချာလီ၏အသွင်က ထူးထူးခြားခြား ပြောင်းလဲလာ၏။ ဆံပင်တွေ ရှည်ထွက်လာ၏။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေ မျက်နှာပေါ်မှာ ဖွာလန်ကြဲလာ၏။ ပုဆိုးတိုတို၊ တိုက်ပုံတကားကား၊ လွယ်အိတ်ကြီး တလွယ်လွယ်၊ လက်ကြားမှာ စီးကရက်တွေ ဆေးလိပ်တွေပင် ညှပ်တတ်လာ၏။

ပြောင်းလဲသွားသော တူတော်မောင်၏ အခြေအနေကိုကြည့်ပြီး ဦးပါတူး မှုန်ဝါးဝါး ဖြစ်နေ၏။ တစ်ရက်တွင် အိပ်ခန်းထဲမှ စာအုပ်တစ်အုပ်နှင့် ထွက်လာသော တူတော်မောင်ကို ကြည့်ပြီး အံ့ဩနေ၏။

ချာလီ၏ပါးစပ်က ပွစိပွစိ။ ထိုင်ခုံပေါ် ကားကားကြီး ထိုင်ရင်း တောင်ကြည့်မြောက်ကြည့် ကြည့်ပြီး တစ်ခုခုကို တွေးတောနေသည့်ပုံ။

"ဟကောင်၊ မင်း ဘယ်လိုဖြစ်နေသတုံးကွ"

"ဟင်- ဘာလဲ အန်ကယ်၊ ကျွန်တော် ဘယ်လိုဖြစ်နေပြီလို့ ထင်သတုံးဗျ"

"ဟေ- ငါတော့ မင်းပုံစံကို စဉ်းစားမရတော့ဘူးကွ"

"ဟဲဟဲ- အဲဒါ အိုင်ဒီယာပဲ အန်ကယ်ရာ၊ လူဆိုတာ ပြောင်းလဲခြင်းအောက်မှာ ပုံသေကြီး ထိုင်ချလိုက်လို့ မဖြစ်ဘူးလေ"

"ဟေ- ဘာတွေတုံးဟ"

"ခက်တယ် အန်ကယ်၊ လိုချင်ရင် ပေးဆပ်ရမှာပဲ။ လွယ်လွယ်နဲ့မရတဲ့ အကြောင်းအရာတွေထဲမှာ အချစ်လည်းပါတယ်ဗျ။ ဘဝကို အတိုင်းအဆမရှိ ကန်ကျောက် ဖြိုခွဲသွားတာ အချစ်ပဲ။ မှောင်နေတဲ့ညကို ပြောင်းပြန်လှန်ပစ်လိုက်တာ အချစ်ပဲ။ ငုပ်ကောင်ဖြစ်နေတဲ့ ဒုက္ခဟာ အချစ်အတွက် ကာတင်ထိုးရမယ့် ကိန်းတစ်ခုပဲဗျာ"

"တော်. . . တော်ပါတော့၊ ဘာတွေ ရွတ်နေသတုံးဟ"

"အန်ကယ်"

"ဟေ- ဘာတုံး၊ ဘာတွေ ရွတ်ဦးမလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com


"ကျွန်တော် ကဗျာတစ်ပုဒ် စပ်ထားတယ်။ အန်ကယ် နားစွင့်ကြည့်စမ်းဗျာ"

"ဘာတွေ၊ နားစွင့်ရမယ်"

"ဟုတ်တယ်၊ ကဲ- နားထောင်ဗျာ"

ပြောပြောဆိုဆိုနှင့် ရှည်လျားလှသော စာရွက်ကြီးကို ဖြန့်ကာ အောက်ပါအတိုင်း အသံပြာတာတာနှင့် ရွတ်လေတော့၏။

"ဟောဒီ ရင်အုံကြီးကို
တအုန်းအုန်းနဲ့
မြည်ကြွေး ပေါက်ကွဲသွားစေနိုင်တဲ့
ရင်ဘတ်ခွဲ ဗုံးတစ်လုံး
ငါ မျိုချလိုက်ပြီ နှင်းမိမိ။
ပုရွက်ဆိတ်တွေ လမ်းလျှောက်သလို
စိတ်တွေ ရှုစိရှုစိ
ဘဝတွေ ရှုစိရှုစိ
မှောင်နေတဲ့ညကြီး
ဂျိုးဂျိုးဂွှပ်ဂွှပ်နဲ့
ကြေမွသွားစေတဲ့ နှင်းမိမိ။
ယုံကြည်ချက် ဓားအစင်းစင်း
ကျောခင်းထားတဲ့ နှလုံးသားမှာ
တစ်ချောင်းပြီးတစ်ချောင်း မြုပ်ဝင်သွားခဲ့။
ငါ မနှုတ်တော့ဘူး နှင်းမိမိ။
မင်းကြောင့် ပြာကျသွားတော့မယ့်
ရင်ဘတ်ကြီးမှာ
မင်းပုံတွေ တစ်ပုံကြီးပဲ
ငါ မနှုတ်တော့ဘူး နှင်းမိမိ"

ကဗျာကို ဖတ်ပြရင်း ဦးလေးလုပ်သူကို တက်တက်ကြွကြွ မေးလိုက်၏။ ဦးပါတူးခမျာ မောင်းချောက်မှန်သည့် မျောက်တစ်ကောင်လို မရှိုးမရွ ဖြစ်နေ၏။

"ဘယ်လိုတုံး အန်ကယ်ကြီးရဲ့"

"ဘာတွေလဲ ရင်ဘတ်တွေ၊ ဗုံးတွေ၊ ဓားတွေ၊ နှင်းမိမိတွေနဲ့ ရှုပ်နေတာပဲကွာ"

"ဟုတ်တယ်။ အဲဒီလို ရှုပ်ထွေးမှုနောက်မှာ နှင်းမိမိ ခြေသံတွေ အန်ကယ် မကြားလိုက်ဘူးလား။ ဟော- လာနေပြီ၊ ခြေသံတွေ ရွှရွှကလေးဗျ"

"ဟင်- သွားပြီ"

ဦးပါတူးတစ်ယောက် ဘာကို နားလည်ရမှန်းပင် မသိတော့။ တူ


www.burmeseclassic.com

www.burmeseclassic.com

တော်မောင် ချာလီမှ ဟုတ်ရဲ့လားပင် ဇဝေဇဝါ ဖြစ်နေ၏။ ချာလီကတော့ သူ့ကဗျာကို အထပ်ထပ်အခါခါရွတ်ရင်း ပီတိတွေဖြစ်ကာ အခန်းထဲဝင်သွား၏။

တစ်အောင့်အကြာ ချာလီ အိပ်ခန်းထဲမှ စူးစူးရဲရဲ အော်သံကို ကြားလိုက်ရ၏။

"အောင်ပြီ. . . အောင်ပြီကွ"

"ဗုဒ္ဓေါ"

တူတော်မောင်၏ အော်သံကြောင့် ဦးပါတူးတစ်ယောက် စိုးရိမ်တကြီး ဖြစ်နေ၏။ ထိုအချိန် ချာလီမှာ နေ့မအိပ် ညမအိပ် ပြုစုထားသည့် စာတွေ၊ ကဗျာတွေကို ဖိုင်ကြီးတစ်ခုထဲ ချိတ်တွဲကာ အိမ်ထဲမှ ထွက်လာ၏။ ကိုယ်ပေါ်က တိုက်ပုံမှာလည်း နံဟောင်နေပြီ ဖြစ်၏။ ထီးကောက်ကြီးတစ်ချောင်းကိုလည်း ဘယ်က တောင်းလာမှန်းမသိ။

"အန်ကယ်၊ ကျွန်တော် သွားဦးမယ်"

"ဟေ- သွားတော့မလား၊ သွား. . . သွားလေ။ ဘယ်သွားမှာလဲ၊ အဝီစိလား"

"ဟာ- အန်ကယ်ကလည်း ကျွန်တော် စာရွတ်ကုန်းကို သွားမယ်လေ"

"ဘာကွ၊ ဘယ်က စာရွတ်ကုန်းတုံးကွ။ ဧကန္တ ဘုန်းကြီးကျောင်းထင်တယ်။ သွားသွား စာရွတ်ရုံတင်မကဘူး ဘုန်းကြီးပါ ဝတ်လိုက်ကွာ"

"ဟာ- အန်ကယ်ကလည်း၊ ဟဲဟဲ ဒါတွေက နှင်းမိမိအတွက်လေ"

"နှင်းမိမိ. . . ဘာတုံးဟ၊ ငါတော့ ရူးချင်ပြီကွာ။ သွားပေတော့ ချာလီရေ၊ သွားပေတော့"

ချာလို့စကားကို ကြာကြာ နားမထောင်ဝံ့တော့။ ထို့ကြောင့်လည်း အမြန် တွန်းထုတ်လိုက်ရ၏။ ချာလီသည် လွယ်အိတ်ကြီး တလွယ်လွယ်၊ ထီးကောက်ကြီး ချိုင်းကြားညှပ်၍ မြို့ထဲရှိ စာရွတ်ကုန်းသို့ ရောက်လာ၏။

စာရွတ်ကုန်း ဆိုသည်မှာ စာရေးဆရာ၊ ကဗျာဆရာ၊ ထုတ်ဝေသူများ ရုံးဖွဲ့စုဝေးရာ လမ်းဘေးလက်ဖက်ရည်ဆိုင်ကလေး ဖြစ်၏။

ချာလီ ဆိုင်ထဲဝင်သည်နှင့် စာရေးဆရာတွေရော ထုတ်ဝေသူတွေပါ လန့်ဖျပ်ကုန်၏။ ချာလီလာလျှင် စာရွတ်သံတွေ ပို၍ ညံလာ၏။ တံတွေးတစဉ်စဉ်နှင့် တက်တက်ကြွကြွ ရွတ်နေသော ချာလီကို တချို့က တစ္ဆေသရဲတစ်ကောင်လို ဖြစ်နေကြ၏။

သူလာလျှင် စာရွတ်ကုန်းကြီးတစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်ကုန်၏။ ရွတ်လိုက်သည့်စာတွေကလည်း ဝါရင့်စာရေးဆရာကြီးများပင် နားတွေအူထူ ဆွံ့အ,သွားနိုင်၏။ ချာလီလာလျှင် အပျော်ကြီးပျော်နေသူတ ဆိုင်ပိုင်ရှင် ယူဒွတ်။



www.burmeseclassic.com

www.burmeseclassic.com


ချာလီက သောက်ထားသမျှကို အကုန်အကျခံကာ သူ့စာတွေကို စာရေးဆရာအားလုံး နားထောင်စေ၏။ ယခုလည်း ဆိုင်ထဲဝင်လိုက်သည်နှင့် ဦးပါတူးရှေ့ ရွတ်ပြခဲ့သည့် ကဗျာကြီးကို လေသံ ဖွာကျယ်ကျယ်ကြီးနှင့် ရွတ်ပြလိုက်၏။

တချို့လည်း လက်ဖက်ရည်ကို အလျင်အမြန်သောက်၍ ထလစ်သွားကြ၏။ တချို့ကလည်း တွေ့သမျှမုန့် ပလုတ်ပလောင်းဝါး၍ နသားပါးရားလုပ်ကာ ထပြန်သွား၏။

ထိုအထဲ ချာလီ့ဒဏ် အခံရဆုံးက မဂ္ဂဇင်းများစွာကို တည်းဖြတ်သုတ်သင်နေသော ဆရာကြီး ပလ္လင်ခံပင် ဖြစ်၏။ လူကြီးဆိုတော့လည်း ထပြန်လို့မဖြစ်။ ချာလီကလည်း ဦးပလ္လင်ခံကို တွေ့လိုက်သည်နှင့် လက်ဖက်ရည်၊ မုန့်၊ ဆေးလိပ် စသည်တို့နှင့် ပြုစုပြီးသား။ ဦးပလ္လင်ခံမှာလည်း လက်ဖက်ရည်တွေ၊ မုန့်တွေ တနင့်တပိုး ဝါးထားစားထားသဖြင့် ချာလီ့ရှေ့ အီလည်လည်ကြီး ဖြစ်နေ၏။

"ဘယ်လိုတုံး ဆရာပလ္လင်ခံရဲ့၊ ကျွန်တော့်ကဗျာတွေ လက်ရာမြောက်ရဲ့လား။ ဒါ မော်ဒန်ထဲမှာ ပို့စ်ကို နည်းရောထားတာလေ။ ရစ်သမ်မှာ ဘားသုံးလေးခု ဟထားတာဗျ"

"ဟေ- ဟုတ်လား၊ ဆန်းလှချည်လားကွ"

"ဟုတ်တယ်၊ ဒါကို 'နှင်းမီမီနဲ့ အလင်းမဲ့ ရင်ဘတ်'လို့ နာမည်ပေးထားတယ်ဗျ။ ရင်ဘတ်ပြီးရင် ရင်ကြောတို့၊ ရင်ညွှန့်တို့ လာဦးမှာ"

"ဟုတ်လား၊ မင်းဥစ္စာ တော်တော် ဖောက်ခွဲထားတာပဲကွ။ ကိုင်း- ဘာကူညီရမလဲ ပြောစမ်း"

"ဒီလိုဗျ၊ ဟောဒီကဗျာကို အပိုင်းပိုင်းအစစခွဲပြီး ဆရာကိုင်ထားတဲ့ မဂ္ဂဇင်း ဆယ့်နှစ်အုပ်ထဲမှာ တစ်ပိုဒ်စီ ခွဲထည့်မယ်ဗျာ"

"ဟေ- ဘာ. . . ဘာဖြစ်လို့လဲဟ"

"ဟာ- အဲဒါ ပို့စ်ပဲလေ၊ ပို့စ်ဆိုတာ ပိုဇရှင်ကအစ တော်လှန်ပစ်လိုက်တာဗျ။ နှင်းမီမီဟာ မဂ္ဂဇင်း ဆယ့်နှစ်အုပ်ထဲမှာ အပိုင်းပိုင်း အစစ ဖြစ်သွားစေချင်တယ်"

"ဗုဒ္ဓေါ- ဒါ. . . ဒါဆို အဲဒီ နှင်းမီမီကို ဝက်သားခုတ်တဲ့ဓားနဲ့ နုပ်နုပ်စဉ်းပစ်လိုက်ပေါ့ကွာ"

"ဗျာ- ဟဲဟဲ ဆရာကြီးကလည်း"

"သဘောပြောတာကွ၊ အဲဒီလို စဉ်းကောကောထားတဲ့ မင်းရင်ဘတ်ကြီးကို နှင်းမီမီ သိသွားမှာပေါ့"

"ဝှတ်- သိပ်ကောင်းတယ်ဗျာ။ ဒါဆို ဆရာကြီးကိုပဲ အဲဒီစာမူ ပေးလိုက်မယ်။ ကိုင်း- ယူဒွတ်ရေ၊ ပိုက်ဆံရှင်းမယ်ဟေ့"

ယူဒွတ် အပြေးရောက်လာ၏။ စားပွဲပေါ်မှ မုန့်တွေ၊ လက်ဖက်ရည်ခွက်တွေတွက်ပြီး ပြောလိုက်၏။ ချာလီကတော့ ပြုံးစိစိ။ အိတ်ထဲက


www.burmeseclassic.com

www.burmeseclassic.com


ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ပြီး ဆရာကြီးပလ္လင်ခံကို နှုတ်ဆက်ကာ ထွက်သွားလေ၏။

ချာလီထွက်သွားမှ ပလ္လင်ခံလည်း သက်ပြင်းချနိုင်၏။ သူ့ဘေးတွင် ထိုင်နေကြသော မော်ဒန်ဆရာကြီးများဖြစ်သည့် မုန်တိုင်း၊ ဒါသ၊ မဂနတို့လည်း ရှူးကြောင်ကြောင်နှင့် ကျန်ခဲ့ကြ၏။

"ဟူး. . . တော်တော်ထွေးတဲ့ကောင်ပဲကွာ။ ဘယ်လိုလဲ မုန်တိုင်းရ မင်းရဲ့ အချစ်ဖရီးနီးယားစာတွေ မရွှတ်တော့ဘူးလား"

"တော်ပြီဗျာ၊ ဟိုကောင် ဘာတွေ လုပ်သွားမှန်း မသိဘူး။ သူလုပ်တာနဲ့ ကျွန်တော်တို့အားလုံး အမှောင်ကျသွားပြီဗျ"

"ကောင်းရောကွာ၊ အဲဒီလိုကောင်မျိုးတွေဟာ စာပေလောကအတွက် လိုကိုလိုအပ်တယ်ကွ"

"ဟင်- ဆရာပလ္လင်ကလည်းဗျာ"

"ဟာ- အမှောင်ဆိုတာ အလင်းရှိလို့ ဖြစ်လာတာကွ။ ဒီတော့ ဆန့်ကျင်ဘက်တွေ မရှိဘဲ ဘာမှဖြစ်မလာဘူးကွ"

"အဲ- ဟုတ်သားပဲ၊ ဒါကြောင့် ဆရာပလ္လင်ဟာ နာမည်ကြီးတာပေါ့။ ဟားဟားဟား စောစောက တွယ်လိုက်တာ ဗိုက်ကိုပြည့်သွားတာပဲဗျာ။ ဒီကောင် အမြဲ လာပါစေလို့ ဆုတောင်းရမှာပဲ"

"ဒါပေါ့ကွာ၊ ဟားဟားဟား"

သူတို့လူသိုက် အကြီးအကျယ် ဟားတိုက်နေစဉ် ချာလီတစ်ယောက် စိုးတင့်နှင့်အတူ နှင်းစာအုပ်ထုတ်ဝေရေး ကုမ္ပဏီသို့ ယောင်လည်လည် ရောက်လာ၏။ နှင်းစာအုပ်ထုတ်ဝေရေးတိုက်တွင် စိုးတင့်၏ သူငယ်ချင်း စာရေးဆရာ ချစ်ဖေ အလုပ်လုပ်နေ၏။

ချစ်ဖေကိုမြင်တော့ သူတို့နှစ်ယောက် တိုက်ထဲကို ရဲရဲရင့်ရင့် ဝင်လာကြ၏။

"ဟေ့ကောင် ချစ်ဖေ"

"ဟာ- စိုးတင့်၊ လာကြကွာ"

ချစ်ဖေက တိုက်ထိုင်အယ်ဒီတာ၊ သူ့စားပွဲပေါ်တွင် စာအုပ်ပုံတွေ တစ်ပုံတစ်ခေါင်း။

စိုးတင့်သည် ချာလီကို ချစ်ဖေနှင့် မိတ်ဆက်ပေးလိုက်၏။ ချာလီသည် စီးကရက်ဘူး တစ်ဘူးကို ချစ်ဖေရှေ့ တိုးပေးလိုက်၏။

"သောက်ဗျာ ဆရာချစ်ဖေ"

"ဟာ- အားနာစရာကြီး"

"သောက်စမ်းပါဗျာ၊ စာပေသမားအချင်းချင်းပဲဟာ"

"ဟုတ် ဟုတ်ကဲ့၊ ဒါထက် ကျွန်တော့်ကို ဟိုတစ်ခါပြောထားတဲ့ ကိစ္စလား ကိုစိုးတင့်"

"ဟုတ်တယ်ကွ။ ဟောဒီ ချာလီက စာအုပ်ထုတ်ချင်တာ။ အဲဒါ


www.burmeseclassic.com

www.burmeseclassic.com


မင်းရဲ့ဘော့စ်နဲ့ တွေ့ပေးလိုက်စမ်းပါကွာ"

"ရပါတယ်ဗျာ၊ ဒါဆို ခုချက်ချင်း တွေ့လိုက်ပါလား"

"ကောင်းသားပဲ"

"ဒါဆို ထ၊ သူ့အခန်းဘက် သွားရအောင်။ ဘော့စ်နာမည်က ဦးမိုးလုံးချမ်းသာတဲ့။ နည်းနည်း ဒေါသကြီးတယ်နော်။ စကား ပြောရင် လိုရင်းပြောဗျာ"

"စိတ်ချပါဗျာ"

ချစ်ဖေက သူ့ကို ဘော့စ်နှင့် ပတ်သက်ပြီး ညွှန်ကြားချက်တွေ ပေးခဲ့၏။ ဦးမိုးလုံးချမ်းသာ အခန်းက တကယ့် နန်းတော်ကြီးအလားပင်။

စားပွဲကြီးကလည်း ပေါ်လစ်ရောင်နှင့် ပြောင်လက်နေ၏။ တီဗွီ တွေ၊ ကက်ဆက်တွေ၊ မတ်တတ်ပန်ကာတွေ၊ စာအုပ်တွေကလည်း အခန်း ထဲ အစီအရီ။ အဲယားကွန်း ဖွင့်ထားသည်မို့ အခန်းထဲဝင်လိုက်သည်နှင့် အေးစိမ့်စိမ့် အထိအတွေ့ကို ခံစားလိုက်ရ၏။

စားပွဲကြီး၏ နောက်ဘက်တွင် ဦးမိုးလုံးချမ်းသာ ထိုင်နေ၏။ ကော့ စမိတ်ရောင်နှင့် ပြောင်လက်နေသော ဦးမိုးလုံးချမ်းသာက ခြေသံကြောင့် ပါဝါမျက်မှန်ကြီးအောက်မှ သူတို့နှစ်ယောက်ကို မျက်လုံးပြူး၍ ကြည့်လိုက် ၏။

ထိုအချိန် စားပွဲကြီးဘေးတွင် ကောင်မလေးတစ်ယောက် ကွန်ပျူ တာစကရင်ဖွင့်ကာ စာတွေဖတ်နေ၏။ အမျိုးသမီးငယ်လေးကို မြင်လိုက် သည်နှင့် ချာလီ မရိုးမရွ ဖြစ်နေ၏။ သူမြင်လိုက်သည့် မိန်းမချောလေးက နှင်းမိမိပင် ဖြစ်၏။

နှင်းမိမိသည် သူ့ကိုမမြင်။ ကွန်ပျူတာစကရင်ကိုသာ မဲဖတ်နေ ၏။ ထိုစဉ် ဦးမိုးလုံးချမ်းသာ၏ စကားသံ ထွက်လာ၏။

"ဘာကိစ္စတုံး မောင်ချစ်ဖေ"

"ဟုတ်ကဲ့၊ ဟောဒါ စာရေးဆရာ၊ ကဗျာဆရာ ကိုချာလီမိပါ ဘော့စ်"

"ဟေ- ချာလီမိ၊ နာမည်က အဆန်းပါလားကွ"

"ဟုတ်ကဲ့၊ ဟဲဟဲ နာမည်အရင်းက ချာလီပါ။ နောက်က မိဆိုတာ ဟဲဟဲ. . . ."

"ကောင်းတယ် ကောင်းတယ်"

ချာလီမိ ဆိုသော အသံကြောင့် ကွန်ပျူတာခုံရှေ့ ထိုင်နေသော နှင်းမိမိ လှည့်ကြည့်လာ၏။ ချာလီကို မြင်သည်နှင့် မျက်လုံးကြီး ပြူးသွား ၏။ ချာလီကတော့ နှင်းမိမိကို မြင်သည်နှင့် ပြုံးပြလိုက်၏။

ထိုစဉ် သမီးဘက်ကို လှည့်ပြုံးပြနေသဖြင့် ဦးမိုးလုံးချမ်းသာ မကျေ မနပ် ဖြစ်သွား၏။

"ဒီမှာ စကားပြောနေတာ ဘယ်ငေးနေသတုံး"


www.burmeseclassic.com

www.burmeseclassic.com


"ဩော်- ဟဲဟဲ ပြောပါဦး"
"ဘာ"
"ဟို. . . ဟိုဒင်း ဒီလိုပါ"
"ဘာတုံးကွာ။ ကိုင်း- ပြော၊ ဘာလာလုပ်တာလဲ။ လာလည်တာလား၊ လာလည်ရင် ပြန်တော့။ ကျုပ်က အချိန်ကို တန်ဖိုးထားတာ"
"ဒီလိုပါ ခင်ဗျာ၊ ကျွန်တော် ဒီကိုရောက်လာတာ ကျွန်တော် ဟောဒီ ရင်အုံထဲက အကျိတ်အခဲတွေကို ဖွင့်ချရေးသားထားတဲ့ စာတွေ ထုတ်ဝေချင်လွန်းလို့ပါ။ ဖြစ်နိုင်ရင် အင်တာနက်ချိတ်ပြီး တစ်လမ်းလုံးကို ဖြန့်ချင်ပါတယ်။ အခု- အဲ ဦးတို့တိုက်က အွန်လိုင်းတို့၊ အင်လိုင်းတို့. . ."
"ဘာတွေလဲကွာ. . . ဟော့ကောင် ချစ်ဖေ၊ ဒီလူက ဘာလဲ"
"ဟဲဟဲ စာရေးဆရာ ချာလီမီလေ"
"တော်စမ်း- ငါ ပေါက်ကွဲလာပြီနော်"
"ဩော်- အဲလေ ဦးကလည်း၊ ဒီလောကကြီးကို စိုးမိုးနေကျ ရင်ဘတ်တရားတွေကို ကျွန်တော် ပြုစုထားတာဗျ။ ပြောရရင် ရင့်ဘတ်ကျမ်းပေ့ါ ခင်ဗျာ"
"ဘာကွ- ရင်ဘတ်ကျမ်း၊ ကြားတောင် မကြားဘူးပါလား"
"ဟုတ်ပါတယ်၊ ဟို. . . ဟိုဒင်း"
"ဘာလဲကွ၊ ဘယ်သူ့ကြည့်တာလဲ"
"ဩော်- ဟို အမျိုးသမီး လှလှလေးတွေ ခံစားလို့ရအောင် ရေးထားတဲ့ ရင်ဘတ်ကျမ်း"
"တိတ်စမ်း- မောင်ရင် ဘာယီးတီးယားတား လာလုပ်တာလဲ။ မောင်ရင် ရူးနေသလား၊ ပြောစမ်း"
"ဩော်- ဦးကလည်း၊ ပုထုဇနော ဥမ္မတ္တကောလေ။ ရူးနိုင်လေလေ အောင်မြင်လေလေပဲ။ ခုလည်း ဟောဒီ ရင်ဘတ်ကျမ်းကြီးထဲမှာ ကျွန်တော့်ရဲ့ ရူးသွပ်မှုတွေ ထုချေ၊ ထုဆစ်၊ ထုခွဲ"
"တော်ပါတော့ဟာ၊ ကိုင်း- ခေါ်သွားတော့ကွာ ချစ်ဖေ။ မင်း မခေါ်ရင် ငါနဲ့ ဒီလူ ထပြီး နပန်းသတ်ရလိမ့်မယ်"
"ဖြစ်ပါတယ် ဦးရာ၊ ဦးဟာ စာပေနပန်းစင်ကြီး ထူထောင်ပြီး စာရေးဆရာတွေနဲ့ နပန်းသတ်နေတယ်ကြားလို့ ကျွန်တော် ရောက်လာတာပါ"
"ဘာကွ- တိတ်စမ်း"
"ဟာ- ကိုချာလီမီ၊ လာပါဗျာ။ ခင်ဗျား ဘာတွေပြောမှန်းလဲ မသိဘူး"
"ဟင်"


www.burmeseclassic.com

ချစ်ဖေ သူ့ကို အတင်း ဆွဲခေါ်နေသဖြင့် ယက်ကန်ယက်ကန်နှင့် အခန်းထဲမှ ထွက်ခဲ့ရ၏။ အယ်ဒီတာ ချစ်ဖေခမျာ မျက်နှာလေး ဆီးရွက် သာသာပင် ရှိတော့၏။ စိုးတင့်နားလည်းရောက်ကော လက်ကုတ်ပြီး ဆိုင်အပြင်ဘက်သို့ ဆွဲခေါ်ခဲ့ရ၏။

"ဘာ. . . ဘာဖြစ်တာလဲဟ"

"ဟာ- ဒီလူ ဘာတွေပြောမှန်း မသိဘူး"

"ဟင်- ချာလီ၊ မင်း ဘာတွေလုပ်. . ."

"ဟဲဟဲ ရင်ဖွင့်ခဲ့တာပေါ့ဗျာ"

"ဟေ"

လက်ဖက်ရည်ဆိုင်ရောက်တော့ ချစ်ဖေက ဇာတ်စုံခင်းပြလိုက်၏။ ချာလီကတော့ ခပ်ပြုံးပြုံးပင်။ စိုးတင့်မှာ မျက်လုံးအပြူးသား ဖြစ်နေ၏

"ဟော့ကောင် ချာလီ၊ မင်းကွာ ဘာတွေလျှောက်ပြောနေတာ လဲကွ"

"ရင်ဘတ်ပြသနာလေ။ ပြီး. . . ပြီးတော့ ကျွန်တော် နှင်းမိမိကို အဲဒီအခန်းမှာ တွေ့လိုက်ရတယ်ဗျ၊ ပျော်လိုက်တာဗျာ"

"ဟော"

နှင်းမိမိ ဆိုသော စကားကြောင့် ချစ်ဖေ ခေါင်းထောင်လာ၏။ လက်ကြီးတကာကာနှင့် ချာလီကို ပြောလိုက်၏။

"ဟာ- မလုပ်နဲ့၊ အဲ. . . အဲဒါ မီးခဲဗျ မီးခဲ။ ဒုက္ခပါပဲဗျာ၊ ခင်ဗျား တို့ ဘယ်လိုအကြံအစည်နဲ့ ကျုပ်ဆီ ရောက်လာတာလဲဗျ။ ခင်ဗျား တို့လုပ်တာနဲ့ ကျုပ် အလုပ်ပြုတ်လိမ့်မယ်ဗျ"

"အဲဒီလောက်လည်း မစိုးရိမ်ပါနဲ့ ကိုချစ်ဖေ၊ ဒီကောင်က အဲဒီ နှင်းမိမိရောဂါတက်နေလို့ဗျ"

"ဗျာ- ဒုက္ခပါပဲဗျာ၊ အဲ. . . အဲဒါ မီးခဲဗျ မီးခဲ။ ဘော့စ်က နှင်းမိမိ ကိုထိရင် မီးပွင့်သွားမလားတောင် အောက်မေ့ရတာဗျ။ ကျွန် တော်တောင် ရုံးခန်းထဲ ဘယ်လိုမျက်နှာနဲ့ ဝင်ရမှန်း မသိပါဘူး ဗျာ"

"ဘာဖြစ်လို့လဲဗျ၊ ကျွန်တော်ပြောတာ ဘာတစ်ခုမှ မလွန်ပါဘူး ဗျာ။ ကျွန်တော် နှင်းမိမိကို ချစ်တယ်လို့ ပြောတောင် မပြောရ သေးပါဘူး"

"ဟာ- အဲဒီစကား တိုးတိုးပြောပါဗျာ။ အောင်မယ်လေး၊ ကြားရ တာနဲ့ မျက်စိတွေ နားတွေ ထူပူနေပြီဗျာ။ တော်ပြီ၊ သွား. . . သွားတော့မယ်"

"ဟာ- နေပါဦး"

"မနေရဲတော့ဘူးဗျာ"

"ဟာ- ဒုက္ခပါပဲ"



www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာ ချစ်ဖေတစ်ယောက် လက်ဖက်ရည်ဆိုင်မှာ ကြာကြာ မထိုင်ရဲ။ လက်တကာကာ ခေါင်းတခါခါ လုပ်ပြီး ထပြေးလေတော့၏။ ချာလီမှာ ရင်ထဲ တင်းတင်းကျပ်ကျပ်ကြီး ခံစားနေရ၏။

စိုးတင့်မှာလည်း သူငယ်ချင်းချစ်ဖေ၏ သုတ်သီးသုတ်ပျာ ဖြစ်နေသော အခြေအနေကြောင့် တအံ့တဩ ဖြစ်နေ၏။ နောက်ဆုံး စာအုပ်ဆိုင်ဆီသို့ ပြန်လည် ရောက်ရှိလာ၏။

ချာလီသည် သူ့လက်ထဲမှ ရင်ဘတ်ကျမ်းကြီးကို စားပွဲပေါ်သို့ ပစ်တင်လိုက်ပြီး စိတ်ပျက်လက်ပျက်နှင့် ထိုင်ချလိုက်၏။

"ဟူး. . . စိတ်ညစ်တယ်ဗျာ၊ ဒီရင်ဘတ်ကျမ်းကြီးကို ကျွန်တော် လေးငါးဆယ်ရက် ပြုစုခဲ့တာ ကိုစိုးတင့်ရ။ ဘာလုပ်ရမလဲဗျာ၊ ဒါဟာ နှင်းမီမီကို ချစ်မိရာက ရင်ထဲက ခံစားချက်နဲ့ ရေးထားတာဗျ။ ဘာလုပ်ရမလဲ၊ ကျွန်တော် ထိုင်ချလိုက်ရတော့မလား"

"ဟာ- မင်းကလည်းကွာ၊ ဒီကိစ္စဟာ အဓိက အကြောင်းအရာ မဟုတ်ပါဘူးကွာ။ အဲဒီလို အခက်တကာ့ အခက်တွေနဲ့ ကြုံပြီးမှ ရလာတဲ့ အချစ်ဟာ တန်ဖိုးရှိပါတယ်ကွာ။ စိတ်မလျှော့စမ်းပါနဲ့"

"ဒါဆို ကျွန်တော် ဘာလုပ်ရမလဲ"

"ဟာ- နှင်းမီမီ ရှိနေမယ့်နေရာကိုသွား၊ အဲဒီမှာ လျှောက်ပြန်သံပေးလုပ်ကွာ။ သူသိဖို့ အဓိကပဲ၊ မင်းရဲ့ ဒုက္ခသုက္ခတွေ သိလာရင် မင်းကို သနားလာမှာပဲ။ အေး- အဲဒီလို သနားလာပြီဆိုရင် မင်း ပိုင်ပြီလို့သာမှတ်ကွ"

"ဟာ- ခင်ဗျား နည်းဗျူဟာကလည်း ရိုးအီနေပြီဗျာ။ ဒါထက် ဆန်းတဲ့နည်းဗျူဟာ မရှိဘူးလား"

"ဟေ- ခက်ပါ့ ချာလီရာ၊ လောကကြီးမှာ အရိုးဆုံးတွေက အမြဲတမ်း အောင်ပွဲခံနေတာကွ။ စိတ်ကူးမလွဲစမ်းပါနဲ့ကွာ"

စိုးတင့်က အတင်းအဓမ္မ ပြောဆိုနေသည်မို့ ကျလုလုစိတ်ဓာတ်တွေ ပြန်လည်တက်ကြွလာ၏။ နှင်းမီမီမှာ စာအုပ်ဆိုင်ကို လာမည်လည်း မထင်တော့။ ထို့ကြောင့်လည်း နှင်းမီမီတို့အိမ်နား မယောင်မလည် သွားခဲ့၏။

ထိုအချိန် အိမ်ရှေ့သို့ ကားကြီးတစ်စင်း ဝေါခနဲ ထိုးဆိုက်လာကာ ကားထဲမှ ဦးမိုးလုံးချမ်းသာ ဆင်းလာ၏။ အိမ်ဘေးပလက်ဖောင်းပေါ်တွင် ငူငူကြီးရပ်နေသော ချာလီကိုတွေ့တော့ ဦးမိုးလုံးချမ်းသာ ပေါက်ကွဲသွား၏။ သူ့ဆီ ဒေါင်းတည်မောင်းတည်နှင့် လျှောက်လာ၏။

"ဟကောင်၊ မင်း. . . မင်း ဘာလာလုပ်တာလဲ"

"ဟာ- ဥ၊ အဲ- ဦးပါလား"

"ဟုတ်တယ်၊ မင်း ဒီကို ဘာလာလုပ်ပြန်ပြီလဲ"

"ဩော်- ဟို. . . ရင်ဘတ်ကျမ်း"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကွ- မင်းကွာ"

"ဦးက တော်တော် ဒေါသကြီးတာပဲနော်။ ဒေါသကြီးရင် အသက်တိုတယ် ဦးရ။ ဒေါသအစား လောဘတို့ မောဟတို့ ကြီးပေါ့ဗျာ၊ ဟဲဟဲ. . ."

"ဟကောင်- မင်း အချုပ်ထဲရောက်သွားချင်သလား။ ဒီအပိုင်းမှာ ငါ လက်ဖျောက်တီးလိုက်ရင် မင်း ကျွမ်းပစ်သွားမယ်"

"ကျွမ်းပစ်တာပဲ ဦးရယ်၊ သွေးပူလေ့ကျင့်ခန်းတောင် ဖြစ်သွားတာပေါ့။ စိတ်လျှော့ပါ ဦးရယ်၊ ဦးနဲ့ကျွန်တော်ဟာ အခု အမျိုးမတော်ရပေမယ့် နောင် အမျိုးတော်ရင်တော်ရ. . ."

"တိတ်- တိတ်တော့"

"ဗျာ"

"အေး- မင်း ခုချက်ချင်း လှည့်ပြန်မလား၊ မပြန်ဘူးလားပြော။ မပြန်ဘူးဆိုရင်. . ."

"ဦးလေး လိုက်ပို့မလို့လား"

"ဘာကွ- မင်းက လူကြီးကို မခန့်လေးစားနဲ့ကွာ။ မှတ်ထားကွ၊ မိုးလုံးချမ်းသာတို့က ပွဲကြမ်းပြီဟေ့ဆို နောက်မဆုတ်ဘူးကွ"

"ဟာ- ဦးလေးက အတော့်ကို ပေါက်ကွဲနေတာပဲ။ ဒီပုံဆို ကျွန်တော်နဲ့ နပန်းတောင် ဖက်သတ်မယ့်ပုံပါလား"

"ကိုင်း- ပြောစမ်း၊ အလဲအကွဲလား သရေလားပြော"

"ဟဲဟဲ တော်ပြီဗျာ၊ နပန်းချတယ်ဆိုတာ လူမိုက်တွေမှုလုပ်တာ"

"ဟေ- ဟကောင် မင်း. . . မင်း"

ချာလီတစ်ယောက် ဦးမိုးလုံးချမ်းသာကို အူလည်ချာလည် ပြောကာ အိမ်ရှေ့ပက်လက်ဖောင်းပေါ်မှ သုတ်ခြေတင်ခဲ့၏။ ဦးမိုးလုံးချမ်းသာမှာ မကျေမချမ်းနှင့် ခုန်ဆွခုန်ဆွဖြစ်၍ ကျန်ခဲ့၏။

စာအုပ်ဆိုင်ပြန်ရောက်လာတော့ စိုးတင့်ကို ပြုံးပြုံးပြပြနှင့် တွေ့လိုက်ရ၏။

"ဟကောင် ချာလီ၊ မင်း. . . မင်း ဘယ်သွားနေတာလဲကွာ"

"ဟာ- ကိုစိုးတင့်ပြောလို့ အသံသွားပေးတာလေ"

"ပြဿနာပဲကွာ၊ ငါ့. . . ငါ့ဆီကို ဘယ်သူလာသွားတယ် ထင်သလဲ"

"ဘယ်သိမှာလဲဗျ"

"အေး- ငါ့ဆီကို ချစ်ဖေ ရောက်လာတယ်။ ဒီကောင်လည်း အလုပ်ပြုတ်သွားပြီကွ။ ပြီးတော့ ဒါထက် ပိုထူးတာ နှင်းမိမိကိစ္စပဲ"

"ဗျာ- နှင်းမိမိ၊ ဘာ ဘာဖြစ်လို့လဲ။ ကျွန်တော့်ကို ချစ်တော့သတဲ့လား"

"ဘယ်ကဟုတ်ရမှာလဲကွ၊ အဲဒီ နှင်းမိမိဟာ ဦးမိုးလုံးချမ်းသာရဲ့

www.burmeseclassic.com

www.burmeseclassic.com

တတိယမြောက်မိန်းမတဲ့ကွ"

"ဗျာ- ဟို. . . သားအဖဆို"

"ဘယ်ကလာ၊ မင်းသွားလုပ်လို့ နှင်းမီမီပါ နယ်ပြန်ပို့လိုက်ပြီတဲ့ကွ"

"ဗျာ- ဒီ. . . ဒီစကားတွေ တကယ်လားဗျာ"

"ဟာ- ငါ ညာပြောပါ့မလား၊ မကြိုးစားပါနဲ့တော့ကွာ"

"ဟင်"

ကြားလိုက်သော စကားကြောင့် နှင်းမီမီကို အစွဲလမ်းကြီး စွဲလမ်းခဲ့သည့် ချာလီတစ်ယောက် ဦးမိုးလုံးချမ်းသာနှင့် နပန်းမချရဘဲ ဒူးထောက်အလျှော့ပေးလိုက်ရလေတော့၏။

ooo


www.burmeseclassic.com

www.burmeseclassic.com

"ပထမ အချစ်သည် အပျော်
ဒုတိယအချစ်သည် အနစ်ပဟု
တချို့ ဆိုကြ၏"

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ရုတ်ခြည်းပြောင်းလဲသွားသော အခြေအနေကိုကြည့်ပြီး ဦးပါတူး အံ့ဩနေ၏။ မျက်နှာပေါ်မှ မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးတွေလည်း မရှိတော့။ လွယ်အိတ်တွေ၊ ထီးတွေလည်း ဘယ်ဆီရောက်ကုန်ပြီမသိ။

လူပုံက ကြည်လင်လာသော်လည်း မျက်နှာကြီးက မှိုင်တိုင်တိုင်၊ မှုန်တုန်တုန်။ အလုပ်လည်း မသွားတော့။ ဦးပါတူးသည် တူတော်မောင်ကိုကြည့်ပြီး နားမလည်နိုင်အောင် ဖြစ်နေ၏။

"မင်းဘာဖြစ်ပြန်ပြီလဲကွ၊ အလုပ်မဆင်းတော့ဘူးလား"

"ဆင်းမှာပေါ့ အန်ကယ်ရာ။ စိတ်ထဲ နုံးတုံးတုံး ဖြစ်နေလို့"

"ဟော- ဘာဖြစ်ပြန်ပြီလဲ"

"ဒါတွေ မမေးပါနဲ့ အန်ကယ်ကြီးရာ။ ကျွန်တော် ဘုန်းကြီးဝတ်ချင်တယ်၊ ကျွန်တော့်ကို ဘုန်းကြီးသာဝတ်ပေး"

"ဘာကွ- ဘုန်း. . . ဘုန်းကြီးဝတ်မယ်"

"ဟုတ်တယ်၊ ကျွန်တော် ဘုန်းကြီးဝတ်မယ်"

"ဘာဖြစ်ပြန်ပြီလဲကွာ၊ ဘာလဲ ဘုန်းကြီးလောကကို သွားဒုက္ခပေးမလို့လား ပြောစမ်း"

"ဒီလို မဟုတ်ပါဘူးဗျာ၊ ကျွန်တော် တကယ်ဝတ်ချင်လို့ပါ"

"ဟေ့ကောင်၊ မင်း မဟုတ်မဟတ်တွေတော့ မကြံစည်စမ်းပါနဲ့ကွာ။ တော်ကြာ အကုသိုလ်တွေ ပွထလာဦးမယ်"

"တကယ်ပြောတာ အန်ကယ်ကြီးရဲ့၊ ကျွန်တော် လူတွေနဲ့ စကားမပြောချင်ဘူးဗျာ။ ဖြစ်နိုင်ရင် မိန်းကလေး ချောချောလေးတွေဆိုလှည့်တောင် မကြည့်ချင်တော့ဘူး။ ဒီတော့ ကျွန်တော် ဘုန်းကြီးဝတ်မယ်။ အန်ကယ်ကြီးလည်း ကုသိုလ်ရအောင် ဘုန်းကြီးဝတ်



www.burmeseclassic.com

ပေးဗျာ"

"ရော- ခက်ပါ့လား၊ မင်းဥစ္စာ ငွတ်ကြီးပါလားကွ။ ကိုင်း- မင်း ဒီလောက် ဝတ်ချင်ရင် ငါဝတ်ပေးမယ်။ ဒါပေမယ့် မင်း ဘယ်နှရက်ဝတ်မှာလဲ"

"ပျော်သလောက်ပေါ့ ဦးရာ"

"ဟေ- မင်း တကယ် ပျော်နိုင်ရဲ့လား"

"ကြိုးစားရမှာပေါ့"

ချာလီ ဖြန်းစားကြီး ပြောလိုက်သည့် စကားကြောင့် ဦးပါတူးတစ်ယောက် နားဝေတိမ်တောင် ဖြစ်သွား၏။ သူ့စိတ်ထဲ ချာလီမှာ စာရေးဆရာကြီးတစ်ယောက် ဖြစ်တော့မည်ဟု ယုံကြည်မိခဲ့၏။

ယခုတော့ ဘယ်လိုကဘယ်လို စိတ်ကူးပေါက်ပြီး ဘုန်းကြီးဝတ်ဖို့ဆုံးဖြတ်ခဲ့ပါလိမ့်။ ချာလီသည် သူ့အတွက်တော့ ပဟေဠိဆန်လွန်းလှ၏။

နောက်ဆုံး သင်္ကန်းတစ်စုံနှင့် ပရိက္ခရာများ ဝယ်ယူကာ ချာလီကိုခေါ်၍ အနောက်ဘက် ရပ်ကွက်အစွန်ရှိ ဘုန်းတော်ကြီးကျောင်းတွင် ဦးပဥ္စင်းဝတ်ပေးရန် ခွင့်ပန်ခဲ့၏။

ကျောင်းထိုင်ဆရာတော်ကြီးကလည်း ဦးပါတူးနှင့် ခင်မင်နေ၍ ချာလီကို ချက်ချင်းပင် သင်္ကန်းဆီးပေးခဲ့၏။

ဦးပဥ္စင်းချာလီမှာ သင်္ကန်းဝတ်လိုက်သည့်အချိန်မှစ၍ တကယ့်ဝါတော်ရ ဆရာတော်ကြီးတစ်ပါးအလား ထင်မှတ်မှားရ၏။ ဦးပါတူးမှ သင်္ကန်းဝတ်နှင့် တူတော်မောင် ဦးပဥ္စင်းကို ကြည့်ပြီး ယခု စိတ်ချရပြီဟု တွေးကာ ပီတိဖြစ်လျက်ရှိ၏။

နောက်ဆုံး ဝတ္တုပစ္စည်းများကို လှူဒါန်း၍ ကျောင်းကြီးပေါ်မှ ပြန်ခဲ့လေ၏။ ဦးပဥ္စင်းချာလီမှာ ကျောင်းအနောက်ဘက် ဇရပ်ကြီးပေါ်တွင် ကပ္ပိယမောင်ငွေနှင့် အတူနေထိုင်ရ၏။

မောင်ငွေက သူနှင့် မတိမ်းမယိမ်း။ စကားလည်း ပေါက်တီးပေါက်ရှာ ပြောတတ်သလို မဟုတ်မဟတ်လည်း လုပ်တတ်၏။ မောင်ငွေကို ကျောင်းထိုင်ဆရာတော်ကြီးက အမြဲတမ်း ဆူပူကြိမ်းမောင်းခဲ့၏။

မောင်ငွေက အမှတ်သည်းခြေ မရှိ။ ဆရာတော် လစ်ပြီဆိုတာနှင့် ရပ်ကွက်ထဲသွားကာ ယမကာသုံးလေးခွက် မော့တတ်၏။ မောင်ငွေက ဆရာတော့်တူဖြစ်နေ၍ တချို့ ကပ္ပိယတွေက မပြောရဲ။

ဦးပဥ္စင်းချာလီ ရောက်လာတော့ မောင်ငွေ ဝမ်းသာအားရဖြစ်နေ၏။ ဦးပဥ္စင်းချာလီမှာ မောင်ငွေ့အိုင်ဒီယာကြည့်ပြီး ရင်ထိတ်နေရ၏။ ဆွမ်းခံကြွပြီဆိုလျှင် မောင်ငွေက သူ့ဘေး ဆွမ်းတောင်းကြီး တစ်လောင်းနှင့် ပါလာတတ်၏။ ထိုအခါမျိုးဆိုလျှင် တစ်လမ်းလုံး ပေါက်တီးပေါက်ရှာတွေ ပြောတတ်ဆိုတတ်သဖြင့် ဆရာတော်ကြီး မသိအောင် ဣန္ဒြေမနည်း ထိန်းခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တွင် သူတို့ကျောင်းဝင်းထဲသို့ ကားလေးတစ်စီး ထိုးဆိုက်လာကာ ကားပေါ်မှ အမျိုးသမီးငယ်တစ်ဦးနှင့် အမျိုးသမီးဝဝကြီးတစ်ဦး ဆင်းလာ၏။ ထိုအချိန် ဆရာတော်ကြီးမှာ ပဲခူးဘက် ကြွသွားသည်မို့ ကျောင်းမှာ သူလို ဦးပဉ္စင်း သုံးလေးပါးသာ ရှိ၏။ မောင်ငွေက ကျောင်းနံဘေးတွင် ထင်းခုတ်နေ၏။

ဦးပဉ္စင်းချာလီသည် ကျောင်းပေါ်တက်လာသည့် ဒကာမများကို ကြည့်ရင်း ရင်တထိတ်ထိတ် ဖြစ်နေ၏။ ထိုစဉ် ဒကာမ ဝဝကြီးက သူ့ကို ဦးတိုက်ပြီး လျှောက်ထားလာ၏။

"ဆရာတော်ကြီး ပဲခူးကြွသွားတယ်ဆိုတော့ ဦးပဉ္စင်းလေးတို့ပဲ တပည့်တော်မတို့အိမ်ကို ကြွပါဘုရား။ တပည့်တော်မ ခင်ပွန်းသည် သုံးနှစ်ပြည့် ဆွမ်းကပ်ချင်လို့ပါဘုရား"

လျှောက်ထားလာတော့လည်း ဦးပဉ္စင်းချာလီ မငြင်းနိုင်။ ခက်တာက ယခုလိုပွဲမျိုး သူတစ်ခါမှ မနွှဲဖူးဘူး။ ထိုစဉ် သူ့အနား ကပ္ပိယမောင်ငွေ ရောက်လာ၏။

"ဟော- အန်တီဝါကြီးပါလား"

"ဟုတ်တယ် မောင်ငွေရေ၊ ဆရာတော်ကြီး ပဲခူးဘက်ကြွသွားတယ်ဆို"

"ဟုတ်တယ် အန်တီဝါကြီးရဲ့။ မပူပါနဲ့၊ ဟောဒီ ဦးပဉ္စင်းချာလီက တရားဟောတဲ့နေရာမှာထိပ်ပဲ။ ဒီကိစ္စ ကျွန်တော် စီစဉ်ပေးပါ့မယ်"

"အေးကွယ်၊ မင်းပဲအားကိုးရမှာပေါ့။ ကိုင်း- သွားပြီနော်"

ဒကာမတွေ ပြန်သွားတော့ ဦးပဉ္စင်းချာလီတစ်ယောက် ရင်တုန်ပန်းတုန်ဖြစ်၍ ကျန်ခဲ့၏။ မောင်ငွေကတော့ ထုံးစံအတိုင်း စပ်ဖြဲဖြဲ။

"ဘယ်လိုဖြစ်လို့ ကျုပ်ကို အတင်း တွန်းပို့နေတာလဲ။ ကျုပ်က တစ်ခါမှ တရားဟောဖူးတာလည်း မဟုတ်ဘူး။ ဒကာကိုငွေကတော့ လုပ်ပြီဗျာ"

"ဩော်- ဒီလိုပါပဲ ဦးပဉ္စင်း ချာလီရယ်၊ ပွဲဦးထွက်ဆိုတော့ နည်းနည်း ရင်ခုန်တာပေါ့။ ဒါပေမယ့် ကောင်းသွားမှာပါ။ ပြီးတော့ ဒေါ်လှဲ့ဝါဘေးမှာပါလာတဲ့ ဒကာမလေးကို ဦးပဉ္စင်း သတိထားမိလား"

"ဟင်- ဘာတွေလဲ"

"အဲဒါ တက်သစ်စ ရုပ်ရှင်မင်းသမီးလေး 'နော်ဇာ' တဲ့ဗျ။ ဒေါ်လှဲ့ဝါရဲ့ တစ်ဦးတည်းသော သမီးကလေးလေ။ တအား ချမ်းသာတာ"

"ဟာ- ကိုငွေကလည်း ဘယ့်နှယ် ကျုပ်ကို ပြောနေတာတုံးဗျ။ ကျုပ်က ဦးပဉ္စင်းလေ"

"ဟဲဟဲ တပည့်တော်ပြောတာ သူတို့က တပည့်တော်တို့ကျောင်းဆို တအား လှူတာဗျ။ ပြီးတော့ နော်ဇာဆိုတဲ့ ကောင်မလေးက တအားကို လှတယ်ဘုရား"

"ဟာ- ဒုက္ခပါပဲ၊ ဘာတွေလာပြောနေတာတုံး"

"ဪ- တပည့်တော် ပြောချင်တာ နော်ဇာက တပည့်တော်တို့ မြို့နယ်ရဲ့ အလှကေရီလေးဘုရား။ သူ့အဖြစ်က သနားစရာ ကောင်းပါတယ်"

"ဟင်- ဘာဖြစ်လို့တုံး"

"ဒီလိုပါဘုရား နော်ဇာဟာ ရုပ်ရှင်လောကသားတွေ သတိထား မိလောက်အောင် သရုပ်ဆောင်ကောင်းတယ်ဘုရား။ အဲဒါ ခေါင်းဆောင်မင်းသမီး တင်ရိုက်ဖို့တောင် စာချုပ်စာတမ်းတွေ ချုပ်ခဲ့ကြတယ်လေ။ အဲဒီအချိန်မှာ နော်ဇာ့ဆီမှာ ချစ်သူရှိနေပြီ ဘုရား"

"ဟုတ်လား"

"တင်ပ့ါ၊ သူ့ချစ်သူက သင်္ဘောသားလေ။ နိုင်ငံခြားမှာ အလုပ် သွားလုပ်ရင်း ပြန်လာတာနဲ့ လက်ထပ်ဖို့ စီစဉ်ပြီးသား။ ပြီးတော့ မသွားခင် စေ့စပ်ခဲ့ကြတယ်လေ။ ဒီအချိန်မှာ သူ့ခင်ပွန်းလောင်း လိုက်သွားတဲ့ သင်္ဘောက မုန်တိုင်းမိပြီး သင်္ဘောလည်းမြုပ်၊ လူတွေလည်း မုန်တိုင်းအောက်မှာ ပျောက်ကုန်တယ်။ အဲဒီထဲမှာ နော်ဇာရဲ့ချစ်သူလည်း ပါသွားခဲ့တယ်"

"ဟုတ်လား၊ စိတ်မကောင်းစရာပဲဗျ"

"တင်ပ့ါ၊ အဲဒီကတည်းက နော်ဇာဟာ ရုပ်ရှင်လောကက နုတ် ထွက်လိုက်ပြီး အိမ်မှာပဲ နေတော့တယ်ဘုရား။ ပြီးတော့ တချို့ ပြောတာ နော်ဇာဟာ စိတ်ရောဂါဝေဒနာသည်လေး ဖြစ်နေပြီ လို့တောင် ပြောတယ်ဘုရား"

"နေပါဦး၊ ဒကာက ကျုပ်ကို ဘာဖြစ်လို့ အဲဒီအကြောင်းတွေ လာပြောနေသတုံးဗျ။ ကျုပ် လူ့လောကီရဲ့ အကြောင်းအရာတွေ ကို နားမသွင်းချင်တော့လို့ ဦးပဥ္စင်းလာဝတ်နေတာဗျ။ ခက်ပ့ါ ဗျာ"

"ဟဲဟဲ တပည့်တော် စကားမဆုံးသေးပါဘူး ဘုရား၊ ဒီကိစ္စ အရှင်ဘုရားနဲ့ ပတ်သက်သလိုလို ရှိနေလို့ပါဘုရား"

"ဘာဗျ၊ ကြံကြံဖန်ဖန် ကိုင်ွေရယ်။ ကျုပ်နဲ့ အဲဒီ ဒကာမလေး နော်ဇာနဲ့ သိတောင်မသိဘူး။ ခုလည်း သူ့ကို ကျုပ် တစ်ချက် ကလေးတောင် လှည့်မကြည့်ဘူး။ ဖြူသလား၊ မည်းသလားလည်း မသိဘူးဗျ"

"အဲဒါပြောတာပေါ့ဘုရား၊ အရှင်ဘုရားက ဘာမှ မဖြစ်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နော်ဇာက အရှင်ဘုရားကို တွေ့တွေ့ချင်း ပါးစပ်ကြီးအဟောင်းသားနဲ့ ကြည့်နေတာ တပည့်တော်မှာ ကင်မရာရှိရင် ရိုက်ထားချင်တယ်"

"ဗုဒ္ဓေါ- ပြဿနာတော့ စပြီထင်တယ်၊ တော်ပါတော့ဗျာ"

"တပည့်တော် လျှောက်ပါရစေဦးဘုရား။ တပည့်တော်က မနော်ဇာတို့ စေ့စပ်ပွဲတုန်းက ဘုန်းဘုရားနဲ့အတူ ဆွမ်းစားလိုက်ခဲ့ရင်း မနော်ဇာရဲ့ချစ်သူ ကိုဒေးဗစ်ကို မြင်ဖူးတယ်ဗျ။ အဲဒီ ကိုဒေးဗစ်ဆိုတဲ့လူဟာ အရှင်ဘုရားနဲ့ အတော့်ကို တူနေလို့ပါပဲ ဘုရား"

"ဟေ- ဟုတ်. . . ဟုတ်ရဲ့လား"

"သိပ်ဟုတ်တာပေါ့ ဘုရား၊ အရှင်ဘုရား ပြုံးလိုက်ရင် ကိုဒေးဗစ်မှ ကိုဒေးဗစ်ပဲ ဘုရား။ ဒါကို မနော်ဇာ သတိထားမိပုံပေါ်တယ်။ သူ့အမေကြီးကလည်း ဦးပဥ္စင်းကို စူးစူးရဲရဲကြည့်ပြီး အံ့ဩနေတာ တပည့်တော် မြင်လိုက်တယ်ဘုရား။ ဒါကြောင့် တပည့်တော် အရှင်ဘုရားကို လျှောက်တင်ထားတာပါဘုရား"

"အင်း. . . ရှုပ်ပဲ့ဗျာ၊ ဒါကတော့ လူတူမရှား နာမည်တူမရှားဆိုတဲ့ စကားလည်း ရှိသားပဲ ကိုငွေရယ်။ တူတာတူတာပဲလေ၊ ကျုပ်ကကျုပ်၊ ကိုဒေးဗစ်က ကိုဒေးဗစ်ပဲဟာ"

"တင်ပါ့၊ ဒါပေမယ့် အဲဒီလို တူနေတာကိုက. . ."

"တော်ပါတော့ဗျာ"

ကိုငွေကို မနည်း စကားရပ်ခိုင်းလိုက်ရ၏။ စကားတွေ ဖောင်းပွလာလျှင် အခြေအနေ ပို၍ ရှုပ်ထွေးသွားနိုင်သည့်မို့ လက်တကာကာလုပ်ပြီး ရပ်ပစ်လိုက်ရ၏။ သူ့စိတ်ထဲ နှင်းမိမိကတည်းက အသည်းတွေ ပွဲကြွေသွားခဲ့ပြီမို့ မိန်းမအကြောင်းကို အာရုံထဲ မထားချင်တော့။

ထို့ကြောင့်လည်း နော်ဇာဆိုသော ကောင်မလေးကို မမြင်ဘူးသော်လည်း ဆရာတော်ကြီးဟောခဲ့သည့်အတိုင်း သင်္ခါရတွေပါလား ဟူ၍သာ နှလုံးသွင်းလိုက်ရလေ၏။

သို့နှင့် ကျောင်းမှ ဦးပဥ္စင်းလေးပါးနှင့်အတူ နော်ဇာတို့အိမ်သို့ ဆွမ်းကျွေးကြွခဲ့၏။ ကျောင်းကို နောက်ဆုံးပေါ် ကားကြီးနှင့် လာပင့်သဖြင့် ကပ္ပိယမောင်ငွေပါ တစ်ပါတည်းလိုက်ခဲ့လေ၏။

နော်ဇာတို့နေထိုင်ရာ ခြံကြီးက ကျယ်ဝန်းလှပြီး နှစ်ထပ်တိုက်ကြီးကလည်း ဟီးနေ၏။ ပြင်ဆင်မွမ်းမံထားသည်များမှာ ဖိတ်ဖိတ်တောက်နေ၏။ တစ်အိမ်လုံး ပျာယာခတ်နေ၏။

ဦးပဥ္စင်းချာလီမှာ မျက်လွှာကြီးအောက်ချပြီး အိမ်ကြီးပေါ်ကြွလာ၏။ ထိုစဉ် သူ့နံဘေးမှ ကပ်ပါလာသည့် မောင်ငွေက အတင်းလက်ကုတ်နေသဖြင့် လေသံတိမ်တိမ်နှင့် မာန်မဲလိုက်ရ၏။

အိမ်ကြီးအပေါ်ထပ်ရောက်တော့ ဆွမ်းစားရန် ပြင်ဆင်ထားသည်



www.burmeseclassic.com

မှာလည်း ပြောစရာတစ်စက်ကလေးမရှိ။ ချက်ပြုတ်ထားသည်မှာလည်း အမည်စုံလင်လှသလို အရသာလည်း ရှိလှ၏။

"အရှင်ဘုရား ဘာလိုသေးပါသလဲ ဘုရား"

"ဗျာ- ဟဲဟဲ ဩော်- မလိုပါဘူး ဒကာ. . . ဒကာမလေး"

ကြားလိုက်ရသည့် အသံကြောင့် ကြက်ပေါင်ကြီးကို သဲကြီးမဲကြီး ကိုက်နေသော ဦးပဥ္စင်းချာလီမှာ တွန့်ခနဲ ဖြစ်သွား၏။ အသံလာရာကို သတိလွတ်ပြီး လှည့်ကြည့်မိရာ တစ်ကိုယ်လုံး ရှိန်းတိမ်းတိမ်း ဖိန်းတိမ်းတိမ်း ဖြစ်သွားခဲ့ရ၏။

ရွှေမှုန်စား၍ မွေးထားလေသလားဟုပင် ထင်ရသော ဒကာမလေး နော်ဇာ။ မျက်သားပြာပြာကလေးနှင့် သူ့ကိုကြည့်နေပုံမှာ ကရုဏာသက်စရာပင်။

ထိုစဉ် နော်ဇာက သူ့ပန်းကန်ထဲ ကြက်သားပေါင်ကြီးတွေ၊ ဝက်သားတုံးကြီးတွေ အတင်း ထပ်ထည့်နေသဖြင့် လက်တွန့်နေ၏။

"ဟဲ့ဟဲ့ သမီး၊ ဦးပဥ္စင်းတွေနား မကပ်ရဘူးကွယ့်။ မောင်ငွေရှိတယ်လေ"

"ဟာ- ဟုတ်သားပဲ၊ ဖယ်ဖယ် မနော်ဇာ။ ကျွန်တော် ထည့်ပေးပါ့မယ်"

"အို- ဘာဖြစ်လို့လဲ၊ အဲဒီလိုလုပ်ရင် ငရဲကြီးလား"

"သမီးကလည်းကွယ် မေမေ့စကားကို နားထောင်မှပေါ့။ လာလာ သမီး၊ ဦးပဥ္စင်း အနေရခက်ပါ့မယ်ကွယ်"

နော်ဇာတစ်ယောက် စူတူတူ မျက်နှာပေးနှင့် နောက်ဆုတ်သွား၏။ မိခင်လုပ်သူက နော်ဇာ့လက်မောင်းကလေးကိုင်ကာ ချော့မော့နေ၏။ စားသောက်ပြီးသွားသောအခါ ပရိတ်တရားတော်များကို ရွတ်ဖတ်ပေးလိုက်ရ၏။

အမှန်မတော့ သူ့အဖြစ်က ရှက်စရာလည်း ကောင်းလှလေ၏။ သက်န်းရုံထားရသော်လည်း ပရိတ်တရားတော်များကို မရွတ်တတ်။ ကိုယ်တော်လေးပါးနှင့်အတူ နောက်က ထစ်ငေါ့ထစ်ငေါ့နှင့် လိုက်ရွတ်ခဲ့၏။

တရားဟောမည်လုပ်တော့လည်း ဦးပဥ္စင်းဝါသရကိုပဲ ရှေ့တန်းတင်ခဲ့၏။ ထိုအချိန် မျက်လွှာချထားရာမှ ငိုသံကြားလိုက်ရသဖြင့် မော့ကြည့်လိုက်ရာ ဒကာမလေးနော်ဇာက သူ့ကိုကြည့်ပြီး ငိုရှိုက်နေသည်ကို တွေ့ရသဖြင့် သည်းတုန်အူတုန် ခံစားနေရ၏။

နောက်ဆုံး တရားဟောပြီးသွားသည်နှင့် ပြန်ကြွရန် ပြင်ဆင်လိုက်၏။ ထိုစဉ် ဒကာမလေးနော်ဇာ သူ့အနားသို့ အပြေးရောက်လာပြီး မေးလိုက်၏။

"ဘယ်တော့ လူထွက်မှာလဲ ဘုရား"


www.burmeseclassic.com

www.burmeseclassic.com

"ဗျာ- ဟို. . . အဲ- ဟိုဒင်းလေ"

"ဟဲ့ဟဲ့- ဘယ်လိုမေးလိုက်တာလဲ သမီးရယ်"

မိခင်ကြီးရောက်လာမှ ဦးပဥ္စင်းချာလီလည်း သက်သာရာရခဲ့၏။ နောက်ဆုံး ကျောင်းပြန်ရောက်သည်အထိ ထူထူပူပူ ခံစားနေရဆဲ။

ထိုစဉ် သူ့အနားသို့ ကပ္ပိယမောင်ငွေ ရောက်လာ၏။

"ဦးပဥ္စင်း ဘယ်လိုလဲ၊ တပည့်တော်ပြောတာ ယုံပြီလား"

"အေးဗျာ၊ တော်တော့်ကို ဒုံ့ဩစရာပဲ"

"အဲဒါပြောတာပေါ့ ဘုရား၊ ပြီးတော့ အရှင်ဘုရားအတွက် ဝတ္ထုတွေရော သစ်သီးတွေရော ထပ်လှူလိုက်သေးတယ် ဘုရား"

"ဟင်- ခက်တော့ ခက်နေပြီ ကိုငွေရေ၊ ကျုပ်က အဲဒီကိစ္စတွေနဲ့ ရှင်းရှင်းနေချင်တာဗျ"

"တင်ပါ့ဘုရား၊ တပည့်တော် ပြောတော့ မပြောသင့်ပါဘုရား။ ဒါပေမယ့် အရှင်ဘုရား ဦးပဥ္စင်းဝတ်ဖို့ ကျောင်းကိုရောက်လာကတည်းက တပည့်တော် သတိထားမိတာပါဘုရား"

"နေပါဦး၊ အဲဒီကောင်မလေး နော်ဇာရဲ့ ချစ်သူက ကျုပ်နဲ့တူနေလို့လား"

"တူတာပေါ့ဘုရား၊ အဲဒီလူဟာ အသားနည်းနည်းညိုတာပဲ ကွာတယ်။ အရှင်ဘုရားကိုမြင်တော့ သူ အတော့်ကို ခံစားနေရပုံပဲ။ ငိုလိုက်ရတာလည်း လူရှေ့သူရှေ့တောင် မရှောင်နိုင်ဘူး"

"တော်ပါတော့ဗျာ၊ အာပတ်တွေ သင့်ကုန်ပါ့မယ် ကိုငွေရာ။ ဒါတွေဟာ သင်္ခါရပါပဲဗျာ"

နောက်ဆုံးတော့ ဒကာမောင်ငွေနှင့် စကားဖြတ်လိုက်ပြီး ဘုရားခန်းဝင်ကာ ဂုဏ်တော်ပုတီးစိပ်လိုက်ရ၏။ ဆရာတော်ကြီးပြောခဲ့သလို မြင်တာကို မြင်တယ်လို့မှတ်၊ ကြားတာကို ကြားတယ်လို့မှတ်၊ မြင်သမျှ ကြားသမျှအားလုံး သင်္ခါရဟု နှလုံးသွင်း ဆိုသော မိန့်မှာချက်ကို သတိနှင့် ချုပ်ကာ ဂုဏ်တော်တွေ ထပ်ကာတလဲလဲ ပွားခဲ့၏။

ထိုသို့ ဘုရားဂုဏ်တော်တွေပွားရင် အာရုံထဲ ငိုသံလိုလို၊ ရယ်သံလိုလို ကြားလာရ၏။ နော်ဇာ၏ မျက်သားပြာပြာလေးကို ရိုးတိုးရိပ်တိပ် မြင်မိသလိုလို ခံစားလိုက်ရ၏။

သနားစရာကောင်းလှသော မနော်ဇာ။

သံယောဇဉ်ကြောင့် အပူသည်လေးဖြစ်နေရသော မနော်ဇာ။ စိတ်ဆင်းရဲခြင်းတွေ တစ်ပွေ့တစ်ပိုက်နှင့် ကြေကွဲနေသည့်အသွင်ကလေး။

နော်ဇာ၏ မျက်သားပြာပြာကလေးက ပေါ်လာလိုက်၊ ပျောက်သွားလိုက်နှင့် ပွားနေသည့် ဂုဏ်တော်ပုတီးပင် ဘယ်နှပတ်ရောက်လို့ ရောက်မှန်းမသိ။

တရားအာရုံနှင့် နော်ဇာ၏ မျက်သားပြာပြာလေးတို့က စိတ်ထဲမှာ


www.burmeseclassic.com

www.burmeseclassic.com


သူ့တင်ကိုယ်တင် ဖြစ်နေ၏။ အာရုံမိုက်တွေကို အတင်းဖျောက်ပြီး ပုတီး တချောက်ချောက်လုပ်ရင်း မျက်သားပြာပြာကလေးက ဘွားခနဲ ဘွားခနဲ ပေါ်လာပြန်၏။

လုံးထွေးပတ်ချာလည်နေသည်မို့ စိပ်နေသည့် ပုတီးကို ရပ်ကာ ဘုရားခန်းထဲမှ ထွက်ခဲ့ရ၏။ ကြောက်စရာကောင်းလှသည့် စိတ်ဖြစ်စဉ်ကို လည်း တအံ့တဩ ဖြစ်နေ၏။

ထိုအတွေးက ဘူ့သွားလေရာ အစဉ်ငြိတွယ်နေ၏။ ကျောင်း အောက်ဆင်းပြီး တံမြက်စည်းလှည်းတော့လည်း နော်ဇာ၏ မျက်သား ပြာပြာကလေးကို ဟိုဟိုဒီဒီ မြင်မိသလိုပင်။

စိတ်တွေ ရှုပ်ထွေးလွန်းလှသဖြင့် ရေချိုးပစ်လိုက်ပြီး ဇရပ်ရှေ့ အေးအေးလူလူ ထိုင်လိုက်မိ၏။

"အရှင်ဘုရား၊ ဘာတွေ တွေးနေသတုံးဘုရား"

"ကိုငွေပါလား၊ ချက်ပြုတ်ပြီးပလား"

"ပြီးပြီဘုရား"

"အိမ်း- ကျုပ်တော့ ဒကာမောင်ငွေလုပ်တာနဲ့ အာရုံတွေ ရှုပ်နေ ပြီဗျာ။ ဘုရားလည်း ဝတ်ပြုလို့မရဘူးဗျ"

"ဒါကတော့ ပုထုဇဉ်ပဲဘုရား၊ အဲဒီလောက်တော့ ရှိမှာပေါ့"

"မကောင်းပါဘူး ဒကာရာ၊ သင်္ခါရစိတ်တွေ နှလုံးသွင်းနေရာက ဘယ်တွေရောက်ကုန်မှန်း မသိပါဘူးဗျာ"

"သတိမမြဲလို့ ဖြစ်ပါလိမ့်မယ်ဘုရား"

"ဖြစ်နိုင်ပါတယ် ကိုငွေ၊ လောကကြီးဟာ တယ်လည်း ရှုပ်ပါလား။ အဲဒီလို ရှုပ်ထွေးနေတာ ရှင်းချင်လို့ ကျုပ်က ဦးပဥ္စင်း လာဝတ် တာဗျ။ ခုတော့ ရှုပ်တာမရှင်းတဲ့အပြင် ရှင်းနေတာတွေတောင် ရှုပ်ကုန်ပြီဗျ"

"ဟဲဟဲ ပုထုဇဉ်ရဟန်း. . ."

"တော်ပါတော့ တော်ပါတော့ ကိုငွေရာ၊ ကြာရင် ကျွန်တော် သင်္ကန်းဝတ်နဲ့ ဇရဲပြည် ဒိုင်ဗင်ထိုးဝင်ရတော့မယ်ဗျ"

သူ့စကားကို ကိုငွေက တဟားဟား အော်ဟစ်ရယ်မောနေ၏။ သူ မရယ်နိုင်။ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုဖြေရှင်းရမှန်းပင်မသိ။ ကျောင်း ပေါ်တက်ပြီး ပုတီးစိပ်လိုက်၊ ကျောင်းအောက်ဆင်းပြီး လမ်းလျှောက် လိုက်နှင့် စိတ်တွေ ဂနာမငြိမ် ဖြစ်ခဲ့ရ၏။

သို့နှင့် သုံးလေးရက်ခန့်အကြာ ကျောင်းသို့ နော်ဇာတို့သားအမိ ရောက်လာပြန်၏။ နော်ဇာသည် သူ့အတွက် သစ်သီးဘူးတွေ၊ အသား ဘူး တွေ၊ ဝတ္ထုငွေတွေ ပုံအောလှူလာ၏။ သူ နော်ဇာကို ရဲရဲပင် မကြည့်ဝံ့။ စိတ်တွေ ကယောင်ချောက်ချား ဖြစ်နေမိ၏။

ထိုစဉ် နော်ဇာ၏မိခင်ကြီးက သူ့ကို မေးမြန်းလာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဦးပဥ္စင်းက ဘယ်ကပါလဲဘုရား"

"ဘျူပ် ရန်ကုန်ကပဲလေ"

"ဦးပဥ္စင်းမှာ ညီအစ်ကိုတွေများ ရှိသလားဘုရား"

"မရှိပါဘူး ဒကာမကြီးရယ်။ အမေက ကျုပ်တစ်ပါးတည်း မွေးထားတာလေ။ ဘာဖြစ်လို့လဲ"

"ဟို- တပည့်တော်အသိထဲက သူငယ်နဲ့ အတော့်ကို တူနေလွန်းလို့ပါဘုရား။ အရှင်ဘုရား ဘယ်နှဝါရပြီလဲဘုရား"

"ကျုပ် တစ်လတောင် မပြည့်သေးပါဘူး ဒကာမကြီးရယ်"

"ဟုတ်လား"

"ဒါဆို ဦးပဥ္စင်းက လူပြန်ထွက်မှာပေါ့နော်"

"ဗျာ"

"ဟဲ့ဟဲ့- သမီး၊ ဘယ်လိုလျှောက်လိုက်တာလဲ ဒုက္ခပါပဲ။ ကန်တော့ကန်တော့ဘုရား၊ တပည့်တော်ရဲ့သမီးက ဘာဆိုဘာမှ နားမလည်ပါဘူး ဘုရား"

"ရပါတယ် ဒကာမကြီးရယ်"

နော်ဇာ၏အမေးကြောင့် ဦးပဥ္စင်းချာလီတစ်ယောက် အတုန်လှုပ်ကြီး တုန်လှုပ်သွားမိ၏။ အချိန်အနည်းငယ်အကြာ၌ နော်ဇာတို့သားအမိပြန်သွားမှ သက်ပြင်းရှည်ကြီးကို ချနိုင်ခဲ့၏။ ဒကာမောင်ငွေက သူ့အခြေအနေကို ရိပ်မိနေပုံရ၏။

"ဘယ်လိုလဲဘုရား"

"မပြောချင်ပါဘူး ကိုငွေရာ။ ကျုပ်ကို ဘယ်တော့ လူထွက်မလဲချည်းပဲ မေးနေတယ်ဗျ။ ခက်တော့ခက်နေပြီဗျို့"

"မနော်ဇာက အတော့်ကို မာနကြီးတဲ့ မင်းသမီးဘုရား။ ခုဥစ္စာ စိတ်ဝေဒနာကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားတာပါ။ ပြီးတော့ အရှင်ဘုရားဆီ ခဏခဏ လာနေရင် ပြဿနာပဲ"

"ဟုတ်ပ ပါ့ဗျာ။ ကျုပ်တော့ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိတော့ပါဘူး။ တော်ကြာ ဆရာတော်ကြီး သိသွားရင် ကျုပ်ကျောင်းပေါ်က ခေါင်းနဲ့ဆင်းရမှာဗျ"

"ဟာ- အရှင်ဘုရား ရှုပ်တာမှ မဟုတ်တာ"

"ခက်လိုက်တာဗျာ"

နော်ဇာတို့သားအမိ ပြန်သွားပြီးသည့်နောက် ဦးပဥ္စင်းချာလီခမျာ နော်ဇာ၏အသံ၊ နော်ဇာ၏ မျက်သားပြာပြာကလေး၊ နော်ဇာ၏ အပြုံးတို့ကိုသာ အာရုံထဲ ဝေ့ဝေ့ဝဲဝဲ မြင်နေမိ၏။

ဆရာတော်ကြီး ပဲခူးက ပြန်ကြွလာသည့်အခါ သူ့ခမျာ မနည်းကြီး ထိန်းချုပ်နေရ၏။ ဆရာတော်ကြီးရှေ့ တရားတွေထိုင်၊ ပုတီးတွေစိပ်သော်လည်း နော်ဇာက သူ့ကို အမျိုးမျိုး နှောင့်ယှက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


သူ-ဘုရားကိုလည်း မညာချင်၊ တရားကိုလည်း မညာချင်၊ သံဃာကိုလည်း မညာချင်။ မအပ်စပ်သည့် စိတ်အာရုံကြော ထွေးလုံးပတ်ချာလည်နေရသည့်အဖြစ်က တစ်နေ့တခြား ဆိုးဝါးလာ၏။ ပို၍ဆိုးသည်က နော်ဇာတို့သားအမိ ကျောင်းသို့ မကြာခဏ ရောက်လာတတ်ခြင်းပင်။

နောက်ဆုံး သူ ဘယ်လိုမှ မခံစားနိုင်တော့။ သင်္ကန်းဝတ်ကြီးနှင့် ဘဝကို မလိမ်ညာချင်တော့။ ထို့ကြောင့်လည်း ဦးပဥ္စင်းဘဝမှ လူထွက်ရန် ဆုံးဖြတ်လိုက်ပြီး ဆရာတော်ကြီးအား မရဲတရဲ လျှောက်ထားလိုက်ရ၏။ သူ့စကားကြားတော့ ဆရာတော်ကြီး အံ့သြနေ၏။

"ဟေ- လူထွက်မယ်၊ ဘယ်လိုဖြစ်လို့တုံးဟ။ ရဟန်းဘဝ မပျော်ပိုက်ပြန်ဘူးလား။ ခက်ပါ့ ဦးပဥ္စင်းရာ"

"တ. . . တပည့်တော် မလိမ်ချင်ပါဘူး ဘုရား။ တပည့်တော် စိတ်ထဲမှာ လောကီအညီအငွေ့တွေ တရစ်ဝဲဝဲ ဖြစ်နေလို့ ဘယ်လိုမှ ရှုန်းမထွက်နိုင်ပါဘူးဘုရား"

"ဟော- ကောင်းရောကွာ၊ ကျုပ် ဦးပဥ္စင်းကို ပြောခဲ့သားပဲ။ ဒါတွေဟာ သင်္ခါရသဘောတွေပါ။ အချိန်တန်ရင် အားလုံး ပျက်စီးပြောင်းလဲသွားကြမှာပါ ဒကာကြီးရယ်။ ဘာဖြစ်လို့ ကိုယ့်စိတ်ကို ညှဉ်းဆဲချင်ရတာလဲ"

"တပည့်တော် အမှားပါဘုရား"

"အို- လောကမှာ ကြောက်စရာအကောင်းဆုံးက စိတ်ပဲ ဦးပဥ္စင်း။ စိတ်ညှဉ်းရင် လူဖျင်း၊ စိတ်သတ်ရင် လူသေသတဲ့။ စိတ်ထောင်းရင် ကိုယ်ကြေ။ စိတ်ပဲ ကိုယ်တော်၊ ကျုပ်တို့က အဲဒီစိတ်ကို နိုင်အောင် ကျင့်နေကြတာ။ စိတ်နိုင်မှ ဘဝခိုင်မယ်။ ဘဝခိုင်မှ တရားခိုင်မယ် ဦးပဥ္စင်းရဲ့။ ဒါကြောင့် သတိကပ်ပြီး စိတ်ကိုထိန်းရမှာပေါ့။ လူ့စိတ်ဟာ မျောက်လိုပဲ အမြဲတမ်း ဂနာမငြိမ် ဖြစ်လေ့ဖြစ်ထ ရှိပါတယ်။ ဦးပဥ္စင်း ဒါကို တရားနည်းနဲ့ ပြန်ပြီး ထိန်းကျောင်းပြုပြင်ရမှာပေါ့။ ဘာဖြစ်လို့ လူထွက်ချင်ရတာလဲ ဦးပဥ္စင်းရယ်။ လောကီ၊ လောက,က သပွတ်အူကြီးလို ရှုပ်ထွေးလှပါဘိဗျာ"

"တင်ပါ့၊ တပည့်တော် သဘောပေါက်တန်သလောက် ပေါက်ပါတယ်ဘုရား။ တပည့်တော်စိတ်ကို တပည့်တော် ခုထိ မနိုင်သေးပါဘူး ဘုရား။ ဒါကြောင့် တပည့်တော်ကို လူထွက်ခွင့်ပြုပါဘုရား"

"အိမ်း- ကျုပ်လည်း မတားတော့ပါဘူးလေ။ ဦးပဥ္စင်း ဆန္ဒရှိသလိုသာ လုပ်ပေတော့"

ဆရာတော်ကြီးလည်း ဘာမှ မပြောသာတော့၊ နောက်ခါတော့ ညနေပိုင်းအရောက်တွင် လူထွက်ပစ်လိုက်ရလေ၏။

"ဟာ- ဦးပဥ္စင်း၊ အဲလေ- ကိုချာလီ"


www.burmeseclassic.com

www.burmeseclassic.com

"ကိုငွေကြီးပါလား၊ ကျုပ်- လူထွက်လိုက်ပြီဗျ"

"တင်ပ့ါ၊ အဲလေ- ဘယ်လိုဖြစ်သွားသတုံးဗျ။ ကျွန်တော် လူမထွက်ဘူး ထင်နေတာ"

"ဟာဗျာ- ကျွန်တော် ဘုရား တရားတော်ကို မလိမ်ချင်ပါဘူး။ သင်္ကန်းဝတ်ထားရင်း စိတ်တွေက တောင်ရောက်မြောက်ရောက်နဲ့ ကြာကြာနေရင် အာပတ်သင့်ပြီး ကုသိုလ်သည်ကနေ ငရဲပြည် ရောက်တော့မှာဗျ။ ဒါကြောင့် လူထွက်လိုက်တာလေ"

မောင်ငွေလည်း သူ့ကိုကြည့်ပြီး တလည်လည် ဖြစ်နေ၏။ ဘာပြောလို့ပြောရမှန်းပင် မသိ။ နောက်ဆုံး ဆရာတော်ကြီးကို ဦးချပြီး အိမ်ဘက်သို့ ကတိုက်ကရိုက် ထွက်လာလေ၏။

ထိုအချိန် ဦးပါတူးတစ်ယောက် အိမ်ရှေ့ဝရန်တာတွင် ပက်လက်ကုလားထိုင်ကြီးပေါ် စိတ်အေးချမ်းသာစွာနှင့် ထိုင်ရင်း စာဖတ်နေချိန်ဖြစ်၏။ သူဝင်လာသည်ကိုမြင်တော့ ဦးပါတူးတစ်ယောက် မျက်လုံးကြီးပြူးထွက်လာ၏။

"ဟာ- မင်း. . . မင်း"

"ဟုတ်တယ်၊ ကျွန်တော် လူထွက်လိုက်ပြီဗျ"

"ဟေ- ဘယ်လိုဖြစ်လာပြန်ပြီလဲ"

"ဦးပဉ္စင်းဘဝနဲ့ မပျော်ပိုက်လို့ပေါ့ အန်ကယ်ရာ"

"ကောင်းရောကွာ၊ ငါကတော့ မင်းကို ဦးပဉ္စင်းဝတ်ပြီး ရဟန်းဘဝနဲ့ တစ်သက်လုံး ပျော်ပိုက်လေပြီလို့ ထင်နေတာကွ။ ဘယ် ဘယ်လိုဖြစ်လို့လဲ ချာလီရာ။ ဘာဖြစ်လို့ မင်းထွက်လိုက်ရတာလဲ။ ရဟန်းဘဝဆိုတာ ရခဲပါဘိကွာ"

"ဟုတ်ပါတယ် အန်ကယ်ကြီးရာ။ ဒါပေမယ့် ကျွန်တော်က ကိုယ့်စိတ်ကိုယ် မနိုင်ဘူးဗျ"

"ဗုဒ္ဓေါ- မင်း ဘာတွေလုပ်ခဲ့လို့လဲ"

"ဟာဗျာ- မေးမနေပါနဲ့ ဦးလေးရာ။ ကြာရင် သင်္ကန်းကြီးဝတ်ပြီး အကုသိုလ်တုံးကြီး ဖြစ်တော့မှာမို့ လူထွက်လိုက်တာဗျ။ ကိုင်း- ထမင်းဟင်းရှိသေးလား အန်ကယ်ကြီး။ ဗိုက်ဆာလှပြီဗျာ"

"ကောင်းရောကွာ"

ဦးပါတူးတစ်ယောက် ဘာမှ မပြောသာတော့။ ထိုစဉ် ချာလီသည် အိမ်နောက်ဘက်ဝင်ကာ ထမင်းအိုးဟင်းအိုးတွေဖွင့်၍ တဝတပြ တွယ်ပေတော့၏။ ချာလီ လူထွက်လာပြန်ပြီဆိုတော့ ဦးပါတူးတစ်ယောက် မျက်ခုံးလှုပ်နေရ၏။

ဘုန်းကြီးလောကထဲ ဘာပြဿနာတွေများရှာခဲ့ပါလိမ့်ဟု တွေးပြီး စိုးတထိတ်ထိတ် ဖြစ်နေရ၏။ ချာလီသည် စားသောက်ပြီးသည်နှင့် နံရံတွင်ချိတ်ထားသော သူ့ဦးထုပ်ကြီးဆောင်းကာ အိမ်ပေါ်မှ ဆင်းသွားလေ


www.burmeseclassic.com

တော့၏၊ အရပ်ထဲတလည်း ချာလီကိုကြည့်ပြီး တအံ့တသြ ဖြစ်နေ၏။

ချာလီသည် လူထွက်လိုက်သည်နှင့် ဦးဆုံး စိုးတင့်ကို သတိရလာ၏၊ စာအုပ်ဆိုင်ထဲရောက်တော့ စိုးတင့်တစ်ယောက် ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟိုက်- မင်း . . . မင်း လူထွက်လိုက်ပြီ"

"ဟုတ်တယ်ဗျာ၊ အာရုံတွေ နောက်လွန်းလို့ဗျ"

"ဟေ- အာရုံတွေ၊ ဘာအာရုံတွေလဲဟ"

"ဒဏာမ- အာရုံပေါ့ဗျာ"

"ဟာကွာ- မင်းကလည်း မဟုတ်မဟတ်"

"ဟုတ်တယ်၊ ကျွန်တော် ဘုန်းကြီးဘဝနဲ့ မုသာချင်ဘူးဗျ။ တရားမမှုနဲ့ မွှန်းထုံနေရမှာကို ဒကာမတစ်ယောက် ပြဿနာလာရှာတာနဲ့ အာရုံတွေ ဒတ်လပိုင်လိုက်ပြီး လူထွက်ရတဲ့အဖြစ် ရောက်ရောဗျာ"

"ဗုဒ္ဓေါ- မင်းဥစ္စာကွာ။ ကိုင်း- ထိုင်စမ်းပါဦး၊ ဘယ်လိုဖြစ်လို့ လူထွက်လိုက်ရတယ်ဆိုတာ ငါ့ကို ပြောပြစမ်းပါဦးကွာ"

စိုးတင့် မရမက မေးလာတော့လည်း ချာလီ မပြောချင်ပြောချင်နှင့် သူကြုံခဲ့ရသည့် နော်ဇာအာရုံကို ပြောပြလိုက်၏။ စိုးတင့်တစ်ယောက် မျက်မှောင်ကြီး တကုပ်ကုပ် ဖြစ်နေ၏။

ရှုပ်နေရာမှ ရှင်းချင်၍ ရဟန်းဘောင်ဝင်ခါမှ ရှင်းနေသည့် အရာဝင် ပို၍ ရှုပ်ထွေးသွားသော ချာလီ၏ဖြစ်အင်ကို ကြားသိရသောအခါ စိုးတင့်တစ်ယောက် ဘာပြောလို့ပြောရမှန်း မသိတော့။

"ဒါ . . . ဒါဆို အဲဒီ နော်ဇာဟာ မင်းကို ဒုက္ခပေးသွားတာပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် ကျွန်တော် လူထွက်ပစ်လိုက်တာဗျ။ ကြာရင် မကောင်းဘူးလေ။ နော်ဇာက တအားကိုလှတဲ့ ကောင်မလေးဗျ။ ပြီးတော့ ရုပ်ရှင်မင်းသမီးတဲ့"

"ဟေ- လာပြန်ပြီကွာ။ မင်း စိတ်မကုန်သေးဘူးလားကွ။ မိန်းမဆိုတာ မီးပဲ။ အဲဒီမီးက ရှိသမျှကို လောင်ကျွမ်းနိုင်တယ်။ သူတို့က ကိုယ်တိုင်လည်း လောင်တယ်၊ မီးလောင်တာကိုလည်း အားပေးတဲ့ အောက်ဆီဂျင်ကြီးတွေကွ"

"ဗျာ- အောက်ဆီဂျင်"

"ဟုတ်တယ်မလေ၊ အောက်ဆီဂျင်နဲ့ တွေ့လို့ကတော့ ကျွမ်းပစ်ပြီသာမှတ်။ တခြားမကြည့်နဲ့ ငါ့ကိုသာကြည့်။ အောက်ဆီဂျင်မကြီးနဲ့ တွေ့လိုက်တာ လူလည်း ပြာဖြစ်တော့မယ်ကွ။ ရှာလိုက်ရတဲ့ ပိုက်ဆံ၊ လုပ်ကိုင်ရတဲ့အလုပ်။ စားဝတ်နေရေးက တစ်မျိုး၊ ... ရေးတွေကတစ်မျိုး။ အကြွေးတွေ၊ ကလေးတွေ၊ အမျိုးတွေ ... ကွာ၊ သပွတ်အူကြီးထဲ ခေါင်းထိုးဝင်ရသလိုပါပဲ။ လူမွေးသမွေးလည်း



www.burmeseclassic.com

www.burmeseclassic.com

မရှိတော့ဘူး"

"ဟာ- ခင်ဗျားကလည်း ညည်းလိုက်တာဗျာ၊ ဒါဆို ဘုန်းကြီးဝတ် လိုက်ပေါ့"

"ဟင်- ဟဲဟဲ ငါဝတ်ရင်လည်း မင်းလိုပဲ အာရုံတွေနဲ့ ဒတ်လပိုင် လိုက်ပြီး အဝီစိကို ကိုယ်တိုင် တွင်းတူးဝင်ရမှာကွ"

"အဲဒါကြောင့် ပြောတာပေါ့ဗျာ။ ခင်ဗျားတို့ ကျုပ်တို့က လူနဲ့ကို မပျောက်ချင်တဲ့လူတွေပါဗျာ။ ကိုင်း- အဲဒါတွေ ထားစမ်းပါဗျာ၊ စာအုပ်ဆိုင်အခြေအနေရော ဘယ်လိုရှိသတုံးဗျ"

"မဆိုးဘူးကွာ၊ မင်းရှယ်ရာထည့်လာမှ ဝင်ငွေ တအားကောင်းလာ တယ်ကွ။ မင်းအတွက် ငါ လုပ်ခတွေ ဖယ်ထားပါတယ်"

"ရပါတယ်ဗျာ၊ ကျွန်တော်လည်း လူသာထွက်လာရတယ် ခုထိ ယောင်တောင်တောင်ပဲဗျ"

"ဟာ- ယောင်မနေစမ်းပါနဲ့ကွာ။ ငါနဲ့သာတွဲလုပ်၊ ဒီအလုပ်က စိတ်ရောကိုယ်ပါ ငြိမ်းချမ်းပါတယ်ကွ"

နောက်ဆုံးတော့ စိုးတင့်ဆိုင်မှာပဲ သူ လည်တယ်လည်တယ် ဖြစ်ခဲ့ရ၏။ စာအုပ်ဆိုင်ကလေးက စိုးတင့်ပြောသလို ဝင်ငွေကောင်းလာ၏။ ညပိုင်းဆိုလျှင် ဆိုင်ထဲ လူတွေ ရှုပ်ထွေးနေတတ်၏။

ဆိုင်သိမ်းပြီဆိုလျှင် သူတို့နှစ်ယောက် စကားစမြည် ထိုင်၍ ပြောခဲ့ကြ၏။ ချာလီမှာ ယခုအထိ နော်ဇာ၏အရိပ်တွေ စိုးမိုးနေဆဲ။

"ကိုစိုးတင့်"

"ဟေ"

"အဲဒီ နော်ဇာဆိုတဲ့ ကောင်မလေးဟာ တအား လှတာဗျ။ မျက် သားပြာပြာကလေးနဲ့ အသံကလည်း ရှတတနဲ့။ သူ့စကားသံကြား လိုက်ရရင် ကျွန်တော့်ရင်ထဲ ဖိုတိုတိုလှိုက်တိုက်တိုက်နဲ့ဗျာ။ ကေန္တ အဲဒီ မနော်ဇာကို ကျွန်တော် ချစ်နေမိပြီထင်တယ်"

"ဘာကွ- လာပြန်ပြီ။ ဒါဆို နှင်းမီမီကို ချစ်ခဲ့တဲ့ကိစ္စကျတော့ရော ကွ"

"ဩော်- နှင်းမီမီက ဇာတ်သိမ်းသွားပါပြီဗျာ။ ခုကမယ့်ဇာတ်က နော်ဇာဆိုတဲ့ ကောင်မလေးနဲ့ ကမယ့်ဇာတ်ဗျ"

"ဟေ- ဒါဆို မင်းအချစ်က ဘယ်လိုလဲကွ"

"အချိန်အခါ အခြေအနေပေါ် မူတည်ပြီး ဘာမဆို ပြောင်းလဲ တတ်တဲ့ သဘောပေါ့ဗျာ"

"ကောင်းကွာ၊ တစ်ခုတော့ရှိတယ် ချာလီရ။ အဲဒီ နော်ဇာဆိုတဲ့ ကောင်မလေးဟာ မင်းကို ဘုန်းကြီးဘဝက လူထွက်လာအောင် ဆွဲဆောင်နိုင်တယ်ဆိုတာတော့ အတော့်ကို အံ့သြစရာပဲကွ"

"ဟုတ်တယ်၊ ခုထိလည်း ကျွန်တော့်ရင်ထဲမှာ နော်ဇာ နော်ဇာနဲ့



www.burmeseclassic.com

www.burmeseclassic.com

ဆာလောင်နေတုန်းဗျ။ ဟုတ်ပါတယ်၊ ကျွန်တော် နော်ဇာ့ကို ချစ်နေပြီဗျ။ ဒါပေမယ့် သူဟာ ကျွန်တော့်ကို သူ့ချစ်သူနှင့်တူလို့ စွဲလမ်းနေတာ။ ဒါကို ကျွန်တော်က ကြားကဝင်ပြီး အခွင့်အရေးယူသလို ဖြစ်နေတယ်ဗျ"

"ဟာ- မင်းကလည်း အဲဒီကောင်မလေးရဲ့ ချစ်သူဟာ နိုင်ငံခြားမှာ သေသွားပြီဆို"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲတော့ မလုံလှဘူးဗျာ။ ဒါကြောင့် ကျွန်တော် သူတို့ဆီ မသွားရဲတာပေါ့"

"မဆိုင်ပါဘူးကွာ၊ ဒါပေမယ့် တကယ်တမ်းကျတော့ သူတို့အသိုင်းအဝိုင်းက မင်းကို ကြည်ဖြူပါ့မလား"

"မပြောတတ်ပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ် နော်ဇာ့ကိုတော့ ကျွန်တော် ချစ်မိနေပြီ"

"ချစ်တာပဲ မုန်းတာမှမဟုတ်တာ။ လူမှန်ရင် အချစ်နဲ့ကင်းလို့တော့ ဘယ်ရပါ့မလဲကွ၊ ချစ်ချစ်၊ ချစ်သာချစ်"

စိုးတင့်ကလည်း မီးလောင်ရာလေပင့်ပေးလိုက်သဖြင့် ချာလီတစ်ယောက် နော်ဇာမှ နော်ဇာ ဖြစ်နေ၏။

အိပ်လည်း နော်ဇာ . . .

စားလည်း နော်ဇာ . . .

သွားလည်း နော်ဇာ . . .

နော်ဇာဆိုသော အရိပ်တို့က ဘဝတစ်ခုလုံး၏ ဖျောက်ဆိပ်။ ဦးလေးဖြစ်သူ ဦးပါတူးပင် အိမ်ရာထဲ ယောင်ယမ်းထအော်နေသော ချာလီကို ဇဝေဇဝါ ဖြစ်နေ၏။

"ဟကောင်၊ ဘယ်က နော်ဇာလဲ။ မင်းဥစ္စာကွာ ရှုပ်ရှုပ်ယှက်ယှက် လုပ်လာပြန်ပြီ"

"ဟဲဟဲ- အဲဒါ ကျွန်တော့်အိပ်မက်ထဲက အချစ်ပါဗျာ။ သူ့ကို ကျွန်တော် အမြဲ သတိရနေတယ်ဗျ။ ဟုတ်တယ်၊ ကျွန်တော် နော်ဇာ့ကို ချစ်နေပြီ"

"လာပြန်ပြီဟေ့၊ ပြဿနာတော့ စပြန်ပြီကွ"

"အန်ကယ်ကြီးကလည်းဗျာ၊ ချစ်တာပဲ အပြစ်မရှိပါဘူး"

"ဘာကွ- လာပြန်ပြီလား ဒီအချစ်။ မင်း. . . မင်းတော့ကွာ ခုတစ်လော အချစ် အချစ်နဲ့၊ ဘာလဲ မင်း မိန်းမလိုချင်နေပြီလား ပြောစမ်း"

"ဟာ- အန်ကယ်ကြီးကလည်း"

"ဟေ့ကောင်၊ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောနော်။ မင်းမှာ မိဘ ဆိုပါးစလုံး မရှိဘူး။ ငါသာလျှင် မင်းရဲ့အမေလည်း ဖြစ်တယ်၊ အဖေလည်း ဖြစ်တယ်ကွ။ အေး- မင်း မိန်းမလိုချင်ပြီဆိုလည်း


www.burmeseclassic.com

www.burmeseclassic.com


ငါကိုယ်တိုင် ရှာပေးရမယ့်တာဝန် ရှိတယ်ကွ"

"ဟာ- အန်ကယ်တောင် ယူစရာမရှိ ဖြစ်နေတာ"

"ဟော့ကောင်၊ ငါ့ကို လိုချင်တဲ့လူတွေ တစ်ပုံကြီးကွ။ ဒါပေမယ့် ငါ လိုချင်တဲ့သူ မရှိသေးလို့ကွ။ အေး- တွေ့ပြီဆိုလို့ကတော့ဟဲဟဲ"

"နွားသိုးကြိုးပြတ်လား အန်ကယ်"

"အေး- ဘာကွ၊ မင်း. . . မင်း တော်တော်ရိုင်းတဲ့ကောင်ပဲ"

"ဟဲဟဲ- လူပျိုကြီးတွေ၊ အပျိုကြီးတွေဟာ အီစီကလီ များတယ်ဗျ။ အဲ- သူတို့ကြိုက်တဲ့လူတွေပြီဆိုရင်တော့ တံတိုင်းတွေ့ တံတိုင်းဖောက်၊ တောင်တွေ့ တောင်ဖောက်၊ တောတွေ့ တောဖောက်နဲ့ ဖောက်တော့တာဗျ။ ပြောရရင် ကမ္ဘာ့ရှူးထိုးအချစ်"

"တိတ်စမ်းကွာ- မင်းက ငါ့ကို ပြောစရာမလိုဘူး။ အရေးကြီးတာ မင်းကိစ္စကွ။ ကိုင်း- ပြောစမ်း၊ မင်း ဘယ်လိုကြောင့် လူထွက်လာသလဲ။ အချစ်ကြောင့်လား၊ နော်ဇာက ဘယ်သူလဲ၊ ဆေးနာမည်လား။ ဒါမှမဟုတ် ဘာလဲ၊ အဲဒါ သဲသဲကွဲကွဲ ပြောစမ်းကွာ"

"ဟဲဟဲ- စိတ်ထောင်းတော့ ကိုယ်ကြေ၊ စိတ်ချွေတော့ ကိုယ်ပြား၊ စိတ်စားတော့ ကိုယ်ပျောက်၊ စိတ်နောက်တော့. . ."

"ဟာ- ဘာတွေလဲကွာ"

"စိတ်လေ အန်ကယ်ရဲ့၊ စိတ်. . . စိတ်"

"ဟင်- ဒုက္ခပါပဲကွာ"

ချာလီ ခေါင်းတုံးပွတ်ပြီး ထင်ရာတွေ ရွတ်နေသည်ကို ဦးပါတူး အူကြောင်ကျား ဖြစ်နေ၏။ ထိုအချိန် သူတို့အိမ်ရှေ့သို့ စပင်တာကားအဖြူလေးတစ်စီး ထိုးဆိုက်လာကာ ကားပေါ်မှ လူနှစ်ယောက် ဆင်းလာ၏။

တစ်ယောက်က ကပ္ပိယမောင်ငွေ၊ နောက်တစ်ယောက်က နော်ဇာ့မိခင်ကြီး ဒေါ်လဲ့ဝါ။ သူတို့နှစ်ယောက်ကို မြင်သည်နှင့် ရင်တခုန်ခုန် ခံစားနေရသူက ချာလီ။ လက်ညှိုးကြီး တထိုးထိုးလုပ်နေသည်မို့ ဦးပါတူး အိမ်အပြင်ကို လှမ်းကြည့်လိုက်၏။

ကိုယ်ပေါ်မှာ ရတနာတွေအပြည့် ဆင်ထားသော မိန်းမချောကြီး တစ်ဦး။ သူ့နောက်မှ လိုက်လာသော ကပ္ပိယမောင်ငွေ။ သူတို့နှစ်ဦးကို မြင်သည်နှင့် ဦးပါတူး ရင်ထိတ်သွား၏။

"ဟာ- မင်း. . . မင်း ဘုန်းကြီးကျောင်းမှာ ဘာပြဿနာတွေ ရှာခဲ့သလဲကွ။ ဟို. . . ဟိုမှာ ကပ္ပိယမောင်ငွေပါ လိုက်လာပြီ"

"မဟုတ်တာ အန်ကယ်ရယ်"

ထိုစဉ် သူတို့နှစ်ဦး အိမ်ပေါ်သို့တက်လာ၏။ ဦးပါတူးခမျာ ပါးစပ်က သမ္ဗုဒ္ဓေရွတ်နေရ၏။ ချာလီဆိုသည့်ကောင်က ဆူးလှည်း။ သွားလေရာ ပြဿနာရှာတတ်သူမို့ ခေါင်းတွေ ထူပူနေ၏။

"ကိုချာလီ"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ- လာလာ၊ ဟော- အန်တီလည်း ပါလာတယ်"

"အေးကွယ်၊ မောင်ချာလီကို တွေ့ချင်တာနဲ့"

"ဟုတ်လား၊ ထိုင်. . . ထိုင်ပါခင်ဗျ"

ဒေါ်လှဝါသည် ချာလီတို့၏ အိမ်အခြေအနေကိုကြည့်ပြီး ဦးပါတူးကို ပြုံးပြလိုက်၏။ ဦးပါတူးကလည်း ရောယောင်ပြီး ပြုံးပြလိုက်၏။

"ဟဲဟဲ ကျုပ်က ပါတူးပါ။ ဟောဒီ ချာလီ့ဦးလေးအရင်းပါ။ လူပျိုကြီးပေါ့ဗျာ"

"ရှင်"

"ဟာ- အန်ကယ်ကလည်း သန်းခေါင်စာရင်း လာစစ်တာကျနေတာပဲ။ ဒါ မနော်ဇာရဲ့အမေ ဒေါ်လှဝါတဲ့။ ဦးပဥ္စင်းဝတ်တုန်းက သိခဲ့ကြတာ"

"သြော်- ဒီလိုလား"

"အန်တီ ကိစ္စရှိလို့လား၊ ကျွန်တော် ဘာကူညီရမလဲပြော"

"ပြောရမှာတော့ အားနာပါတယ် ဦးပဥ္စင်းရယ်"

"ဗျာ"

"အဲလေ- မောင်ချာလီ၊ အန်တီ့သမီးလေ မင်းလူထွက်သွားပြီဆိုကတည်းက အိပ်ရာထဲလဲနေပြီကွယ့်။ သူက နှလုံးရောဂါသည်လေ"

"ဗျာ- မ. . . မနော်ဇာက နှလုံးရောဂါသည်"

"ဟုတ်တယ် မောင်ချာလီရယ်၊ သမီးဟာ သူ စေ့စပ်ထားခဲ့တဲ့ မောင်ဒေးဗစ်ကို တအား ချစ်တာကွယ့်။ အဲဒါ နိုင်ငံခြားမှာ အလုပ်သွားလုပ်ရင်း မုန်တိုင်းမိပြီး ပျောက်သွားပြီဆိုကတည်းက ဝေဒနာပိုဆိုးလာတာကွယ့်။ ပြောရရင် စိတ်ဝေဒနာလည်း ပါသပေါ့ကွယ်။ အဲဒါ မင်းနဲ့တွေ့တဲ့အချိန်ကစပြီး မင်းကို လူထွက်ခိုင်းတာ မှတ်မိမှာပေါ့"

"ဟုတ်. . . ဟုတ်ကဲ့၊ မှတ်မိပါတယ်"

"အဲဒီတုန်းက အန်တီ အားနာလိုက်တာ"

"ရပါတယ် အန်တီ၊ ကျွန်တော် လူတွေကို နားလည်ပေးရမှာပေါ့"

"ဟုတ်ပါတယ်ကွယ်၊ ခုလည်း မင်း လူထွက်သွားပြီကြားတော့ သူ မင်းကို တအား တွေ့ချင်နေတာ။ ပထမတော့ မင်း ဘယ်မှာနေမှန်းမသိလို့ နော်ဇာ အတော့်ကို စိတ်မကောင်းဖြစ်နေတာ။ ပြီးတော့ နှလုံးရောဂါကလည်း ဆိုးလာတော့ ဆေးရုံတင်ထားရတယ်လေ။ ခုလည်း မင်းကိုပဲ တွေ့ချင်တယ်ပြောတာနဲ့ အန်တီ ဒီကို ရောက်လာတာပါ"

"ဗျာ- မနော်ဇာ ဆေးရုံတင်ထားရတယ်"

"ဟုတ်ပါတယ်ကွယ်၊ ခုလည်း မင်းကို သမီးလေးဆီ ခေါ်လိုက်ခဲ့ဖို့ ခေါ်ရတာပါ။ မောင်ဒေးဗစ်နဲ့ မောင်ချာလီဟာ အမြွာညီအစ်ကိုလို့တောင်

www.burmeseclassic.com

www.burmeseclassic.com

ပြောလို့ရတယ်ကွယ့်။ ဒါကြောင့် သမီးလေးဟာ မင်းကို မောင်ဒေးဗစ်ပဲ ထင်နေတာ"

ဦးပါတူးသည် ဒေါ်လှဲ့ဝါ၏စကားကို နားထောင်ရင်း တူတော်မောင်၏ပြဿနာကို ရင်တခုန်ခုန်နှင့် နားစွင့်နေရ၏။ ချာလီကတော့ နော်ဇာ ဆေးရုံတင်ထားရသည်မို့ အစိုးရိမ်ကြီး စိုးရိမ်နေ၏။

"ဒါ. . . ဒါဆို အခု သူ ဆေးရုံမှာပေါ့"

"ဟုတ်ပါတယ်၊ အဲဒါ အန်တီတို့ကို ကူညီပါဦးကွယ်။ အဓိကတော့ သူ စိတ်ချမ်းသာဖို့ပါပဲကွယ်။ မောင်ချာလီကို ခုလို ကူညီတောင်းရတာ အန်တီ အားနာပါတယ်။ သမီးလေးရဲ့ဝေဒနာ ပိုဆိုးသွားမှာကို စိုးလို့ပါကွယ်"

"ကူညီပါ့မယ် အန်တီ။ ဒါပေမယ့် ဘယ်လိုကူညီရမှာလဲ"

"သြော်- တခြား မဟုတ်ပါဘူး၊ နော်ဇာလေးဘေးမှာ ခဏနေပေးဖို့ပါပဲ"

"ဗျာ"

"အန်တီ့ကို ကူညီပါ သားရယ်။ နော်ဇာဟာ အန်တီ့ရဲ့တစ်ဦးသော သမီးလေးပါ။ သမီးလေးကိုဆုံးရှုံးရမှာ အန်တီ တအားကြောက်လှတယ်။ ဒီက မောင်ကြီးလည်း ဝိုင်းပြောပေးပါကွယ်"

"ကူညီလိုက်ပါ ချာလီရာ။ မပူနဲ့၊ ကျွန်တော့်တူက ဒီလိုကိစ္စမျိုးကို ကူညီမှာ သေချာတယ်။ နော်- ချာလီ"

"ဟုတ်ကဲ့"

"ကိုင်း- ဒါဆို ခေါ်သာသွားပေတော့ဗျာ"

"ကျေးဇူးတင်လိုက်တာကွယ်"

ချာလီတစ်ယောက် ခေါင်းတစ်ချက်ကလေးမခါ။ အဝတ်အစား ကပျာကယာလဲကာ ဒေါ်လှဲ့ဝါတို့နှင့်အတူ နော်ဇာ့ဆီသို့ လိုက်သွားလေတော့၏။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

"အချစ်သည် မာယာများစွာထုဆစ်ကာ
အသနားခံတတ်သော ပါးစပ်နှင့်
နှလုံးသားရှေ့သို့ ရောက်လာတတ်၏"

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

နော်ဇာရှေ့ရောက်တော့ ချာလီတစ်ယောက် ဒူးတုန်လက်တုန် ဖြစ်နေ၏။ ဘယ်ကစပြီး စကားဆိုရမှန်းပင်မသိ။ နော်ဇာမှာ ခုတင်လေးပေါ်တွင် ကွေးကွေးကလေး အိပ်ပျော်နေ၏။ မျက်နှာကလေးက အတော်လေး ချောင်ကျသွားပုံပင်။

ဒေါ်လှဲ့ဝါသည် နော်ဇာ့ခုတင်ဘေးမှ ခုံကလေးကိုယူကာ ဝင်၍ထိုင်လိုက်၏။ လှုပ်ရှားသံကြောင့် နော်ဇာ မျက်လုံးပွင့်လာ၏။

"သမီး နော်ဇာ"

"ရှင်"

"ဒီမှာ ဘယ်သူလဲ ကြည့်စမ်း"

"ရှင်"

"ဒီမှာလေ၊ သေသေချာချာကြည့်ပါဦး သမီးရဲ့"

"ဟင်- ဟို. . . ဟို ဦးပဉ္စင်းလေး"

"ဗျာ- ကျွန်တော် လူထွက်လိုက်ပြီလေ။ ကျွန်တော့်နာမည် ချာလီပါ"

"ကို. . . ကိုချာလီ၊ ရှင်. . . ရှင် ကျွန်မဆီ နော်ဇာ့ဆီ တကယ်လာတယ်နော်။ နော်. . . နော်ဇာ ဝမ်းသာလိုက်တာ"

"ဟုတ်. . . ဟုတ်ကဲ့၊ မနော်ဇာ နေမကောင်းဘူးကြားလို့ လိုက်တာတာပါ။ ပြော. . . ပြောပါ နော်ဇာ၊ ကျွန်တော် နော်ဇာ့ကို ဘာကူညီရမလဲဟင်။ လိုအပ်တာပြောပါနော်"

"ကျွန်မ. . . ကျွန်မလေ"

"ပြောပါ နော်ဇာ၊ ဘာဖြစ်ချင်သလဲပြော"

"ဟို- ဟို ကို. . . ကိုချာလီ နော်ဇာ့နားမှာ ရှိနေရင် ကြီးပြီ"

www.burmeseclassic.com

 www.burmeseclassic.com 

"ဗျာ"

နော်ဇာ့စကားက သူ့ရင်ထဲသို့ မြားအစင်းပေါင်း ထောင်သောင်းနှင့် ပစ်ခတ်လိုက်သလိုပင်။ အသည်းနှလုံးတွေ ပွဲကြွေလွင့်စဉ်သွားသလားပင် ခံစားလိုက်ရ၏။

နော်ဇာသည် သူရောက်သည့်အချိန်မှစ၍ အိုင်ဒီယာတွေ ပြောင်းလဲကုန်၏။ ညှိုးညှိုးငယ်ငယ် ဖြစ်နေသော နော်ဇာ၏အသွင်အပြင်မှာ ချက်ချင်း ပြုံးပြုံးရွှင်ရွှင် ဖြစ်လာ၏။ တခွေခွေလုပ်နေရာမှ ကိုယ်ပေါ်က စောင်တွေဖယ်ရှားပြီး ထထိုင်လိုက်၏။ ခုတင်ဘေး စားပွဲပေါ်မှ ပန်းသီးတွေယူကာ ချာလီ့လက်ထဲ ထည့်ပေးလိုက်၏။

"ရော့- နော်ဇာ့ကို အခွံနွှာပေး"

"ဗျာ"

"အခွံနွှာပေးမှ စားမယ်နော်"

"ဟင်- ဟို. . . ဟိုဒင်း"

"နွှာပေးလိုက်ပါကွယ်"

"ဟုတ်. . . ဟုတ်ကဲ့"

ချာလီသည် ငွေဓားကလေးနှင့် ပန်းသီးတစ်လုံးကို အခွံနွှာပေးလိုက်ရ၏။ ထို့နောက် ခက်ရင်းကလေးနှင့်ထိုးပြီး ခွံ့ကျွေးမှ နော်ဇာ ဝမ်းသာအားရနှင့် စားလိုက်၏။ မိခင်လုပ်သူမှာ ဝမ်းသာအားရ ဖြစ်နေ၏။

ထို့နောက် ချက်ပြုတ်ထားသည့် ဟင်းထမင်းတွေကိုလည်း ချာလီ ခွံ့ကျွေးမှ နော်ဇာ ဝမ်းသာအားရနှင့် စားသောက်နေ၏။ ကပ္ပိယမောင်ငွေမှာ ချာလီ၏အခြေအနေကိုကြည့်ပြီး ပြုံးစိစိဖြစ်နေ၏။

"နေကောင်းရဲ့လား နော်ဇာ"

"အို- ကိုကိုရောက်လာမှ နော်ဇာ စားချင်သောက်ချင်စိတ် ပေါက်လာတာ၊ ကိုကိုလည်း စားလေ"

"ဟာ- နေ. . . နေပါစေ"

"အို- စားရမယ်၊ နော်ဇာကိုယ်တိုင် ခွံ့မယ်။ ပေး. . . ပေးဆို"

"ဗျာ- ဟို. . . ဟိုဒင်း"

"ငွန်းပေးစမ်းပါ၊ ကိုင်း- ပါးစပ်ဟ"

"ဗျာ"

နော်ဇာက ဇွတ်မှဇွတ်။ ကြက်ပေါင်ကြီးကိုခပ်ပြီး ချာလီ့ပါးစပ်ထဲ အတင်း ထိုးထည့်လိုက်၏။ ဒေါ်လှဲ့ဝါမှာ သမီးဖြစ်သူ ပြုံးပြုံးရွှင်ရွှင် ဖြစ်လာသည်ကိုကြည့်ပြီး အားရဝမ်းသာ ဖြစ်နေ၏။ ကပ္ပိယမောင်ငွေကလည်း ပြုံးစိစိ။ ချာလီခမျာ ချွေးတွေစို့လာ၏။ မိန်းမချော မိန်းမလှလေး ကျွေးသည်ကို တစ်ခါမျှ မစားဘူးသည်မို့ ရင်တုန်ပန်းတုန် ဖြစ်နေရ၏။

ထိုစဉ် မိခင်လုပ်သူထံမှ စကားသံထွက်လာ၏။

"နေကောင်းရဲ့လား သမီးလေး"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းသွားပြီ မေမေရဲ့၊ ဟောဒီ ကိုကို ပြန်လာလို့လေ။ ကိုကို ဘုန်းကြီးလူထွက်ပြီး ဘယ်ကိုထွက်ပြေးသွားတာလဲဟင်။ နော်ဇာ့မှာ ကိုကို့ကို တမျှော်မျှော်နဲ့။ နေနိုင်လိုက်တာ"

"ခင်ဗျာ၊ ကျွန်တော်. . ."

"ဘာကျွန်တော်လဲ၊ ကိုကိုလို့ ပြောစမ်းပါ"

"အင်- ဟုတ်ကဲ့၊ ဟို- ကိုဟိုဒင်း. . ."

"သမီးကလည်းကွယ်၊ ဒါ မောင်ချာလီလေ။ ဘယ့်နှယ် ကိုကိုက မှာလဲ"

"အို- ကိုကိုပဲ၊ ကိုကိုမှ ကိုကိုအစစ်။ နော်- ကိုကို"

"ဟုတ်. . . ဟုတ်ကဲ့"

"အို- အရေးထဲ ကိုကိုက ရှိသေနေပြန်ပြီ။ ကိုကို နော်ဇာတို့အိမ်ကို လိုက်ခဲ့နော်။ အိမ်ကျရင် ကိုကို့ကို နော်ဇာ ပီယာနိုတီးပြမယ်၊ သီချင်းဆိုပြမယ် လိုက်ခဲ့နော်။ မေမေ"

"ဘာတုံး သမီးရယ်"

"သမီး နေကောင်းသွားပြီလေ၊ ဆေးရုံက ဆင်းတော့မယ်"

"ဟင်- မဟုတ်တာ"

"အို- ကောင်းသွားပါပြီဆိုမှ။ အိမ်ရောက်ရင် သမီး ဆေးမှန်မှန် သောက်မယ်၊ ထမင်းလည်း မှန်မှန်စားမယ်။ ဒါပေမယ့် နော်ဇာ့ အနားမှာ ကိုကိုရှိနေမှ ဖြစ်မှာနော်"

"ဟင်- သမီးရယ်။ မောင်. . . မောင်ချာလီက အလုပ်တွေ ရှိသေးတယ်လေ။ သမီးနား အမြဲ ဘယ်နေနိုင်ပါ့မလဲကွယ်"

"အို- မရဘူး၊ နေရမှာပဲ။ ကိုကို နော်ဇာ့အနားမှာ အမြဲနေမှာ မဟုတ်လားဟင်။ ပြောလေ၊ ပြောပါလို့ဆို"

နော်ဇာ့မေးခွန်းကို သူ ဘာဖြေလို့ ဖြေရမှန်းမသိ။ ဒေါ်လှဲ့ဝါ၏ မျက်နှာကို လှမ်းကြည့်ရင်း အိုးတိုးအမ်းတမ်း ဖြစ်နေ၏။ ဒေါ်လှဲ့ဝါက ခေါင်းညိတ်ပြလိုက်၏။

"နေ. . . နေမှာပေါ့ နော်ဇာရယ်။ ကိုင်း- ဟောဒီဆေး သောက်လိုက်ပါဦး"

"သောက်မှာပေါ့၊ ကိုကို့ အဆိပ်တိုက်ရင်တောင် သောက်မယ်သိလား"

"အင်"

အခြေအနေက ထင်တာထက် ပိုဆိုးဝါးနေ၏။ မလိုက်လျော၍လည်းမဖြစ်။ နော်ဇာက သူ့ကို သူ့ချစ်သူနှင့် မှားနေသလိုပင်။

ဒေါ်လှဲ့ဝါကလည်း သူ့ကို တောင်းတောင်းပန်ပန် အမူအရာလုပ်နေသဖြင့် နော်ဇာ့အလိုကျ လိုက်လျောနေရ၏။ နောက်ဆုံး နော်ဇာ့ကို တာဝန်ယူထားသော အထူးကုဆရာဝန်ကြီးပင် အံ့ဩသွားခဲ့၏။


www.burmeseclassic.com

www.burmeseclassic.com

နော်ဇာ၏အခြေအနေကြည့်ပြီး ဝမ်းသာအားရနှင့် ပြောဆိုလိုက်၏။

"ဟာ- အတော့်ကို ကောင်းသွားပြီပဲ။ အံ့ဩစရာပါလား သမီးရဲ့"

"ဟုတ်တယ် ဒေါက်တာ၊ ဟောဒီ ကိုကိုရောက်လာလို့ သမီးရောဂါသက်သာသွားတောလေ"

"ဟုတ်လား၊ ဂွတ်- အဲဒီလို ဖြစ်ရမှာပေါ့ကွယ်။ ဒေါ်လှဲ့ဝါ"

"ပြောပါ ဒေါက်တာ"

"ခင်ဗျားသမီးလေး အလိုကျ လိုက်လျောပါ။ သူတို့ဟာ စိတ်အတက်အကျပေါ်မှာမူတည်ပြီး ဝေဒနာအခြေအနေ အတိုးအဆုတ်ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဟောဒီသမီးလေး စိတ်ချမ်းသာအောင်ထားပါ"

"ဒေါက်တာ"

"ပြောလေ သမီးရယ်"

"ဟို. . . ဟိုလေ နော်ဇာ ဆေးရုံက ဆင်းလို့ရပြီးလားဟင်။ ဆေးရုံက ဆင်းလို့ရရင် ဆင်းချင်တယ်"

"ဆင်းရမှာပေါ့။ သမီးဆင်းချင်ရင် မနက်ဖြန်ဆင်းပေါ့ ဟုတ်လား"

"တကယ်လား"

"တကယ်ပေါ့ကွယ်"

နော်ဇာတစ်ယောက် အပျော်ကြီး ပျော်နေ၏။ ချာလီ့ခမျာ ကြုံတွေ့နေရသော အဖြစ်က အူလည်လည်ဖြစ်နေ၏။ နော်ဇာ့ဆီကပြန်တော့ ကပ္ပိယမောင်ငွေနှင့် ဒေါ်လှဲ့ဝါပါ ဆေးရုံပေါ်မှ ဆင်းလိုက်လာ၏။

ဒေါ်လှဲ့ဝါသည် ဆေးရုံအောက်ဘက်ရှိ စားသောက်ဆိုင်တွင် ထိုင်ရင်း သမီးဒုက္ခကို အကူအညီတောင်းလိုက်၏။

"မောင်ချာလီရယ်၊ သမီးနားမှာ လေးငါးဆယ်ရက်လောက်တော့ နေပေးပါလားကွယ်။ အန်တီ ခုလို ကူညီတောင်းရတာ အားတော့နာပါတယ်"

"ရပါတယ် အန်တီ၊ ဒါပေမယ့် မနော်ဇာဟာ သူ့ချစ်သူနဲ့ ကျွန်တော့်ကို အထင်မှားနေတာဆိုတော့. . ."

"အို- ဒီအဖြစ်ကို သူလည်း သိပါတယ်ကွယ်။ ဒါပေမယ့် အဲဒီလို ထင်ယောင်ထင်မှား မြင်နေတာကိုလည်း သူကိုယ်တိုင် သိပါတယ်။ ဒါပေမယ့် ဝေဒနာသက်သာတဲ့အထိ အန်တီတို့ကို ကူညီပါကွယ်"

"ကူ. . . ကူညီပါ့မယ်"

ချာလီလည်း အူလည်ချာလည်နှင့် ခေါင်းညိတ်လိုက်ရ၏။ ဒေါ်လှဲ့ဝါ ပြန်သွားတော့ သူနှင့် ကပ္ပိယမောင်ငွေတို့သာ ကျန်ခဲ့၏။ မောင်ငွေကတော့ ထုံးစံအတိုင်း ပြုံးဖြီးဖြီး။

www.burmeseclassic.com

www.burmeseclassic.com

"ဟော့လူ၊ ခင်ဗျား ဘာရယ်တာလဲဗျ"

"ဟဲဟဲ ကိုချာလီကလည်းဗျာ၊ ပါရမီဖြည့်တယ်လို့ သဘောထား လိုက်ပေါ့"

"ဟာ- ဒီကိစ္စဟာ တစ်မျိုးကြီးဗျ၊ ဒီကိစ္စက ဓားခုတ်ရာ လက်ဝင် လျှိုတဲ့ သဲဘော။ ကြားထဲက ကျုပ်ပဲ ရင်ကွဲရမှာဗျ။ ကျုပ်က အချစ်တွေ အချက်တွေ မကြုံဖူးဘူးဗျ"

"ဟာ- ဒီလိုဆို ပိုကောင်းတာပေါ့ ကိုချာလီရာ။ အရွယ်ရောက် သူတိုင်းဟာ အချစ်နဲ့ ထိတွေ့ဆက်ဆံသင့်တယ်။ ရင်ကွဲတာတို့၊ ရင်အောင့်တာတို့၊ ရင်နာတာတို့. . ."

"ဟာဗျာ- ခင်ဗျားကလည်း ရင်တွေထပ်နေပြီ"

"ဟဲဟဲ ရင်ဘတ်ပြဿနာလေ၊ ဒါမှ အတွေ့အကြုံရတာပေါ့"

"ဟာ- ကျုပ်တော့ မနော်ဇာနား ထိုင်လိုက်တိုင်း ရင်တွေခုန်၊ ခြေတွေလက်တွေအေးစက်နဲ့ ဘယ်လိုနေရမှန်းတောင် မသိပါဘူး ဗျာ"

"အဲဒီလို ဖြစ်လာတာကိုက ခင်ဗျားရင်ထဲ အချစ်တွေ ရောက်လာ တာဖြစ်မှာပေါ့ဗျာ"

"တော်စမ်းပါဗျာ၊ ကျုပ်အဖြစ်က အူလည်ချာလည်နဲ့ ချော်လဲရော ထိုင်ကိစ္စကြီးဗျ"

"ကောင်းတာပေါ့၊ အဲဒီလို ဇာတ်လမ်းတွေက စ,တာပဲလေ။ ကိုင်း- ကျုပ် ကျောင်းပြန်မယ်ဗျာ။ အန်ကီဝါက ခင်ဗျားကို ရှာပေးပါဆို တာနဲ့ ဟိုမေးဒီမေးလုပ်ရင်း ခင်ဗျားဆီ ရောက်လာတာ"

"ပြဿနာရဲ့လက်သည်က ခင်ဗျားပဲ၊ ခင်ဗျား ခေါင်းရှောင်သွားလို့ မရဘူးနော်"

"ဟဲဟဲ ဒီဇာတ်မှာ ခင်ဗျားက ခေါင်းဆောင်မင်းသားလေ။ ဒီတော့ ခင်ဗျားအပိုင်း ရောက်လာပြီဗျ။ ခင်ဗျားဇာတ် ခင်ဗျားနိုင်အောင် သာ ကပေတော့"

"ခင်ဗျားဗျာ. . ."

ကပ္ပိယမောင်ငွေက ပြောချင်ရာပြောပြီး ထွက်သွား၏။ ချာလီ ခမျာ ယခုအထိ ရင်ခုန်မပြေသေး။ အိမ်ဖြန်ရောက်သည်အထိ နော်ဇာ ဝေဒနာကို တထိတ်ထိတ် ခံစားနေရဆဲ။

ထိုအချိန် အိမ်ပေါက်ဝထိုင်နေသော ဦးပါတူးခမျာ ချာလီ့ကိုကြည့် ပြီး ပြုံးပြုံးပြုံး မေးလိုက်၏။

"ဘယ်လိုတုံးကွ၊ မင်း လိုက်သွားတဲ့ကိစ္စ အဆင်ပြေရဲ့လား"

"ဟာ- ရှုပ်ထွေးနေတာပဲ အန်ကယ်ကြီးရာ။ အဲဒီ ကောင်မလေး က ကျွန်တော့်ကို သူ့ချစ်သူနဲ့ မှားနေတာဗျ"

"အဲဒါ ကောင်းတာပေါ့ကွ။ သူ့အမေက တော်တော် ကျွတာပဲ



www.burmeseclassic.com

သမီးက ပိုချောမှာပေါ့"

"ဟာ- အန်ကယ်ကလည်းဗျာ၊ ကျွန်တော် ခံစားနေရပြီဗျ"

"ဟေ- ဘယ်လိုခံစားနေရတာလဲ"

"ဟာ- ကျွန်တော် အဲ. . . အဲဒီကောင်မလေးကို ချစ်မိနေသလိုပဲဗျာ"

"ဟေ- ကောင်းရောကွာ။ မင်းဥစ္စာ တစ်နှစ်တစ်ယောက် ပြောင်းတဲ့အချစ်ပါလားကွ"

"ဒီလိုပေါ့ အန်ကယ်ကြီးရာ၊ ဒါပေမယ့် ခုဥစ္စာ အယောင်ဆောင်ကြီးဗျ။ အဲဒီလို ဘဝကြီးတော့ မနေချင်ဘူးဗျာ"

"အောင်မယ်- မင်းနဲ့ ငါနဲ့ နေရာချင်းလဲမလား"

"ဗျာ"

ဦးပါတူး ဝင်ပြောလိုက်သည့်စကားကြောင့် ချာလီ အူကြောင်ကြောင် ဖြစ်သွား၏။ ဦးပါတူးကတော့ သူ့စကားနှင့်သူ ပြုံးစိစိဖြစ်နေ၏။ ထိုစဉ် သူတို့အိမ်ပေါ်သို့ စိုးတင့် ရောက်လာ၏။

"ဟာ- ကိုစိုးတင့်ပါလား"

"ဟုတ်ပ့ါကွာ၊ မင်း မလာတော့ ငါ လာရတာပေါ့ကွ။ မင်းအတွက် လုပ်ခတွေ လာပေးတာလေ"

"ဟေ- ဟော့ကောင် စိုးတင့်၊ မင်းတို့ကိစ္စက ဟုတ်မှဟုတ်ရဲ့လားကွ။ ဘယ်ကပိုက်ဆံတွေ ချေငှားလာတာလဲ"

"ဟာ- ဦးပါတူးကလည်း ဒီကောင် ရှယ်ယာဝင်လိုက်တာ စာအုပ်ဆိုင်က အတော့်ကို ဝင်ငွေမှန်လာတာဗျ။ ဒါကြောင့် ဒီကောင့်လုပ်ခတွေဖယ်ပြီး ကျွန်တော် လာပေးတာဗျ။ ဦးပါတူး အားရင် ကျွန်တော့်စာအုပ်ဆိုင် လာထိုင်ပါလားဗျ"

"ဟေ- မင်းက ငါ့ကို လခပေးမလား"

"ဟာ- ပေးမှာပေါ့ဗျာ"

"အေးကွ မဆိုးဘူး၊ ငါ စဉ်းစားဦးမယ်"

"ဦးပါတူးကလည်း စာအုပ်ဆိုင်ထိုင်ရင်း ဇာတ်လမ်းလေးတွေ ဖြစ်လာနိုင်တယ်ဗျ"

"ဟေ- ဟို ငါ့တူဇာတ်လမ်းမျိုးလား။ ဒါဆို ငါလုပ်မယ်ကွာ"

ဦးပါတူးတစ်ယောက်ကတော့ တက်တက်ကြွကြွ ဖြစ်နေ၏။ ထိုစဉ် သူတို့နှစ်ယောက် အိမ်ပေါ်မှဆင်းခဲ့ကြကာ လမ်းထိပ် လက်ဖက်ရည်ဆိုင်တွင် ထိုင်လိုက်၏။ ချာလီသည် သူကြုံနေရသော အခြေအနေကို အသေးစိတ် ပြောပြလိုက်၏။

စိုးတင့်က သူ့စကားကို နားထောင်ရင်း ပြုံးဖြီးဖြီး ဖြစ်နေ၏။

"ဘာရယ်တာလဲဗျ၊ ကျုပ်တော့ ဘာလုပ်လို့ လုပ်ရမှန်းမသိတော့ဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ- အဲဒါ ကိုယ့်ကွန်ချက်ထဲ ခေါင်းတိုးဝင်လာတဲ့ ငါးပဲကွ။ ရိုက်သာချက်စားပစ်လိုက်"

"ဟာဗျာ၊ ကျွန်တော် အဲဒီလိုတော့ မလုပ်ရဲဘူး။ သူက ကျွန်တော့်ကို ဟို- ဒေးဗစ်ဆိုတဲ့လူနဲ့ မှားနေတာဗျ"

"ဘာဖြစ်သလဲကွာ၊ အဲဒီ ဒေးဗစ်က သေသွားပြီပဲ။ ဒီတော့ မင်းသူ့ကို ချစ်ပစ်လိုက်။ အချစ်ဆိုတာ တစ်ချစ်တည်း ချစ်လို့ကတော့ ငါ့လို အူလည်ချာလည် ဖြစ်မှာပဲကွ။ များများချစ်လေ ကောင်းလေကွ"

"ဟာဗျာ၊ ကျွန်တော့်စိတ်ထဲတော့ အူချာချာကြီးဗျာ။ ကုသိုလ်ကံကလည်း ဆိုးလိုက်တာ၊ ရရင်လည်း ပိုင်ပိုင်နိုင်နိုင်ကြီး ရချင်တာဗျ။ ခုတော့ မပိုင်ဝက်မွေး"

"ဘယ်က ဝက်ရမှာလဲကွ၊ ခုဥစ္စာ ကိန္နရီလေးကွ"

"တော်ပါတော့ဗျာ၊ ရင်ထဲ ခုထိ ခုတုတုကြီး ခံစားနေရတုန်းဗျ။ နှင်းမီမီတုန်းက ရင်ဘတ်ကြီး ဗုန်းခနဲမြည်အောင် ပွင့်သွားခဲ့ပြီးပြီ"

"ဒါဆို ဒီတစ်ခါ ရင်ဘတ်မဟုတ်တော့ဘူးပေါ့ကွာ။ ဟဲဟဲ ဒီတစ်ခါ နောက်ကျောကြီး ဒိုင်းခနဲ ပွင့်သွားတာပေါ့။ ကောင်းတယ်၊ အဲဒီလို ပွင့်သွားမှ မင်းရဲ့ဝေဒနာတွေ ဖူးပွင့်လာမှာကွ"

"တော်ပါတော့ဗျာ"

"ဟာ- မင်းဦးလေး ကိုပါကြီးဆို ပွင့်ချင်လို့တောင် မပွင့်ရဘဲ ပိတ်ဆို့နေတာ မင်းအမြင်ပဲ။ ပွင့်စရာရှိရင် ပွင့်သာပွင့်လိုက်ကွာ"

"ခင်ဗျားကတော့ လုပ်ပြီ"

စိုးတင့်စကားတွေက တောက်မည့်မီးခဲ ယပ်ခတ်ပေးသည့်နှယ်ပင်။ ဆက်ပြောလျှင် ဝေဒနာ ပို၍ တိုးလာနိုင်သည်။ စာအုပ်ဆိုင်ဘက်သို့ လျှောက်ခဲ့ကြ၏။

ဆိုင်ထဲဝင်လိုက်သည်နှင့် စိုးတင့်မိန်းမက စိုးတင့်ကို ပိတ်ပြောလေ၏။

"ဘယ်လိုဖြစ်နေကြသလဲ၊ ဆိုင်ကြီးဖွင့်ပြီး ဒီလိုပဲ လျှောက်သွားနေတော့မှာလား။ ကလေးတွေလည်း လှည့်ကိုမကြည့်နိုင်ဘူး၊ ဟင်းထမင်းလည်း မချက်နိုင်ဘူး။ ကျုပ် ဘာဆက်လုပ်ရမလဲပြော"

"ဟာ- မင်းကလည်း အားအားရှိ ပြဿနာပဲ လိမ့်ရှာနေသကွာ။ ဒီမှာ စီးပွားရေးကိစ္စ တိုင်ပင်နေရတာကွ။ မင်းတို့မိန်းမတွေက ဘာတစ်ခုမှ နားမလည်ဘူး"

"အောင်မလေးတော်- စီးပွားရေး ဟုတ်လား၊ ဘာစီးပွားရေးလဲ"

"တော်ကွာ၊ မင်းလုပ်စရာရှိတာ သွားလုပ်ပေတော့။ ငါတို့ ဆိုင်ကြည့်ထားမယ်"

www.burmeseclassic.com

စိုးတင့်တစ်ယောက် လူတွေကြားမို့ မိန်းမလုပ်သူကို ဖိဟောက်လိုက်၏။ အိမ်ပေါ်ရောက်လျှင်တော့ ငရုတ်ကျည်ပွေ့လား၊ ခုံဖိနပ်လား တွေးပြီး ရင်တထိတ်ထိတ် ဖြစ်နေရ၏။

ချာလီသည် စာအုပ်စားပွဲတွင် ဝင်ထိုင်ရင်း နော်ဇာ့အကြောင်းကို တွေးနေမိ၏။ နော်ဇာသာ သူ့ချစ်သူစစ်စစ် ဖြစ်လိုက်လျှင် ဘယ်လောက်ကောင်းမလဲဟုတွေးကာ ရင်ထဲ တစ်တစ်ဆို့ဆို့ကြီး ခံစားနေရ၏။

* * *

နော်ဇာသည် သူ့ကိုမြင်သည်နှင့် ဝမ်းသာအားရ ဖြစ်နေ၏။

"ကိုကို တော်တော်ကြာဆိုရင် နော်ဇာ ဆေးရုံပေါ်က ဆင်းရမယ်တဲ့။ ကိုကိုပါ အိမ်ကိုလိုက်ခဲ့ရမှာနော်"

"လိုက်. . . လိုက်ပါ့မယ်ဗျာ"

"ကိုကို"

"ဗျာ"

"ကိုကိုမရှိရင် နော်ဇာ မနေတတ်ဘူး"

"ကျွန်တော်လည်း အဲအဲ- ကိုကိုလည်း နော်ဇာမရှိရင် မနေတတ်ပါဘူး"

"တကယ်လား"

"တကယ်ပါ နော်ဇာရယ်"

နော်ဇာ့မျက်နှာဝင်းဝင်းလေးကိုကြည့်ရင်း ရင်တွေခုန်လိုက်ရသည့်ဖြစ်ခြင်း။ ထိုအချိန် နော်ဇာ၏မိခင်နှင့် နော်ဇာ၏ဦးလေးဆိုသူ ရောက်လာ၏။ ဦးလေးနာမည်က ဦးငွေရ။ အသွင်က ဘယ်သူ့မှ မထီသည့်အသွင်။ ဝတ်စားထားသည်မှာလည်း တကယ့် အနောက်တိုင်း မင်းသားကြီးအလားပင်။

ချာလီ့ကိုကြည့်ပြီး လက်ညှိုးတထိုးထိုးနှင့် မေးလာ၏။

"သူ ဘယ်သူလဲ မမ"

"ဩော်- ဟို. . . ဟိုဒင်းလေ"

"ဟော့ကောင်၊ မင်း ငါ့တူမနားကပ်ပြီး ဘာလုပ်တာလဲကွ။ သွားစမ်း"

"ဗျာ"

"အန်ကယ်၊ အန်ကယ် ဘယ်လိုပြောလိုက်တာလဲ။ ဒါ သမီးချစ်သူလေ၊ အန်ကယ် မမှတ်မိဘူးလား"

"ဟေ- ဟာ မဟုတ်ဘူးလေ"

"ဟုတ်ပါတယ်၊ သေသေချာချာကြည့်ပါဦး အန်ကယ်ငွေရ။ ကိုကိုမှ ကိုကိုအစစ်။ ကိုကိုက နော်ဇာ မသိအောင် ပုန်းနေတာ၊ ခုတောင် မနည်းဆွဲခေါ်ထားရတာ"

"ဟင်"

ဦးငွေရမှာ ချာလီကိုကြည့်ပြီး ခေါင်းတယမ်းယမ်း ဖြစ်နေ၏။

ထိုစဉ် ဒေါ်လှဲ့ဝါက ဦးငွေရကို လက်ကုတ်ကာ အပြင်ကို ခေါ်ထုတ်သွားပြီး အဖြစ်အပျက်ကို တီးတိုးပြောပြလိုက်၏။ ထိုအချိန်အထိ ဦးငွေရက ဆူပွဆူပွ လုပ်နေဆဲ။

"ဟာ- မမကလည်းဗျာ ဘယ်ကကောင်မှန်းလဲမသိ၊ တော်ကြာ နော်ဇာလေးကို မတရားစော်ကားသွားမှ"

"အို- သူက ဘုန်းကြီးလူထွက်လေ"

"ဗျာ- ဘုန်းကြီးလူထွက် ဟုတ်လား။ တော်တော် အပြက်အပြက်နဲ့ နှာခေါင်းသွေးထွက်နေမှခက်မယ်"

"မပူပါနဲ့၊ ဒီကိစ္စ မမ ကြည့်စီစဉ်ပါ့မယ်ကွယ်။ လောလောဆယ် မင်းတူမလေး နေထိုင်ကောင်းဖို့သာ အဓိကမဟုတ်လားကွယ်"

"အင်းလေ- ဒါဆိုလည်း သတိတော့ထားပေါ့ဗျာ။ လူတွေက ယုံရတာ မဟုတ်ဘူး မမရဲ့"

"ငါသိပါတယ်၊ ခုတော့ အလိုက်အထိုက်ပေါ့ဟယ်"

အစ်မလုပ်သူ၏စကားကြောင့် ဦးငွေရလည်း ဒေါသတွေ ပြေသွား၏။ သို့နှင့် နော်ဇာ့ကို ဆေးရုံပေါ်မှ ခေါ်လာခဲ့၏။ ချာလီတစ်ယောက် နော်ဇာ့အနားက မခွာရ။ စားတာသောက်တာကအစ ချာလီမှ ချာလီ။

ချာလီ တိုက်မှသောက်၏။

ချာလီ ထမင်းကျွေးမှ စား၏။

ချာလီ ပြုံးခိုင်းမှပြုံး၏။

အစစအရာရာ ချာလီမှ ချာလီ။

နော်ဇာတို့အိမ်ကြီးမှာ ကျယ်ဝန်းလှပြီး အစစအရာရာ လိုလေသေးမရှိအောင် ပြည့်စုံလှ၏။ ဒေါ်လှဲ့ဝါက စိန်ပွဲစားတစ်ဦးဖြစ်ပြီး မြို့ထဲတွင်လည်း စိန်ရွှေရတနာဆိုင်ကြီး ဖွင့်ထား၏။

ဦးငွေရက အစ်မလုပ်သူ၏ဆိုင်ကို ဦးစီးရ၏။ ဦးငွေရသည် အစ်မလုပ်သူ၏စကားကို နားထောင်ရသော်လည်း အစ်မကွယ်ရာတွင် ချာလီ့ကို ရန်လုပ်တတ်၏။

တစ်ချိန်တွင် ချာလီတစ်ယောက် နော်ဇာဆီရောက်လာရာ နော်ဇာ့ကို အိမ်အောက်ထပ်မှာ မတွေ့ရဘဲ ဦးငွေရကို တွေ့လိုက်ရ၏။ ဦးငွေရသည် သူ့ကို မြင်မြင်ချင်း မျက်စောင်းကြီး တခဲခဲနှင့် ပြောလိုက်၏။

"ထိုင်စမ်းပါဦးကွ"

"ဗျာ- ဟုတ်. . . ဟုတ်ကဲ့"

ချာလီက ဦးငွေရရှေ့ ခပ်ရွံ့ရွံ့နှင့် ဝင်ထိုင်လိုက်ရ၏။ ဦးငွေရသည် ချာလီ့ကို မထီတထီ အကြည့်နှင့်ကြည့်ပြီး ပြောလိုက်၏။

"ဘယ်လိုလဲကွ၊ မင်း ငါ့တူမ အနားက ဘယ်တော့ခွာမှာလဲပြော"

"ဗျာ- ဟို. . . ဟိုဒင်းလေ"

 www.burmeseclassic.com 

"စကားကို ရှင်းရှင်းပြောကွာ၊ ကြာလေ ငါ့တူမက ဝေဒနာတွေ တက်လာလေပဲကွ။ ဒီတော့ မင်းက အရင်ခွာမှ ဖြစ်မှာ"

"ဟင်- ဒီ. . . ဒီလိုပါ ဦးလေးရယ်၊ ကျွန်တော်လေ. . ."

"ဘာဖြစ်သလဲကွ"

"ဟိုဒင်းလေ၊ နော်ဇာ့အပေါ် ဟိုဒင်းဖြစ်နေလို့"

"ဘာကွ၊ ဘာဟိုဒင်းလဲ။ ငါ့ကို ရှင်းရှင်းပြောစမ်းကွာ။ ငါက ရှုပ်ရှုပ်ထွေးထွေးပြောတာ မကြိုက်ဘူးကွ"

"ဒီလိုပါ အန်ကယ်ကြီးရယ်၊ ကျွန်တော်လေ နော်. . . နော်ဇာ့ကို မခွဲနိုင်အောင် ချစ်နေပါပြီခင်ဗျာ"

"ဘာကွ- တိတ်စမ်း"

"ခင်ဗျာ၊ ဘာဖြစ်လို့လဲ ဦးရယ်။ အဲလေ- အန်ကယ်ကြီးရယ်"

"ဟေ့ကောင်၊ မင်းက ငါ့ကို ယီးတီးယားတား လုပ်နေတာလား။ ငါ့နာမည် ငွေရကွ၊ ငါက ဘာလုပ်လုပ် အကျိုးရှိမှ လုပ်ချင်တဲ့ကောင်ကွ"

"ဟုတ်ပါတယ် အန်ကယ်ကြီးရယ်၊ ကျွန်တော်လည်း အကျိုးရှိမှ လုပ်ချင်ပါတယ်"

"အောင်မယ်- မင်းကများ။ ခုဆို မင်းက ငါတို့အိမ်ကြီးမှာ စားလိုက် သောက်လိုက်၊ ငါ့တူမလေးကို မြှူလိုက်နဲ့ အတော့်ကို ဟုတ်နေပါလား။ ဘယ်မှာလဲ မင်းဆီက အကျိုးအမြတ်"

"ဗျာ- အကျိုးအမြတ်၊ ဟို- ကျွန်တော်က အကျိုးဆောင်ပေးရတာလေ"

"ဘာကွ- တော်ပြီ၊ ဒီကိစ္စ ရပ်တန်းကရပ်တော့။ ငါ့တူမလည်း မင်းလက်ထဲ ပါတော့မှာ သေချာတယ်"

"အဲဒါမကောင်းဘူးလားဗျာ"

"ဘာကွ- တန်ရာတန်ရာ ပြောစမ်းကွာ။ ငါတို့က တကယ့် ဆွေကြီးမျိုးကြီးကွ"

"ဟာ- အန်ကယ်ကြီးကလည်း ကျွန်တော်လည်း ရွှေကြီးမျိုးကြီး ထဲကဗျ။ ကျွန်တော့်အဖေက ဂရိတ်ကြီး။ ကျွန်တော့်အဘိုးဆို လည်း ဂရိတ်ကြီးဗျ။ အိုဗျာ- ကျွန်တော်တို့တစ်မျိုးလုံးက ဂရိတ် မျိုးတွေဗျ။ ငယ်ငယ်တုန်းက ကျွန်တော့်ကို ဂရိတ်ချာလီလို့တောင် ခေါ်တာ"

"ဟင်"

"ဦးလေး အဲလေ- အန်ကယ်ကလည်း ဂရိတ်၊ ကျွန်တော်ကလည်း ဂရိတ်ဆိုတော့ ဂရိတ်,ဂရိတ်ချင်း တွေ့ပြီး မဟာဂရိတ်ကြီး ထူ ထောင်ကြတာပေါ့။ မဟုတ်ဘူးလား"

"မဟုတ်ဘူး။ မင်းဟာ ဘယ်နည်းနဲ့မှ ဂရိတ်မဟုတ်ဘူး။ ငါ မင်းတို့

www.burmeseclassic.com

www.burmeseclassic.com


မယုံဘူး"
"ဟာဗျာ၊ အန်ကယ်က ဇွတ်ကြီးပါလား"
"မင်းကို ငါ တစ်ခွန်းပဲပြောမယ်၊ ငါ့တူမကို ခုချိန်ကစပြီး ခပ်ခွာခွာနေပါ။ ငါ့တူမအတွက် ငါ ကြင်ရာတော်တစ်ယောက် ရွေးထားပြီ။ မနက်ဖြန် ငါကိုယ်တိုင် ငါ့တူမဆီ ခေါ်လာမယ်"
"ဗျာ- ကြင်ရာတော်လောင်း"
"အေး- သူက အမေရိကားက ပြန်လာတာ မကြာသေးဘူးကွ၊ လူပျိုကြီး။ သိန်းပေါင်း ထောင်ချီ ချမ်းသာတယ်။ မင်းနဲ့များ တခြားစီပဲ"
"ရက်စက်လိုက်တာဗျာ။ ကျွန်တော်တို့နှစ်ယောက်ဟာ သံယောဇဉ်တွေ၊ အချစ်တွေ၊ အကြင်နာတွေ၊ မေတ္တာတွေနဲ့ ဖွဲ့စည်းထား"
"တိတ်စမ်း- အဲဒါတွေ ငါမကြားချင်ဘူး။ ဘယ်ဝတ္ထုစာအုပ်ထဲက အလွတ်ကျက်ထားတဲ့ စကားတွေလဲ။ ဟေ့ကောင်- မြွေမြွေချင်း ခြေမြင်ပါတယ်ကွာ ဟဲဟဲ"
"ဗျာ- အန်ကယ်က မြွေကြီးလား"
"ဘာကွ"
"သိဘူးလေ။ ခွင့်လွှတ်ပါ အန်ကယ်ကြီးရာ၊ ကျွန်တော် နော်ဇာ့ကို တကယ် ချစ်တာပါ"
"တော်စမ်းပါကွာ၊ ရူးရူးနှမ်းနှမ်း စကားတွေ မပြောနဲ့။ အရေးကြီးတာ ငါပြောတာကို မင်းလုပ်ပေတော့။ ကိုင်း- ခုချိန်ကစပြီး လုပ်ပေတော့ကွာ"
"ဗျာ- ဘာလုပ်ရမှာလဲ"
"ဟာ- လှည့်ပြန်ပေါ့ကွာ။ နော်ဇာ့ကို မင်းတွေ့စရာမလိုတော့ဘူး။ မင်းပြန်ပေတော့"
"အင်- ဟို. . . ဟိုဒင်း နော်ဇာ့မျက်နှာလေးတော့ ကြည့်. . ."
"တော်စမ်းကွာ- နော်ဇာ့မျက်နှာ မကြည့်နဲ့၊ ငါ့မျက်နှာကိုပဲကြည့်"
"ဟာ- အန်ကယ့်မျက်နှာက စူပွပွကြီးဗျ။ ပြီးတော့ နဖူးကြီးကြီး၊ နှာခေါင်းကြီးကြီးနဲ့ ကြည့်လေ ကြောက်စရာကောင်းလေ. . ."
"ဘာ-တော်စမ်း မင်း အခုချက်ချင်း လှည့်ပြန်တော့။ ပြန်ကွာ၊ ပြန်တာအကောင်းဆုံး"
"ဗျာ- ပြန်ရမယ်"
"ပြန်ဆို"
"ပြန်ဆိုတော့လည်း ပြန်. . ."
"ကိုကို"
"ဟင်"
"နော်ဇာ အပေါ်ကိုတက်လေ၊ ဘာဖြစ်လို့ ဆင်းလာတာလဲ"


www.burmeseclassic.com

www.burmeseclassic.com


"အို- သမီး ကိုကို့အသံကြားလို့ အောက်ကို ဆင်းလာတာ။ လာ ကိုကို၊ နော်ဇာ ကိုကို့ကို စောင့်နေတာ။ လာပါဆို"

"အင်း- ဟို. . . ဟိုဒင်း"

"လာစမ်းပါဆို"

"ဟာ- ပြဿနာပဲကွာ"

တူမလုပ်သူ အဖြစ်သည်းနေမှုကြောင့် ဦးငွေရမှာ မရိုးမရွ ခံစားနေရ၏။ ချာလီကိုလည်း မျက်စောင်းတထိုးထိုး။ နော်ဇာသည် ချာလီကို လက်ဆွဲပြီး အိမ်ကြီးအပေါ်ထပ်သို့ အတင်း ခေါ်သွားခဲ့၏။

ဦးငွေရ တောက်တခေါက်ခေါက် ဖြစ်နေ၏။ ထိုစဉ် အစ်မလုပ်သူ ဆိုင်မှ ပြန်ရောက်လာတော့ အစ်မကို ဒေါ်နှင့်မောနှင့် ပြောဆိုလေ၏။

"ခက်ပဲ့ မောင်လေးရယ်၊ မင်းတူမရောဂါက. . ."

"ဟာ- မမကလည်းဗျာ၊ ခွေးအရောဝင် နားလျက်ပါးလျက်ဗျ"

"အို- မင်း ဘယ်လိုပြောလိုက်တာလဲ၊ မောင်ချာလီဟာ အမျိုးကောင်းသားတစ်ဦးပါကွယ်"

"ခက်ပဲ့ မမရာ။ ကျွန်တော် ခေါ်လာမယ့်သူက သူ့ထက် အဆ တစ်ထောင်လောက် သာတယ်ဗျ။ ငွေကို သိန်းထောင်ချီရှိတာ။ ဒီတော့ ဒီကောင့်ကို အဲဒီအတိုင်း လွှတ်ပေးထားလို့ မဖြစ်ဘူး။ မြန်မြန်မောင်းထုတ်မှ ဖြစ်မှာပေါ့"

"သြော်- မမလည်း နားလည်ပါတယ်ကွယ်။ ဒါပေမယ့် သမီးက"

"ဒါက တဖြည်းဖြည်း ပျောက်သွားမှာပေါ့ မမရာ။ ဘာမှ မပူနဲ့၊ ဒီကိစ္စ ကျွန်တော် ရှင်းမယ်"

"အို- ဖွတ်တော့ မလုပ်ပါနဲ့ကွယ်"

"မလုပ်ပါဘူးဗျာ၊ နော်ဇာလေးကောင်းဖို့ ကျွန်တော် စီစဉ်တာပဲ ဟာ။ မမ အသာနေ"

ဒေါ်လှဲ့ဝါလည်း မပြောသာတော့။ ဦးငွေရမှာ မာန်မာနကြီးလှသူ ဖြစ်ပြီး အနေအထိုင်ကအစ မောက်မာလှ၏။ ဒေါ်လှဲ့ဝါ၏ စိန်ရွှေရတနာ လုပ်ငန်းမှာလည်း ဦးငွေရကြောင့် တစ်စတစ်စ တိုးတက်ကြီးပွားလာခဲ့ရ ခြင်း ဖြစ်လေရာ ဦးငွေရ၏စကားကို ဒေါ်လှဲ့ဝါက မလွန်ဆန်သာ။

ထိုအချိန်တွင် ချာလီသည် ဦးငွေရ၏စကားကြောင့် ရင်နင့်အောင် ခံစားနေရ၏။ နော်ဇာကတော့ ဘာမှ မသိရှာ။ သူ့ကို ထမင်း အတင်း ခွံ့ခိုင်း၏။ စကားတွေ အတင်းပြောခိုင်း၏။ စိတ်တွေ နုံးတုံးတုံး ခံစားနေရ သည်မို့ နော်ဇာ့ကို နှုတ်ဆက်ကာ အိမ်ကြီးပေါ်မှ ဆင်းခဲ့၏။

သူ့ကိုမြင်တော့ ဒေါ်လှဲ့ဝါက ဘာသိဘာသာ ဖြစ်နေ၏။ ဦးငွေရ ကလည်း မျက်ထောင့်နီကြီးနှင့် ကြည့်နေသည်မို့ ချာလီသည် အိမ်ကြီး ပေါ်မှ မျက်နှာပူပူနှင့် ဆင်းခဲ့ရ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com


စိုးတင့်ဆီ ရောက်သည်အထိ သူ့စိတ်တွေ လေးလံထိုင်းမှိုင်းနေ၏၊ ထို့ကြောင့်လည်း စိုးတင့်ကို အတင်းဆွဲခေါ်ကာ ဘုံဆိုင်တစ်ဆိုင်ထဲ ဝင်ခဲ့ကြ၏။

ဝီစကီပုလင်းကို တွေ့လိုက်သည်နှင့် စိုးတင့် မရှိုးမရွ ဖြစ်နေ၏၊ နှစ်ယောက်သား သုံးလေးခွက်သောက်ပြီး ဆိတ်သားကင်ကို ဖဲ့ရွဲ့ကာ စားလိုက်ကြ၏။

"ဘယ်လိုဖြစ်တာလဲကွ၊ ဧကန္တ မင်းပုံကြည့်ရတာ အသည်းဟက်တက်ကွဲလာတဲ့ပုံပဲ"

"ဟုတ်တယ်ဗျာ၊ ကွဲတာမှ ဟက်တက်ပဲ ကိုစိုးတင့်ရေ။ လောကကြီးက မတရားဘူးဗျာ။ ကျွန်တော်တို့ဟာ အဖြည့်ခံတွေလား၊ အသုံးချခံတွေလား ပြောစမ်းဗျာ"

"ဟေ- ဟားဟားဟား မင်းကလည်း ခံစားနေရပြန်ပြီကွာ။ ဒါဟာ လောကကြီးကိစ္စတွေ မဟုတ်ပါဘူးကွ၊ လူတွေပါ။ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် နင်းကြ၊ နှိမ်ကြ၊ ဖိကြ၊ အနိုင်ယူကြနဲ့ နောက်ဆုံးတော့ အားလုံး ကိစ္စချောကုန်ကြတာပဲ။ သိပ်လည်း မခံစားစမ်းပါနဲ့"

"မကျေနပ်ဘူးဗျာ။ ဒါ သက်သက် ကျွန်တော့်ကိုခေါ်ပြီး စော်ကားလိုက်တာဗျ"

"ဟေ- မင်း ဘာတွေဖြစ်လာလို့လဲ"

"ဒီလိုဗျာ. . ."

နော်ဇာတို့ အသိုင်းအဝိုင်း၏ တုံ့ပြန်မှုကို ချာလီက ရင်နာနာနှင့် ရှင်းပြလိုက်၏။ စိုးတင့်သည် တတွတ်တွတ်သောက်ရင်း ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

"ဩော်- ဒီလိုကိုး။ ဒါ လွယ်လွယ်လေးပါ ချာလီရာ၊ မင်းလက်ထဲ လိုချင်တဲ့ငါး တိုးနေပြီပဲ။ ပိုက်ကွန်တွေ၊ ငါးစာတွေ မလိုပါဘူး"

"ဘာလဲဗျာ၊ ရှင်းရှင်းပြော"

"အေး- ငါပြောမယ်၊ မင်း နော်ဇာ့ဆီ မသွားနဲ့။ အစိမ်းဖြတ်ဖြတ်ပစ်လိုက်။ ခံနိုင်ရည်ရှိသလောက်ခံ။ ဒါမှ မင်းတန်ဖိုးကို သူတို့နားလည်လာမယ်"

"ဟင်"

"ငါပြောတာ လုပ်ကြည့်စမ်းပါကွာ။ အဲဒီလိုမှ မလုပ်ရင် မင်းအဝင်အောက်၊ အယွက်အောက် ဖြစ်နေမှာကွ။ ငါပြောတာလုပ်ကြည့်"

"အေးဗျာ၊ ဒီလောက်တောင် ဖြစ်လှတာ မသွားဘူးဗျာ"

နောက်ဆုံးတော့ စိုးတင့်စကားကို ချာလီတစ်ယောက် ရင်နာနာနှင့် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

“ပုံစံခွက်ထဲက
ဖန်တီးယူလိုက်သည့် အချစ်သည်
ရေခဲရိုက်ထားသည့်
အေးစက်စက် ပန်းသီးတစ်လုံးနှင့်
တူလှ၏”

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ဦးငွေရသည် သူ့စိတ်ကူးနှင့်သူ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ တူမကလေး နော်ဇာနှင့် လက်ဆက်ပေးမည့် သတို့သားလောင်းကြီးကို ကြည့်ကြည့်ပြီး ပီတိတွေက အတိုင်းအဆမရှိ။

အရွယ်က သူနှင့် မတိမ်းမယိမ်း ဖြစ်နေသော်လည်း ပြင်ဆင်ထားသည်မို့ သူ့ထက် ဆယ်နှစ်လောက် ငယ်သွားသည်ဟုပင် ထင်မိ၏။

"ဘယ်လိုတုံး ကိုငွေရ၊ ကျွန်တော့်မျက်နှာ နုသွားရဲ့လား"

"ဟာ- မှတ်တောင်မမှတ်မိဘူး ကိုအောင်ခတင်ရယ်၊ မျက်နှာကို နုဖတ်နေတာပဲ"

"ဟဲဟဲ- မျက်နှာကို ရွှေသွင်းထားတာဗျ"

"ဟင်- ရွှေသွင်းထားတာ၊ အင်း- ဆိုးတော့မဆိုးဘူး။ ဒါပေမယ့် ခင်ဗျားရဲ့ပါးနှစ်ဖက် ချိုင့်နေသလိုပဲ။ ဒီတစ်ခါ ရွှေမသွင်းဘဲ လေသွင်းလိုက်ပါလား"

"ဟာ- ကိုငွေရကလည်းဗျာ၊ ကြံကြံဖန်ဖန် တော်တော်ပြောတဲ့လူပဲ။ ကျုပ် မျက်နှာပေါင်းတင်ထားတာ ခုနစ်ခါ ရှိပြီဗျ။ ခင်ဗျားတူမလေးက ကျုပ်ကိုမြင်တာနဲ့ ဇက်ကျသွားမှာပေါ့ဗျာ။ ပါးချိုင့်တာ ညက အိပ်ရေးပျက်သွားလို့"

"ဟင်- ဘာဖြစ်လို့လဲဗျ"

"ဟာ- ဝမ်းသာလုံးဆို့ပြီး အိမ်မပျော်နိုင်တာဗျို့"

"ဟုတ်လား၊ ဝမ်းသာလုံးဆို့တာ ကောင်းတာပေါ့။ လေတစ်ဆို့တော့ မဖြစ်စေနဲ့"

"ဟင်"

"လေတစ်ဆို့ဆောင့်ရင် နှာခေါင်းပါ အထက်လန်သွားနိုင်တယ်ဗျ"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ- တော်ပါတော့၊ ခင်ဗျားဉစ္စာ မင်္ဂလာစကား မပြောဘဲ မဟုတ်တာတွေ ပြောနေတယ်။ ကိုင်း- သွားကြစို့ဗျာ၊ ခုချိန်ဆို ခင်ဗျားညီမလေး အဲလေ- ခင်ဗျားတူမလေး မျှော်ရောပေါ့ဗျာ ဟီးဟီး. . ."

ဦးအောင်ခတင်၏အသွင်က ဆယ့်ခြောက်နှစ်သားလေးအသွင် တက်တက်ကြွကြွ ဖြစ်နေ၏။ သိန်းထောင်ချီတန်သည့် လင့်ခရူဆာကြီး ပေါ် နှစ်ယောက်သား ဝင်ထိုင်လိုက်ကြပြီး နော်ဇာတို့အိမ်ဆီသို့ ထွက်ခဲ့ကြ၏။

* * *

အိမ်ရှေ့ရောက်သည်နှင့် ဦးအောင်ခတင်တစ်ယောက် သွက်သွက်လက်လက်နှင့် ကားပေါ်မှဆင်းလိုက်၏။ ဦးငွေရမှာ ကိုယ်တင်သည့်မင်းသားကိုကြည့်ပြီး ဖြစ်မှဖြစ်ပါ့မလားတွေးကာ ရင်တဖိုဖို ဖြစ်နေ၏။ အိမ်ကြီး၏ဧည့်ခန်းထဲ ရောက်လာသည်နှင့် ဦးအောင်ခတင်ကို အစ်မလုပ်သူနှင့် မိတ်ဆက်ပေးလိုက်၏။

"မမကြီး၊ ဒါ ကိုအောင်ခတင်"

"ဟုတ်လား"

"ကိုအောင်ခတင်၊ ဒါ နော်ဇာ့ရဲ့အမေ ဒေါ်လှဲ့ဝါတဲ့"

"ဟုတ်လား၊ နေကောင်းရဲ့လား မာမီ"

"ရှင်"

"ဟာ- ဟိတ်ကောင်၊ ဘယ်လိုဖြစ်တာလဲ"

"ဘာဖြစ်လို့လဲကွ၊ နော်ဇာ့မာမီမို့ မာမီလို့ ခေါ်တာလေ။ မာမီက အရွယ်တင်သားပဲ။ ဟို- နော်ဇာလေးရော မာမီ၊ သားလေ နော်ဇာလေးကို သိပ်တွေ့ချင်တာဗျ။ ဟောဒီက ကိုငွေရကို တတွတ်တွတ် ပူဆာနေတာ မာမီရယ် နော်. . . နော်"

"ဟင်- ဘယ်လိုကြီးလဲ၊ ဟဲ့- မောင်ငွေရ"

"ဗျာ- မမကြီး"

"ဒီလူက ငါ့. . . ငါ့ကို မာမီတဲ့၊ ရုပ်က ငါ့အဘိုးလောက်ရှိတာ။ ဘယ့်နှယ် မာမီခေါ်ရသတုံး"

"ဗျာ- အဘိုး၊ မှား. . . မှားနေပြီ မာမီ။ သားလေ မျက်နှာကို ရွှေသွင်းလာတာဗျ"

"အောင်မလေးတော်- ဘယ်လိုကြီးတုံး ငွေရရဲ့၊ ကြည့်လုပ်ပါဦး"

"ဟာ- ကိုအောင်ခတင်၊ ခင်ဗျားကလည်း စိတ်ကလေးဘာလေး ထိန်းဦးပေါ့ဗျာ"

"အဲ- ဟုတ် ဟုတ်သားပဲ။ နေကောင်းတယ်နော် မာမီ၊ ဟို- မာမီ့သမီးလေး နော်ဇာရော မမြင်ပါလား။ တွေ့. . . တွေ့ချင်လှပြီ"

"ရှင်"


www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်ခတင်မှာ ထင်တိုင်းကြဲနေစဉ် အိမ်ကြီးပေါ်မှ နော်ဇာ အပြေးဆင်းလာ၏။ မိခင်ကြီးနံဘေးထိုင်နေသော ဦးအောင်ခတင်ကို မြင်ရသောအခါ ခြေလှမ်းတုံ့သွား၏။

"ဟင်- ဟိုလူကြီးက မာမီ့ အချစ်ကြီးလားဟင်၊ မာမီနော် သမီး ဒက်ဒီအသစ် မလိုချင်ဘူး"

"ဟဲ့ဟဲ့"

"ဗျာ- ဟာ ဒါ. . . ဒါ နော်ဇာလေး"

"အောင်မလေး"

ဦးအောင်ခတင်သည် နော်ဇာကိုမြင်သည်နှင့် အူယားဖားယား ဖြစ်နေ၏။ ဘယ်လိုမှ ဣန္ဒြေမဆည်နိုင်သည်မို့ ဦးငွေရသည် ဦးအောင် ခတင်ကို မနည်း လက်ကုတ်နေရ၏။

နော်ဇာသည် သူ့ကို ပြူးပြူးပြဲပြဲလုပ်နေသော ပုဂ္ဂိုလ်ကြီးကိုကြည့်ရင်း ရွံ့နေ၏။ ဒေါ်လှဲ့ဝါမှာလည်း သမီးဖြစ်သူ၏စကားကြောင့် ရှက်ကိုး ရှက်ကန်းနှင့် ဖြစ်နေ၏။

ဦးအောင်ခတင်မှာ နော်ဇာ၏စကားကြောင့် မရိုးမရွ ဖြစ်နေရာမှ နင်တင်တင် ဖြစ်သွား၏။ ထိုစဉ် ကြားက ထူထူပူပူဖြစ်နေသော ဦးငွေရက ဝင်၍ ထိန်းလိုက်ရ၏။

"ဟာ- သမီးကလည်း ဘယ့်နှယ် ဒက်ဒီ အသစ်ရမှာလဲ။ သူ့ အရွယ်ကိုလည်း ကြည့်ပါဦး၊ သမီးနဲ့ မတိမ်းမယိမ်းပါကွယ်။ နာမည်က ကိုအောင်ခတင်တဲ့။ သမီးကို အန်ကယ်ကြီး ပြောထားတာလေ"

"ရှင်- ဟို သမီးနဲ့ မိတ်ဆက်ပေးမယ်ဆိုတာ ဒီအဘိုးကြီးလား"

"ဗျာ"

"ဟဲ့ဟဲ့ သမီး"

နော်ဇာ၏စကားက ဦးအောင်ခတင်ကို ဘယ်ဝိုက်ညာဝိုက် ဝိုက် ထိုးချလိုက်သည့် လက်ဝှေ့သမားအလားပင်။

ဦးအောင်ခတင်ခမျာ မရှုနိုင်မကယ်နိုင် ဖြစ်နေ၏။ ဦးငွေရက ကြားမှဝင်ထိန်းသော်လည်း နော်ဇာ့စကားကြောင့် ဒေါ်လှဲ့ဝါပင် အားတုံ့ အားနာ ဖြစ်နေ၏။

ဦးအောင်ခတင်သည် နော်ဇာ့ကို စားမတတ်ဝါးမတတ် ကြည့်ရင်း တံတွေးတမျိုမျို ဖြစ်နေ၏။

"သူ. . . သူက နော်ဇာလေးနော်"

"ဟုတ်တယ်လေ၊ ဘယ်လိုတုံး ကိုငွေရ"

"ဟာ- ရွှေမှ တကယ့် ရွှေပဲဗျာ"

"ရှင်- အန်ကယ် ဘယ်သူ့ကို ပြောတာလဲ၊ မာမီ့ကိုလား"

"အင်- မဟုတ်တာ ကလေးရယ်၊ နော်ဇာလေးကို ပြောတာလေ။



www.burmeseclassic.com

www.burmeseclassic.com


နော်ဇာလေးဟာ တကယ့် ဖန်စီပဲကွယ်။ အန်. . . အန်ကယ်
အဲလေ- အစ်ကိုကြီးတော့ ခံစားသွားရပြီကွယ်"

"ဟော့လူ၊ သတိထားပါဦးဗျ"

"ဟင်"

ဦးငွေရ လက်ကုတ်မှ ဦးအောင်ခတင်တစ်ယောက် သတိဝင်လာ၏။ သူ့မျက်နှာပေါ်မှာလည်း ချွေးတွေပြန်နေ၏။ ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါကို ဆွဲထုတ်၍ မျက်နှာကိုသုတ်လိုက်ပြီး စီးကရက်ဘူးကို ထုတ်၍ စီးကရက်တစ်လိပ်ယူပြီး ဖွာလိုက်၏။

"ဟော့လူ၊ မီးညှိဦးလေ"

"အဲ- ဟုတ်သားပဲ၊ သတိတွေ လွတ်ကုန်ပြီဗျာ"

ပြောပြောဆိုဆိုနှင့် ကုတ်အင်္ကျီထဲမှ မီးခြစ်ထုတ်ကာ မီးညှိဖွာရှိုက်ရင်း မီးခိုးတွေကြားမှ နော်ဇာ၏မျက်နှာ ဝင်းစိုစိုကလေးကို ကြည့်လိုက်၏။ ဘယ်လိုကြည့်ကြည့် လှချင်တိုင်း လှနေသော နော်ဇာလေး။ သကြားလုံးလေးလို မျိုလို့ရရင် မျိုထားလိုက်ချင်ပါဘိ။ ကြည့်ရင်းကြည့်ရင်း အူတွေ အသည်းတွေပါ ယားလာ၏။ စိတ်တွေလည်း ပွစိပွစိ ဖြစ်လာ၏။

"ကိုင်း- ပြောစမ်း၊ အစ်ကိုကြီး ဘာကူညီရမလဲ။ နော်ဇာလေး ဘာလိုချင်သလဲ၊ လိုချင်တာပြော"

"တကယ်ပြောတာလား"

"ဟာ- တကယ်ပြောတာပေါ့ကွယ်၊ နော်ဇာလေးသာ လိုချင်ရင် ရအောင် ဝယ်ပေးရမှာပေါ့"

"ဟုတ်လား၊ ဒါဆို ဘူဒိုဇာတစ်စီးလောက် ဝယ်ပေးပါလား"

"ဟင်- ဘာလုပ်ဖို့လဲ"

"အန်ကယ့်ကို ကြိတ်ကြည့်ချင်လို့"

"ဟိုက်"

"သမီး ဘာတွေပြောနေသလဲကွယ်။ လူကြီးကို ဒီလိုမပြောရဘူးလေ"

"ဟာ- ရပါတယ်၊ ပြောပါစေ မာမီရယ်။ ကြီးရင်မို ငယ်ရင်ချီတဲ့ဟဟဲ"

"အင်- အန်ကယ်က ကျွန်မကို ချီနိုင်လို့လား"

"ဟာ- ချီနိုင်တာပေါ့၊ အစ်ကိုကြီးကလေ တစ်နေ့ ကြက်ဥငါးလုံး၊ ငှက်ပျောသီးငါးဖီး၊ အမဲသား ငါးဆယ်သား စားတာကွယ့်"

"ဒါဆို လက်မောင်းကြွက်သားသားတွေ့ ညှစ်ပြ"

"ဟင်"

"လုပ်လေ၊ မောင်ဗမာကြီးတွေ ကြွက်သားထုတ်ပြသလို လုပ်ပြ။ လုပ်လေ"

"ဟင်- ဟို. . . ဟိုဒင်း ဟိုဟာ- အဲဒါတော့ မသင့်တော်"

www.burmeseclassic.com

www.burmeseclassic.com

"နော်ဇာ ဘာတွေပြောနေတာလဲ၊ ကိုအောင်ခတင် ခင်ဗျားတာ လည်း နော်ဇာ့ကို တအား အလိုလိုက်တာပဲ"

"ရပါတယ် ကိုငွေရရယ်၊ ကလေးပဲ ပြောပါစေ။ ပြော- ကလေး ဘာပြောချင်သေးလဲ"

"ပြောရမယ် ဟုတ်လား"

"ပြောပေါ့"

ဦးအောင်ခတင်တစ်ယောက် နော်ဇာဘာပြောပြော စိတ်လုံးဝဆိုး သည့်ပုံမပေါ်။ အစွမ်းကုန် အလိုလိုက်၊ အကြိုက်ပေးမည့်ပုံပင်။ နော်ဇာ သည် မျက်လုံးလေး ကလယ်ကလယ်နှင့် စဉ်းစားရင်း ပြောလိုက်၏။

"ဒါဆို ကင်းမြီးကောက် ထောင်တတ်လား"

"ဟင်- ကင်းမြီးကောက်၊ ဘာ- ဘာလုပ်မလို့လဲကွယ်။ အစ်ကိုကြီး က ကျွမ်းဘားအဖွဲ့ကမှ မဟုတ်တာ"

"အို- မရဘူး၊ ကင်းမြီးကောက်ထောင်ပြ။ ထောင်မပြရင် နောက် ကျွမ်းထိုးပြ"

"ဟိုက်- ပြဿနာပါလား"

"ဘာလဲ၊ မလုပ်ဘူးလား- ပြော"

"ဟင်- ဟို အဲ. . . အဲဒါတော့ မလုပ်ပါရစေနဲ့ နော်ဇာလေးရယ်၊ တခြားကိစ္စကို အစ်ကိုကြီး လုပ်ပေးပါ့မယ်"

"ဟုတ်လား၊ ဒါဆို. . ."

"အင်- ဘုရား ဘုရား"

ဦးအောင်ခတင်တစ်ယောက် နော်ဇာ့ကို ရဲရဲတောင်မကြည့်ဝံ့။ ပါးစပ်က ဘုရားကို တီးတိုးတ,နေရ၏။ ထိုအချိန်တွင် နော်ဇာက ပြုံးစိစိ လုပ်ရင်း ပြောလိုက်၏။

"ဒါဆို အနံကယ်ကြီး ချောတိုင်တက်တတ်သလား"

"ဗုဒ္ဓေါ- ချောတိုင်"

"ဟုတ်တယ်၊ တကယ်လို့ နော်ဇာပြောတဲ့ ချောတိုင်ကို တက်နိုင် ရင်. . ."

"ဟင်- ဘယ်ချောတိုင်လဲကွယ်၊ မဟုတ်တာတွေတော့ မခိုင်းပါနဲ့ ကွယ်။ နော်ဇာလေးပြောတာနဲ့ အစ်ကိုကြီးတော့ ရင်တွေမောနေ ပြီ"

"ဟုတ်လား၊ ဒါဆို ဘိုးဘွားရိပ်သာမှာ စာရင်းသွားသွင်းလိုက်ပါ လား။ နော်ဇာ လိုက်ပို့ပေးမယ်လေ"

"ဗျာ"

"ဟာ- ရှုပ်ကုန်ပြီဟေ့။ တော်ပြီ တော်ပြီ မိနော်ဇာ၊ နင်လူကြီးကို ဘာမဟုတ်တာတွေ လုပ်ခိုင်းနေတာလဲ။ သူက သိန်းထောင်ချီ ချမ်းသာတဲ့ သူဌေးကြီးဆိုတာ မသိဘူးလား"

www.burmeseclassic.com

 www.burmeseclassic.com 

"ဟုတ်တယ်၊ ကိုငွေရပြောတာ မှန်တယ်"

ဦးအောင်ခတင်ကပါ ဦးငွေရစကားကိုနင်း၍ ပြောလာ၏။ ဟန်ပါပါနှင့် စီးကရက်ကို ပါးစပ်နားတေ့ပြီး ဖွာလိုက်၏။ ဆေးလိပ်ပြာက ဖင်ဆီခံနားရောက်နေပြီ။ ဖင်ဆီခံပါ မီးတောက်လာလေတော့၏။

"ဟာ- ဆေးလိပ်မီးလောင်. . ."

"အဲ- ဟုတ်သားပဲ၊ ဟင်းဟင်း တူမကြီး အားလားမသိဘူး"

"ဘာလုပ်မလို့လဲဟင်"

"ဩော်- နော်ဇာလေးကို အကောင်းဆုံး ဟိုတယ်ကြီးမှာ ထမင်းကျွေးချင်လို့ပါကွယ်။ မာမီလည်း လိုက်ခဲ့လေ"

"ရှင်- မလိုက်ပါရစေနဲ့။ တွန်မကိုလည်း မာမီလို့ မခေါ်ပါနဲ့ရှင်"

ခေါ်လှဲ့ဝါမှာလည်း ဦးအောင်ခတင်က မာမီလို့ ခေါ်လိုက်တိုင်း တွန့်တွန့်သွား၏။ ဦးအောင်ခတင်က နော်ဇာ့အလှကလေးကို မြင်လိုက်ကတည်းက ထိန်းမနိုင်သိမ်းမရ ဖြစ်နေ၏။ ပွဲထုတ်လာသော ဇာတ်ဆရာကြီး ဦးငွေရမှာလည်း ဦးအောင်ခတင် အပြုအမူများကြောင့် ခေါင်းစားနေ၏။

ထို့ပြင် နော်ဇာက အရွဲ့တိုက်လို့ တိုက်မှန်းမသိသော ဦးအောင်ခတင်ကိုကြည့်ပြီး ဦးငွေရတစ်ယောက် ဘယ်လိုခံစားရမှန်းပင် မသိတော့။ ထိုအချိန် နော်ဇာက ဝတ်ကောင်းစားလှတွေလဲကာ ဦးငွေရနှင့် ဦးအောင်ခတင်တို့ကိုခေါ်ပြီး ကြယ်ငါးပွင့်အဆင့်ရှိသော ဟိုတယ်ကြီးဆီသို့ ခေါ်လာ၏။

* * *

ဟိုတယ်ကြီးထဲ ဝင်လိုက်သည်နှင့် သီးသန့်ခန်းမထဲတွင် နေရာယူလိုက်ကြ၏။ နေရာထိုင်ခင်းက နန်းတော်ကြီးအလားပင်။ ကျောက်စားပွဲဝိုင်းကြီးပေါ်တွင် အသင့်ပြင်ထားသော စားသောက်ဖွယ်ရာများက အလျှံပယ်။

နော်ဇာသည် မီနူးကတ်ကိုကြည့်ကာ စိတ်ထဲရှိရာ စွတ်မှာနေ၏။ မှာလိုက်သည့် ဟင်းတွေကလည်း ထူးထူးဆန်းဆန်း။ ကုလားအုတ်ခြေထောက်စွပ်ပြုတ်၊ ကင်းမြီးကောက်ဥကြော်၊ မြွေပေါင်း၊ မျောက်သွေး။

မှာသမျှအရာတွေကြည့်ပြီး ဦးငွေရရော ဦးအောင်ခတင်ပါ ကြက်သီးတဖြန်းဖြန်းထနေ၏။ နော်ဇာသည် အူချာချာထိုင်နေသော သူတို့နှစ်ယောက်ကို လှမ်းကြည့်လိုက်ပြီး ဦးအောင်ခတင်ကို ပြောလိုက်၏။

"အန်ကယ်ကြီး"

"ဗျာ- ဗျာ"

"နော်ဇာ့ကို ချစ်တယ်ဆိုရင် အဲဒီဟာတွေ ကုန်အောင်စားပြရမယ်"

"ဗုဒ္ဓေါ"

"ဘာလဲ၊ နော်ဇာပြောတာ မလုပ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com


"ဟို- ဟို ဟင်းတွေက တိရစ္ဆာန်မျိုးစုံရဲ့ အသားတွေဆိုတော့ မွှေ တွေ ဖြစ်ကုန်မယ်ထင်တယ်"

"ဘာလဲ သေမှာကြောက်သလား။ အချစ်အတွက် လူတွေဟာ ကိုယ့်အသက်ကိုတောင် မနှမြောကြဘူးလေ။ အန်ကယ်က သေ မှာကြောက်သလား"

"ဟင်- သေ. . . သေတော့ မသေပါရစေနဲ့ဦးကွယ်။ ဦး အဲ- အစ်ကိုကြီးက မိန်းမတောင် မယူရသေးပါဘူးကွယ်"

"နော်ဇာ့အတွက် အသေမခံရဲဘူးလား"

"ဟင်- ဗွတ်သေခိုင်းနေပါတယ်။ ကိုငွေရ၊ ကယ် ကယ်ပါဦးဗျာ။ ကျုပ် ဒါတွေစားပြီး သေသွားရင် တိရစ္ဆာန်တစ်ကောင်ကောင် ဖြစ်သွားမှာ သေချာတယ်ဗျ။ လုပ်ပါဦး"

"ဟုတ်သားပဲ တူမကြီးရဲ့ ဘယ့်နှယ် အတင်းသေခိုင်းနေတာလဲ"

"ဟာ- အန်ကယ်ကြီးကလည်း ဟောဒီ ဦးဦးအောင်ခတင်က ပါး တွေချိုင့်၊ နားထင်တွေချိုင့်၊ နှာခေါင်းကလည်း လန်တန်တန်နဲ့"

"ဟိုက်- ဒါ. . . ဒါ ရွေ့သွင်းထားတဲ့ မျက်နှာလေ"

"အို- နော်ဇာ အဲဒါတွေ မသိဘူး"

"ဒုက္ခပါပဲ နော်ဇာလေးရယ်၊ အန်ကယ် အဲလေ- အစ်ကိုကြီးက နော်ဇာလေးကို ချိမှာပေါ့ကွယ်"

"လုပ်ပြန်ပြီ။ သမီးထင်တာတော့ ဦးအောင်ခတင် နားထင်ချိုင့်နေ တာကို မသင်္ကာဘူး။ ဦးဦးက သဘော်သား မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ကွယ်၊ ကမ္ဘာကြီးကို လေးဆယ့်ငါးပတ် တိတိ နဝင်းကျေအောင် ပတ်ခဲ့ပြီးပြီကွယ့် ဟဲဟဲ"

"ဟုတ်လား၊ ဒါဆို နော်ဇာ့ကိုယူမယ်ဆိုရင် တစ်ခုပဲလုပ်ပြရမယ်"

"ဟင်- လာပြန်ပြီ၊ ဘာလုပ်ပြရမှာလဲကွယ်"

"ဟိုလေ၊ လွယ်လွယ်လေးပါ ဦးဦးအောင်ခတင်ရယ်"

"ဘာလုပ်ပြရမှာလဲဟင်"

"အေအိုင်ဒီအက်စ် ကင်းရှင်းကြောင်း ဆေးလက်မှတ်လေ။ အဲဒီ လက်မှတ် နော်ဇာ့ဆီ ယူလာခဲ့။ အဲဒါဆို နော်ဇာ စဉ်းစားမယ်"

"ဟိုက်- လုပ်ပြီဟ"

"ဘာဖြစ်တာလဲဗျ၊ ကိုအောင်ခတင်ကလည်း တူမကြီးပြောတာ နည်းလမ်းကျသားပဲဗျာ။ စပါယ်ရှယ်လစ်မှာ အစစ်ခံလိုက်ပေါ့"

"ဟင်- ဟို. . . အဲဒါ"

"ဘာဖြစ်သတုံးဗျ"

"ဟဲဟဲ ရ. . . ရပါတယ်ဗျာ။ နော်. . . နော်ဇာလေးက အစ်ကိုကြီး ကို မယုံဘူးလား"

"လူကိုယုံပါတယ် ဦးဦးရယ်၊ ဒါပေမယ့် နှာခေါင်းကို မယုံဘူး"

www.burmeseclassic.com


"ဟိုက်- ဘာ. . . ဘာဖြစ်လို့လဲကွယ်"

ဦးအောင်ခတင်တစ်ယောက် သူ့နှာခေါင်းကို ယောင်ယမ်းပြီး ကိုင်ကြည့်နေ၏။ ဦးငွေရမှာလည်း ဘာပြောလို့ ပြောရမှန်းမသိ။

ထိုစဉ် နော်ဇာက -

"ဦးဦးအောင်ခတင် နှာခေါင်းက နောက်ကို နည်းနည်း လန်နေတယ်။ နားရွက်ကလည်း လန်နေတယ်။ အဲဒီပုံစံက အေအိုင်ဒီအက်စ် ကင်းတဲ့ပုံ မပေါ်ဘူးလေ။ ပြီးတော့ ဟောဒီ အဆိပ်ရှိတဲ့ သတ္တဝါတွေစားရင် ဦးဦးရဲ့ အေအိုင်ဒီအက်စ်ပိုးတွေ ထကြွလာမှာကြောက်လို့ မဟုတ်လား"

"ဗုဒ္ဓေါ- သွားပြီ ကိုငွေရရေ့ ရှိသမျှ ဖုံးထားသမျှ သိက္ခာတွေ ခင်ဗျားတူမနဲ့တွေ့မှ ဗုန်းဗုန်းပြုတ်ကျကုန်ပါပြီကော"

ဦးအောင်ခတင်တစ်ယောက် ရှုံ့ရှုံ့မဲ့မဲ့နှင့် ထိုင်ငိုချင်စိတ်ပေါက်သွား၏။ နော်ဇာ့ကိုလည်း လက်မြှောက်အရှုံးပေးလိုက်ရပြီဖြစ်၏။ သဘောသားဘဝနှင့် တစ်ကမ္ဘာလုံး နဝင်းကျေအောင် ပတ်ခဲ့သော ဦးအောင်ခတင်ခမျာ အေအိုင်ဒီအက်စ် ကင်းရှင်းကြောင်း လက်မှတ်ကို နော်ဇာက တောင်းလိုက်ကတည်းက အချစ်ရှုံးသမားကြီး ဖြစ်ရလေပြီဟုတွေးကာ ဘာတစ်ခွန်းမှ မပြောသာဘဲ နော်ဇာ့နားမှ နောက်သို့ ခြေလှမ်းပေါင်းများစွာ ဆုတ်ခွာသွားလေတော့၏။

* * *

နော်ဇာတစ်ယောက် ချာလီ ရောက်မလာဈဖြင့် မျက်နှာကလေး မှဲ့တဲ့တဲ့ ဖြစ်နေ၏။ မိခင်ကြီးက ချော့မော့ဖျောင်းဖျသော်လည်း နော်ဇာ မမှု။ စားလည်းမစား၊ အိပ်လည်းမအိပ်၊ ခုတင်ပေါ်တွင် ငူငူကြီးထိုင်ကာ မလှုပ်မယှက် လုပ်နေ၏။

ထိုအဖြစ်ကြောင့် မိခင်ကြီးခင်မျာ သောကစိတ်တွေ ဝေနေ၏။ မောင်ဖြစ်သူကိုလည်း တီးတိုးပြောဆိုနေ၏။

"ဘယ်လိုလုပ်ကြမလဲ မောင်လေးရယ်၊ ဒီပုံဆို မမကြီးသမီးလေးတော့ ဒုက္ခတွေ့လိမ့်. . ."

"မမကြီးကလည်းဗျာ၊ တူမကြီးက တအား ခေါင်းမာတာဗျ။ ကျွန်တော်လည်း ဘာလုပ်လို့လုပ်ရမှန်းတောင် မသိတော့ဘူး။ ဒီပုံဆို ဝေဒနာ ပိုဆိုးလာနိုင်တယ်။ ခက်ပါ့ဗျာ"

"ဒါ. . . ဒါဆိုလည်း ဟို မောင်ချာလီကို သွားခေါ်ပါဦးကွယ်။ သူ့ခမျာ မင်းပြောလိုက်လို့ မလာရဲဖြစ်နေတာကွယ့်"

"ဗျာ- ဟိုကောင်ကို ခေါ်ရမယ်။ ဟာ- မမကလည်း ကျွန်တော်ဒီကောင့်ကို ကြည့်မရဘူးဗျ။ မျက်နှာစပ်ဖြဲဖြဲနဲ့ အားကြီးသင်ရာမြင်ရာပြောတဲ့ကောင်ဗျ"

"ဩော်- လူငယ်ပဲ မောင်လေးရယ်၊ ဒီလောက်တော့ ရှိမှာပေါ့

www.burmeseclassic.com


ကွယ်။ ဒါပေမယ့် မင်းတူမ အခြေအနေက ရှိသေးတယ်လေ။ စိတ်လျှော့လိုက်ပါ မောင်လေးရယ်။ ကိုယ်က လူကြီးပဲဟာ"

"အိုဗျာ စိတ်ရှုပ်ပါတယ်"

ဦးငွေရတစ်ယောက် ချာလီ့ကိုပြန်ခေါ်ရမည်ဆိုတော့ စိတ်ထဲမချိတင်ကဲ ခံစားနေရ၏။ နော်ဇာလေး အခြေအနေကလည်း တစ်နေ့တခြား ပို၍ပို၍ ဆိုးဝါးလာသလိုပင်။ နောက်ဆုံးတော့ ဦးငွေရကိုယ်တိုင် ချာလီတို့အိမ်ဆီသို့ ရှေ့မျက်နှာနောက်ထားပြီး ရောက်လာ၏။

ဦးဆုံး အိမ်ရှေ့တွင် အခန့်သားထိုင်နေသော ဦးပါတူးကို တွေ့လိုက်ရ၏။

"ဘာကိစ္စတုံးဗျ"

"ဟို- ဟို ဒီအိမ်က ဘယ်သူ့အိမ်တုံး"

"အလို- ဘာလုပ်မလို့လဲ၊ အိမ်ဝယ်မလို့လား။ ဒါမှမဟုတ် အိမ်ဖြိုမလို့လား"

"ဟာ- ဘယ့်နှယ်စကားတွေ ပြောသတုံးဗျ။ ကျုပ်မေးတာ ဒီအိမ်ရှင် ဘယ်သူလဲ သိချင်တာ"

"ဟင်- ဒီအိမ်ရှင်"

"ဟုတ်တယ်လေ"

"ကျုပ်ပဲလေ၊ ကျုပ်နာမည် ပါတူး။ ခင်ဗျားက ဘယ်သူလဲ"

"ဟိုလေ၊ ဒီလိုပါ။ ဒီမှာ ဟို- မောင်ချာလီဆိုတာ ရှိသလား။ အဲဒါ သိချင်လို့ပါ"

"ချာလီ ဟုတ်လား"

"ဟုတ်တယ်လေ၊ မရှိဘူးလား"

"အဲဒါ ကျုပ်တူတော်မောင်ဗျ။ ဘာကိစ္စတုံး၊ ချာလီနဲ့ ဘာအရှုပ်အရှင်းဖြစ်လာပြန်ပြီလဲ။ ခင်ဗျားတို့ အရှုပ်အရှင်းထဲ ကျုပ်မပါဘူး"

"ဟင်- မဟုတ်ပါဘူးဗျာ၊ ဘာအရှုပ်အရှင်းမှ မရှိပါဘူး"

"ဒါဆို ဘာကြောင့် လာမေးတာလဲ"

"တွေ့ချင်လို့ပါဗျ၊ သူ ဒီမှာနေတယ် မဟုတ်လား"

"နေတယ်လေ၊ အိပ်ရာထဲ ခွေအိပ်နေတယ်ဗျ။ ကျုပ်တူ ဘာအပူမိနေသလဲ မသိပါဘူးဗျာ"

"ဟုတ်လား၊ ဒါဆို ကျွန်တော် ရောက်နေတယ် ပြောပေးပါဗျာ။ သူ ကျွန်တော် ဘယ်သူဆိုတာ သိပါတယ်"

"ခင်ဗျားက. . ."

"ဦးငွေရပါ"

"ကောင်းပြီ၊ ဒါဆို ထိုင်ဦး"

"ဟုတ်. . . ဟုတ်ကဲ့"

ဦးပါတူးသည် ထိုင်ရာမှထကာ ချာလီ့အိပ်ခန်းထဲဝင်၍ နှိုးလိုက်

www.burmeseclassic.com

 www.burmeseclassic.com 

၏။ ဦးငွေရ လာသည်ဆိုသောအသံ ကြားလိုက်သည်နှင့် ဖြူန်းခနဲ ထထိုင်ကာ ဧည့်ခန်းဆီသို့ ဒရောသောပါး ထွက်လာ၏။

"ဟာ- ဦးငွေရ"

"ဟုတ်တယ်ကွ"

"ဟို- ဟို နော်ဇာ လွှတ်လိုက်တာလား။ လိုက်မယ်လေ၊ အင်္ကျီလဲလိုက်ဦးမယ်နော်"

"ဟေ- ခေါ်တောင်မခေါ်ရသေးဘူးကွ"

"သိပါတယ်ဗျာ၊ ကျွန်တော့်ဆီ လာကတည်းက နော်ဇာလွှတ်လိုက်တာပဲ ဖြစ်ရမယ်"

"ဟင်"

"ဟုတ်တယ် မဟုတ်လား၊ ထောင့်ငါးရာကြိုးဆိုတာ ဆင်ပြောင်ကြီးငါးကောင်ချည်ပြီး ဆွဲခိုင်းလည်း မပြတ်ပါဘူးဗျာ။ ဟဲဟဲ ခဏနော်"

"ဟင်- ဘာတွေလဲဟ၊ ကျုပ်တူ ဘာတွေပြောသွားတာလဲဗျာ။ ထောင့်ငါးရာကြိုးတွေရော၊ ဆင်တွေရော ဘာတွေလဲဗျ"

ဦးပါတူးကိုယ်၌ပင် တူတော်မောင်၏စကားကို ဝေ့လည်လည်ဖြစ်နေ၏။ ဦးငွေရကတော့ ချာလီအဖြစ်သည်းနေပုံကြည့်ပြီး ခေါင်းတခါခါလုပ်နေ၏။ တစ်အောင့်အကြာတွင် ချာလီ အဝတ်အစားလဲပြီး ထွက်လာ၏။

"ကိုင်း- သွားကြစို့ဗျာ"

"ဟေ- ဒါဆိုလည်း သွားကြတာပေါ့"

ဦးငွေရ ဘာတစ်ခွန်းမှ မပြောနိုင်တော့ဘဲ ချာလီကို ရှုံ့ပွပွကြည့်ရင်း ကားပေါ်တက်၍ အိမ်ဘက်သို့ ပြန်လာလေတော့၏။

ကားဆိုက်သည်နှင့် အိမ်ပေါ်မှ ဒရောသောပါး အပြေးဆင်းလာသူက နော်ဇာ။

"ဟဲ့ဟဲ့ သမီး"

"ကိုကိုလာပြီ မေမေရဲ့"

"ဟင်- ဘုရား ဘုရား"

"ကိုကို ကိုကို"

"ဟိုက်- ပြဿနာပဲ။ ဣန္ဒြေလေးဆည်ပါဦး တူမကြီးရယ်"

"အို- အန်ကယ်ငွေရကလည်း ဒါ အချစ်လေ၊ သမီးတို့နှစ်ယောက်ကြားမှာ ချည်ထားတဲ့ကြိုးက ဘယ်သူဖြတ်ဖြတ် ဖြတ်လို့မရတဲ့ကြိုး အန်ရယ်ရဲ့။ ကိုကို ကိုကို"

"နော်ဇာလေး"

"ဘာဖြစ်လို့ မလာတာလဲ ကိုကိုရယ်။ နော်ဇာဖြင့် မျှော်လိုက်ရတာ။ ကိုကို့ကြောင့် စားလို့မဝင် အိပ်လို့မပျော်ဘူး သိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com


"သိတာပေါ့၊ ကိုကိုလည်း စားလို့မဝင်၊ အိပ်လို့မပျော်ဘူး"

"ဟုတ်လား၊ ဒါဆို အတူတူပေါ့။ ဒါဆို အိမ်ပေါ်ရောက်တာနဲ့ နော်ဇာတို့ စားကြရအောင်"

"စားမှာပေါ့"

နော်ဇာတစ်ယောက် အပျော်ကြီး ပျော်နေ၏။ အိမ်ပေါ်ရောက်သည်နှင့် စားစရာမှန်သမျှ စားပွဲကြီးပေါ် ချကာ နှစ်ယောက်သား တွတ်တီးတွတ်တာ ပြောကြဆိုကြနှင့် စားသောက်နေကြ၏။

မိခင်ကြီးကတော့ သမီးလေးမျက်နှာ ရွှင်ပျပျ ဖြစ်လာသည်ကို ကြည့်ပြီး အံ့ဩဝမ်းသာအားရ ဖြစ်နေ၏။ ဦးငွေရမှာတော့ ချာလီ့ကို မျက်စောင်းတခဲခဲ ဖြစ်နေ၏။ တူမအခြေအနေကြောင့် ငြိမ်နေရသော်လည်း စိတ်ထဲ တောက်တခေါက်ခေါက်။

ထိုစဉ် နော်ဇာက ချာလီ့ကို ဇွန်းကလေးနှင့် ခွံ့နေ၏။ ချာလီက ပါးစပ်ကလေး တဟဟလုပ်ပြီး ပြုံးဖြီးဖြီးနှင့် တွယ်နေ၏။

ထိုမြင်ကွင်းကိုကြည့်ပြီး ဦးငွေရ ပေါက်ကွဲလာ၏။ အသည်းတွေ အူတွေပင် တုန်နေ၏။ ချာလီသည် တစ်ခါတစ်ရံ နော်ဇာ၏ လက်ကလေးကိုကိုင်ကာ ပြုံးဖြီးဖြီးလုပ်နေ၏။ ညော်ခန်းထဲ မရှိုးမရှဖြစ်နေသူက ဦးငွေရ။

"မမကြီး ဒီကောင့်ကြောင့် တူမလေးတော့ ဒုက္ခရောက်မယ့်ပုံပဲ"

"ဟဲ့- ဘာတွေပြောနေသတုံး"

"မမကလည်း ချာလီကို လျှော့တွက်နေတယ်။ ဒီကောင်ဟာ အေအိုင်ဒီအက်စ်တို့၊ အေအိုဘီအက်စ်တို့ စုံနေမယ့်ကောင်ဗျ။ ကျုပ်တော့ တူမလေးကို စိတ်မချဘူးဗျာ"

"မမက ဘာပြောနိုင်မှာလဲ၊ မင်းတူမကိုယ်တိုင် ခုန်ဆွခုန်ဆွ ဖြစ်နေတာလေ"

"ခက်ပါ့ဗျာ၊ ခေတ်ကာလသားသမီးတွေများ တယ်လည်း ပြောရဆိုရခက်တယ်။ ကျုပ်က သင့်တော်မယ့်သူ ခေါ်လာတော့လည်း အတင်း လက်မှတ်တောင်းသဗျ"

"ဟဲ့- ဘာလက်မှတ်"

"ဘာလက်မှတ်ရမှာလဲ၊ အေအိုင်ဒီအက်စ် ကင်းရှင်းကြောင်း လက်မှတ်လေ"

"အဲဒါ ဘာဖြစ်သလဲ၊ ခေတ်ကြီးက ယုံရတာမဟုတ်ဘူးလေ မောင်လေးရဲ့။ နင့်လူကြီးက အရွယ်သာကြီးတယ် လူပုံက မဟုတ်တာ အကုန်လုပ်မယ့်ပုံပဲ။ ငါ့သမီးလေး လက်မှတ်တောင်းတာ မမှားဘူးလေ"

"ဒါဆို ဟိုကောင် ချာလီကျတော့ရောဗျ"

"ဩော်- အပွေးမြင် အပင်သိပါတယ် ငါ့မောင်ရယ်။ ကလေးတွေကိစ္စ ဝင်မပြောစမ်းပါနဲ့ကွယ်"


www.burmeseclassic.com

ဦးငွေရသည် အစ်မဖြစ်သူ၏ စကားကြောင့် ပို၍ မကျေမချမ်း ဖြစ်နေ၏။ ဦးငွေရက မကျေမချမ်း ဖြစ်လေ၊ နော်ဇာနှင့် ချာလီတို့က ရွှဲပြုလေနှင့် ပေါက်လုလု ယမ်းအိုးကြီးပမာ ဖြစ်နေလေ၏။ ဒေါ်လှဲ့ဝါခမျာ မှာလည်း သမီးလေးစိတ်ချမ်းသာပါစေတော့ ဟူ၍သာ လွှတ်ထားရသော် လည်း ချာလီ၏ ရွတ်တွတ်တွတ် အမူအရာတွေကို မနှစ်မြို့။

သမီးလေး၏ကံကြမ္မာက စိုးလှပါဘိဟုတွေးပြီး သောကအစိုင်အခဲ က ထုထည်ကြီးမားလာလေ၏။ လေးငါးရက်ခန့် တပူးတွဲတွဲ ရှိနေရာမှ နော်ဇာမှာ ချာလီတို့ရပ်ကွက်ထဲပင် ရောက်လာ၏။

အရပ်ထဲက လူတွေကလည်း မင်းသမီးလေးလို ကြွကြွရွရွလှလှန်း သူလေးဖြစ်သော နော်ဇာနှင့်ချာလီတို့ စုံတွဲခုတ်နေပုံကိုကြည့်ပြီး အံ့သြနေ ကြ၏။ ဦးလေးဖြစ်သူ ဦးပါတူးကိုယ်တိုင်ပင် သူ့တူ၏ အစွမ်းအစကို အထင်မကြီးဘဲ မနေနိုင်အောင် ဖြစ်နေရ၏။

ချာလီသည် နော်ဇာ့ကို အိမ်ပေါ်ခေါ်လာပြီး ဦးလေးရှေ့တွင် ဟိတ်ဟန်ထုတ်လေတော့၏။ ချာလီ့အမူအရာက လေထဲလွင့်နေသည့် တံခွန်ကားကားကြီးလိုပင်။

"နော်ဇာ ကိုယ့်ကို မီးညှိပေးစမ်းပါဦး"

"ရတာပေါ့ ကိုကိုရယ်"

"နော်ဇာ၊ ကိုယ်ရေငတ်လွန်းလို့ကွာ ရေတစ်ခွက်ခပ်ပေး"

"ရပါတယ်လို့ဆိုနေ"

"ဟဲဟဲ"

သူ့ရှေ့ နော်ဇာ့ကို နိုင်ချင်တိုင်း နိုင်နေသော တူတော်မောင်ကို ကြည့်ပြီး ဦးပါတူး မျက်စိနောက်နေ၏။ ချာလီကလည်း ကဲကဲ၊ နော်ဇာက လည်း သည်းသည်းနှင့် ဦးပါတူးတစ်ယောက် ထိုင်ရမလို ထရမလို ဖြစ် နေ၏။

"အန်ကယ်ကြီး"

"ဘာတုံးကွ"

"ဟဲဟဲ- ကျွန်တော်တို့ မင်္ဂလာဆောင်ရင် အန်ကယ်ကြီး ပန်းအိုး ကိုင်ပါလားဗျ"

"ဟေ- ပန်းအိုး၊ ဘယ်လိုဖြစ်လို့တုံးဟ၊ သူများတွေ ပန်းခြင်းကိုင် ကြတာ ငါ့ကျမှ ဘယ့်နှယ် ပန်းအိုးကိုင်ခိုင်းသတုံးကွ"

"ဩော်- သဘာဝကျကျ ဖြစ်အောင်လို့ပေါ့ဗျာ၊ တချို့က အန်ကယ့်ကို ပန်းစိုက်သမားကြီးလို့ မြင်သွားကြမှာ ကျိန်းသေ တယ်"

"ဘာကွ- ပန်းစိုက်သမား"

"ပန်းစိုက်သမားဟာ ကိုယ်စိုက်တဲ့ အပင်ကလေး သီးပွင့်လာတာပဲ ကြည့်ချင်တာဗျ။ အဲဒီ အသီးအပွင့်ကို ဘယ်တော့မှ မခူးဘူး။


www.burmeseclassic.com

www.burmeseclassic.com


အန်ကယ်လည်း ဒီလိုပဲပေါ့"

"တော်စမ်းပါကွာ၊ အရေးထဲ ပန်းစိုက်သမားလာလုပ်ခိုင်းနေတယ်"

ဦးပါတူးတစ်ယောက် တူတော်မောင်ကို ရှုံ့မဲ့မဲ့ကြည့်ရင်း အိမ်ပေါ်မှ ဆင်းသွား၏။ နော်ဇာကတော့ အစစအရာရာ မေ့နေသည့်ပုံပင်။

သူတို့နှစ်ယောက်၏ အချစ်က မိုးမမြင်လေမမြင်။ ဘာဆိုဘာမှ မမြင်တော့။ လှပသည့် အတွေးကလေးများနှင့် အိပ်မက်တွေအားလုံး နှစ်ယောက်သား မောင်ပိုင်စီးထားကြ၏။ သွားအတူ၊ စားအတူ နေခဲ့ကြသည်မို့လည်း ချစ်ခြင်း၏ သံယောဇဉ်ကြိုးများက တိုး၍တိုး၍ ရစ်ပတ်ဖွဲ့နှောင်ခဲ့ကြ၏။

နောက်ဆုံး ချာလီတစ်ယောက် ဦးလေးဖြစ်သူကို မိန်းမလိုက်တောင်းပေးရန် အတင်းပူဆာလေတော့၏။ ချာလီ့စကားကြောင့် ဦးပါတူး ခမျာ တလှုပ်လှုပ် ဖြစ်နေ၏။

"ဟကောင်- မင်းဥစ္စာ ဟုတ်မှလည်း လုပ်ပါကွာ။ သူ့ဦးလေး ငွေရက ကြီးကျယ်တယ်နော်။ တော်ကြာ မင်းကိစ္စကို ကဖျက်ယဖျက်လုပ်နေရင် အကုန်လုံး ဒုက္ခကွ"

"ဒီလူကြီး မလှုပ်နိုင်တော့ပါဘူး အန်ကယ်ရာ။ သူ့တူမကို ကျွန်တော် မျိုထားလိုက်ပါပြီ"

"ဟေ- မျိုထားတယ်၊ ဒါဆို မင်း မြွေများဖြစ်နေပြီလား"

"ဟဲဟဲ ဒီလိုစဲ သူက ကျွန်တော့်ကိုမျို၊ ကျွန်တော်က သူ့ကိုမျို။ တမျိုတည်း မျိုနေကြတာမြွေဗျာ"

"ဟုတ်လား၊ ဒါဆို မင်းတို့တွေက မြွေတွေပါလားကွ"

"ချစ်လာရင် လူတွေဟာ မြွေတွေဖြစ်သွားကြတာပဲ။ အန်ကယ်တစ်ယောက်ယောက်ကို ချစ်ကြည့်ပါလား။ မြွေမဖြစ်တောင် တီကောင်တော့ ဖြစ်မှာသေချာတယ်"

"ဟာ- တော်ပါတော့"

"ကိုင်း- ဘယ်လိုလဲ အန်ကယ်၊ ကျွန်တော့်ကိစ္စ အန်ကယ်ပဲ ပြောပေးပါနော်။ ခုချိန်မှာ အန်ကယ်ကြီးဟာ ကျွန်တော့်အမေဆိုလည်း အမှားဘူး၊ အဖေဆိုလည်း မမှားဘူးလေ"

"အင်း- လုပ်ပြီကွာ"

ချာလီ့စကားတွေကြောင့် ဦးပါတူးတစ်ယောက် ချီတုံချတုံ ဖြစ်နေ၏။ ချာလီ့ကိစ္စကို အရမ်းကာရော ကြားမဝင်ရဲ။ ကြားညပ်သွားလျှင် ခွေးပြေးဝက်ပြေး ပြေးရမည့်ကိန်းဆိုက်နေ၏။

လုပ်ရမှာလည်း မျက်ခုံးတလှုပ်လှုပ်၊ မလုပ်ပေးပြန်တော့လည်း မဖြစ်။ စိတ်တွေ ရှုပ်ထွေးနေ၏။ ထို့ကြောင့်လည်း ချာလီမရှိတုန်း အရှေ့လှကြီး ဆရာညွှာနှင့် တိုင်ပင်ခဲ့၏။ ဆရာညွှာကလည်း ချာလီ့အကြောင်းကို ကောင်းကောင်းသိနေ၏။


www.burmeseclassic.com

 www.burmeseclassic.com 

မဟုတ်မဟတ် လုပ်သည့်နေရာတွင် ချာလီက ထိပ်တန်း။ ယခုလည်း တကယ်မှ ဟုတ်ရဲ့လားဟု ဝါးတားတား ဖြစ်နေ၏။

"ခင်ဗျားတူက စိတ်မချရဘူးနော်။ ပြဿနာကို ဆီလိုအပေါက်ရှာချင်တဲ့သူဗျ။ တော်ကြာ ခင်ဗျားရော ကျွန်တော်ပါ ပြေးပေါက်မရှိဖြစ်နေဦးမယ်နော်"

"အဟုတ်ပဲဗျာ။ ကျုပ်တူ ချာလီက တောင်တောင်ဤဤ သိပ်လုပ်တတ်တာဗျ။ ခုလည်း ပြောသာပြောရတယ် မျက်ခုံး တလှုပ်လှုပ်။ ဒါပေမယ့် ဟို- နော်ဇာဆိုတဲ့ ကောင်မလေးက သူ့ကို အတင်း တွယ်ဖက်ကပ်နေတာဗျ။ ဒီတော့ ဒီတစ်ခါ သေချာပြီထင်ပါတယ်ဗျာ။ ဆရာညာတို့က အရပ်လူကြီးဆိုတော့ မိန်းမတောင်းသွားရင် ခန့်တာပေါ့ဗျာ"

"ဟင်- ဟဲဟဲ ဒါတော့ ဒါပေါ့ဗျာ။ လူဆိုတာ ဉပမိအဟိတ်အဟန်ကလည်း လိုသေးတယ်ဗျ။ ခင်ဗျားကျတော့ ဉပမိသမ္ပတိသဘောရှိတယ်ဗျ"

"ဘာတုံးဗျ၊ ဉပမိသမ္ပတိ ဆိုတာ"

"ဟဲဟဲ ပြောရရင် ကျုပ်လောက် ရုပ်ရည်မခံ့ညားဘူးလို့ ပြောတာဗျ"

"အဲဒါပြောတာပေါ့၊ ဆရာညာ အိမ်ဦးခန်းမှာ ထိုင်နေပြီဆိုရင် လူတကာ တလေးတစား ဖြစ်သွားတာဗျ။ ကျွန်တော်ကတော့ ရုပ်ကလည်း ခေလှသဗျာ။ ဒါကြောင့်လည်း လူပျိုကြီး ဖြစ်နေသလား မသိဘူး"

"ဟာ- ဒါများ လွယ်လွယ်လေးပါ။ ခေတ်ကြီးက တအား ပြောင်းလဲနေပြီဗျ။ ကိုယ့်မျက်နှာကိုယ် ကြည့်မရဘူးဆိုရင် ဓားနဲ့သာ လှီးပစ်လိုက်"

"ခင်ဗျာ"

"ဟုတ်တယ်လေ၊ ဟို- ကပ္ပလီလေးဗျာ"

"ဘယ်က ကပ္ပလီလေးလဲ"

"ဟိုဟာ၊ ဆံပင်ကောက်ကောက် အသံသေးအသံကြောင် အော်ဆိုပြီး ကမ္ဘာကျော်ဖြစ်သွားတာလေ။ သူ့နာမည်က ခေါင်းကိုက်ဆေးနာမည်နဲ့ ခပ်ဆင်ဆင်ဗျာ"

"ဒါဆို ပါရာစီတမော့လား"

"ဟာ- ဟုတ်ပါဘူးဗျာ"

"ဒါဆို အဘထ,လား"

"ကျုပ်ပြောတာ အင်္ဂလိပ်ဆေး အမည်ဗျ။ ခေါင်းကိုက်ရင် သောက်တာဗျာ"

"သြော်- အနာဂျက်ဆင် ဖြစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ပြီဗျို့၊ အဲဒီနာမည်နဲ့ တူတယ်။ ဂျက်ဆင်တော့ ဂျက်ဆင်ဗျ"

"မိုက်ကယ်ဂျက်ဆင်ပါဗျာ"

"ဟုတ်တယ်ဗျို့၊ အဲဒီ ကပွလီလေးဆို မျက်နှာလိုးပြီး မျက်နှာတူတပ်ထားတာဗျ။ သူ့ကို မိန်းမတွေ ဝိုင်းဝိုင်းလည်လို့"

"ဟုတ်လား၊ အဲဒီလောက်တော့ မရဲပါဘူးဗျာ။ အမေမွေးတဲ့မျက်နှာလေးကို ရွှေတစ်ရွေးသားနဲ့တောင် မလဲပါဘူးဗျာ"

"ဟား ဟား ဟား ကောင်းလိုက်တဲ့ စာဆိုဗျာ။ ကဲ- ဘာမှမပူနဲ့၊ ခင်ဗျားတူ မိန်းမသွားတောင်းတော့မယ်ဆိုရင် ကျုပ်တို့ကိုသာခေါ် လိုက်။ ဒီလိုကိစ္စမှာ အရုပ်လူကြီး ပါလာရင် အစစအရာရာအဆင်ပြေတာပေါ့။ မပူနဲ့ ကျုပ်ရယ်၊ ကျုပ်ယောက်ဖ တင်စိန်ရယ်လိုက်ခဲ့မယ်။ ဒီကောင်လည်း ဥပမိရုပ် မခေဘူးဗျ"

"ဒီလိုဆို ရုပ်ရှင်မင်းသားတွေ ခေါ်သွားရင် အဆင်ပြေမှာပေါ့ ဟား ဟား ဟား"

"ဟာ- ခင်ဗျားကတော့ဗျာ"

"ကိုင်း- ဒါဆို သွားရင်လာခေါ်မယ်ဗျာ။ ချာလီပြောတာတော့ သန်ဘက်ခါလောက် စီစဉ်ချင်တယ်တဲ့"

"လုပ်လေ၊ ကျုပ်တို့က အားလုံးအဆင်သင့်ပါပဲဗျာ။ ဟဲဟဲ"

အရုပ်လူကြီး ဆရာညွှာမှာ မိန်းမတောင်းလိုက်ရမည်ဆိုသဖြင့် အပျော်ကြီးပျော်နေ၏။ သူက သူများထက် ထူးထူးခြားခြား နေတတ်သူဖြစ်၏။ နှာတံပေါ်ပေါ်၊ မေးရိုးလေးထောင့်၊ မဟာနဖူးကျယ်ကျယ်နှင့် ယောက်ျားပီသလှသော သူ့ရုပ်ရည်ကိုကြည့်ပြီး သူ့ကိုယ်သူ ဂုဏ်ယူရတာလည်း အမော။ ထို့ပြင် ရှင်ရှိသေ လူရှိသေဖြစ်အောင် နှုတ်ခမ်းမွေးကားကားကြီးလည်းထား၏။

ရုတ်တရက်ကြည့်လျှင် ဆရာညွှာ၏အသွင်က မင်းညီမင်းသားကြီးတစ်ပါး၏ အသွင်အလားပင်။ ဦးပါတူးကတော့ အရုပ်လူကြီးနှင့် ညှိနှိုင်း၍ရသဖြင့် ဝမ်းသာအားရ ဖြစ်နေ၏။ ပြဿနာဖြစ်လျှင်လည်း အရုပ်လူကြီးကို ကာဗာယူ၍ ရသည်ဟု ယုံကြည်နေ၏။

ထို့ကြောင့်လည်း အိမ်ပြန်ရောက်သည်နှင့် ချာလီကို ပြောပြလိုက်၏။

"အကောင်းဆုံးပေါ့ အန်ကယ်ကြီးရာ။ မင်္ဂလာရှိတဲ့အလုပ်ကိုလုပ်တာ မင်္ဂလာရှိတဲ့လူတွေပဲ ခေါ်သင့်တာပေါ့"

"ဟကောင်၊ မင်းဥစ္စာ သေချာပါတယ်နော်။ ငါတော့ ပြောသာပြောရတယ် မျက်ခုံးခပ်လှုပ်လှုပ်ပဲကွ"

"မျက်ခုံးမလှုပ်ပါနဲ့ အန်ကယ်ကြီးရာ။ ရပ်နေတဲ့ မြေကြီးသာပျောက်ရင် ပျောက်သွားမယ်၊ ကျွန်တော်တို့ရဲ့ ချစ်ခြင်းက ဘယ်


www.burmeseclassic.com

www.burmeseclassic.com


တော့မှ ပျောက်သွားမှာတော့ မဟုတ်ဘူးဗျ။ နော်ဇာကလည်း ကျွန်တော့်ကိုမြင်ရင် သဲကြီးမဲကြီး၊ ကျွန်တော်ကလည်း နော်ဇာ့ကိုမြင်ရင် သဲကြီးမဲကြီး။ ဟီးဟီး. . . သဲကြီးမဲကြီးအချစ်မို့ လွဲစရာအကြောင်းမရှိပါဘူးဗျာ"

"ဒါဆိုလည်း ပြီးရောပေါ့ကွာ"

ချာလီကတော့ ပျော်လွန်းသဖြင့် ခုန်ဆွခုန်ဆွ ဖြစ်နေ၏။ နှစ်ကိုယ်တူ နီးဖို့အရေးအတွက် အကြီးအကျယ် စိတ်ကူးယဉ်နေ၏။ နော်ဇာနှင့်အတူနေရလျှင် သားသမီးတွေ တစ်ဒါဇင်ခန့်မွေးမည်၊ သူ့ကို နော်ဇာက အဖေကြီးဟုခေါ်လျှင် သူကလည်း အမေကြီးဟု ခေါ်မည်၊ အိုမင်းရွတ်တွသွားသည်အထိ နော်ဇာ့လက်ကို မလွှတ်တော့ဘူးဟု ဆုံးဖြတ်ခဲ့၏။ ထိုအတွေးကြောင့် ထမင်းတစ်ပန်းကန် စားနေရာက နှစ်ပန်းကန် တိုး၍စားလာနိုင်၏။

မိန်းမ မယူခင် ကောင်းကောင်းအိပ်၊ ကောင်းကောင်းစား၊ ကောင်းကောင်းနားရမည်ဟု စိုးတင့်က လက်ချာပေးထား၏။ ထို့ကြောင့်လည်း ငှက်ပျောသီးတွေစားလိုက်၊ ကြက်ဥတွေ ဖောက်သောက်လိုက်နှင့် ခွန်အားဗလတွေ စုနေ၏။

ထိုအချိန် လင်းတကြီးလို မှိုင်နေသူက ဦးငွေရ။ တူမကလေးကို ဘာမဟုတ်သည့် ချာလီ့လက်ထဲ ကြက်ကလေး၊ ငှက်ကလေးလို ထည့်လိုက်ရမှာကို အခံစားကြီး ခံစားနေရ၏။ အစ်မကိုလည်း မကျေနပ်၊ အိမ်မှာလည်း မနေချင်သည်မို့ ရွှေဆိုင်သို့ ရောက်ရှိနေ၏။

ရွှေဆိုင်တွင်ခန့်ထားသည့် ကောင်မလေးတွေက လေးငါးယောက်။ အားလုံး အချောလေးတွေချည်း ဖြစ်၏။ ထိုအထဲတွင် 'နုနု' မည်သော မိန်းမချောလေးက ဦးငွေရကို အသေကပ်ထား၏။ ဦးငွေရလာလျှင် အတင်းကျွေးခိုင်း မွေးခိုင်းနှင့် လုပ်တတ်၏။ ဦးငွေရကလည်း နုနု ပြောသမျှ တစ်ချက်ကလေး မငြင်း။ နုနု လက်ညှိုးညွှန်တာမှန်သမျှ ဖြစ်စေရမည်ဟု။

နုနုနှင့် သူက အရွယ်အားဖြင့် ဆယ့်ခြောက်နှစ် ဆယ့်ခုနစ်နှစ် နီးပါး ကွာ၏။ နုနုကိုယ်လုံးကလေးက ဝဝကစ်ကစ်ကလေးနှင့် အလွန်မှ စွဲမက်ဖွယ်ကောင်းလှသည်ဟု ထင်မိ၏။

ယခုလည်း တူမကိစ္စကြောင့် ဆိုင်သို့ရောက်ရှိလာရာ နုနုနှင့် တွေ့လိုက်ရတော့ ညည်းညူညစ်နွမ်းမှုတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်၏။ နုနုက တိုကျိုကြက်ကင် စားမည်ဆိုသဖြင့် ကြက်ကင်ပြေးဝယ်ပေးရ၏။ နုနု စားမည်ဆိုတော့ အရိုးပါးထွင်ပေးရ၏။

နုနုကို တစိမ့်စိမ့်ကြည့်ပြီး လူပျိုကြီး တစ်သက်လုံး လုပ်လာခဲ့သော ဦးငွေရတစ်ယောက် ရင်ဘတ်ကြီး တလှုပ်လှုပ် ဖြစ်လာ၏။ အပြီးတမ်း အကျိုးအမြတ်ကိုသာ မျှော်ကိုးခဲ့သူဖြစ်၍ နုနုနှင့်ပတ်သက်လျှင် တစ်ချိန်တွင် သူ့အပေါ် နုနုတုံ့ပြန်လာလိမ့်မည်ဟု ယုံကြည်ခဲ့၏။ ထို့ကြောင့်လည်း


www.burmeseclassic.com

နုနုအလိုကျ ဦးငွေရ ဖြစ်ရလေ၏။

ယခုလည်း သူ့အနား လာထိုင်နေသော နုနုကိုကြည့်ပြီး ပီတိတွေ ဖြစ်နေစဉ် ဖုန်းသံတတီတီမြည်လာသဖြင့် ဖုန်းအလျင်အမြန် ကောက်ကိုင်လိုက်၏။

"ဟဲလို- အန်ကယ်ငွေရလား"

"ဟေ- ဘာတုံးကွ၊ ဘယ်သူလဲ ပြောစမ်း။ ဒီမှာ အလုပ်တွေရှုပ်နေတာ မသိဘူးလား"

"ဟဲဟဲ- အန်ကယ်က ကျွန်တော့်အသံ မမှတ်မိတော့ဘူးလားဗျ"

"ဟေ- မင်း ဘယ်သူတုံး ပြောစမ်း"

"ဟား ဟား ဟား ကျွန်တော် မသေဘူး၊ ရေကူးတတ်တယ်ဗျ"

"ဘာကွ၊ ဘာတွေလဲ"

ဖုန်းထဲမှ အူကြောင်ကြောင် ရေရွတ်ပြနေသံကြောင့် ဦးငွေရ မှုန်ကုပ်ကုပ် ဖြစ်သွား၏။ ဘာကို နားလည်ရမှန်းပင် မသိ။

"ဟကောင်၊ မင်း ငါ့ကို ပဟေဠိတွေ လုပ်မနေနဲ့ကွ။ ဒါ ပဟေဠိ အမေးအဖြေ လုပ်နေတာမဟုတ်ဘူး။ ဒီမှာ အလုပ်ရှုပ်ရတဲ့အထဲ အကျိုးအမြတ် မရှိကွာ"

"အန်ကယ်ငွေရကလည်းဗျာ၊ ကျွန်တော် မသေဘူး ရေကူးတတ်တယ်ဆိုကတည်းက တွေးကြည့်ပေါ့"

"ဟင်- ဘာလဲကွ"

"ဟား ဟား ဟား ဒေးဗစ်လေ ဒေးဗစ်။ အန်ကယ့်ရဲ့တူတော် မင်းသားလေး ဒေးဗစ်လေ"

"ဘာကွ- ဒေး. . . ဒေးဗစ် ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော် ရန်ကုန်ကို ပြန်ရောက်နေပြီ။ အခု လေဆိပ်က ဆက်နေတာဗျ။ ဟို- ကျွန်တော့်အချစ်ကလေး အရင်တိုင်းပဲလား အန်ကယ်။- ကျွန်တော့်အချစ်ကလေးဆီကို အပြေးလာနေပြီဆိုတာ ပြောပေးပါလား"

"ဒေးဗစ်၊ ဟာ- ဝမ်းသာလိုက်တာကွာ။ မင်း တကယ် မသေဘူးနော်"

"မသေပါဘူးဗျာ။ ကိုင်း- အန်ကယ် အိမ်ကသာ စောင့်ပေတော့။ အန်ကယ့်အတွက်လည်း နိုင်ငံခြားပစ္စည်းတွေ ပါတယ်ဗျ"

'ဒေးဗစ်' ဆိုသော နာမည်ကို ကြားလိုက်သည်နှင့် ဦးငွေရတစ်ယောက် ဝုန်းခနဲ ထရပ်လိုက်၏။ ဘယ်လိုကဘယ်လို ပြန်ရောက်လာပါလိမ့်။ သူ့ကို အားလုံးက သေပြီဟု တွက်နေကြ၏။ တူမလေးအတွက် အခံစားကြီး ခံစားခဲ့ရ၏။ ထို့ပြင် ကြားကဝင်ပြီး ဒေးဗစ်ယောင်ဆောင်နေသော ချာလီကိုလည်း မောင်းထုတ်ချင်လှသည်မို့ ဦးငွေရတစ်ယောက် ဝမ်းသာအားရနှင့် အိမ်သို့ အပြေးပြန်ခဲ့လေတော့၏။

○○○



www.burmeseclassic.com

www.burmeseclassic.com

"အချစ်ကို ချော့လဲရောထိုင်
လုပ်ကြည့်ရင်းက ကံကောင်းလိမ့်မယ်လို့
ထင်ပေမယ့် ဘယ်တော့မှ ကံမကောင်း
ဘူးမှတ် . . ."

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

သူ့စကားကြားလိုက်သည်နှင့် ဒေါ်လှဲ့ဝါမှာ အပျော်ကြီးပျော်နေ၏။ ဦးငွေရမှာလည်း ပြုံးဖြီးဖြီး ဖြစ်နေ၏။

"ဟဲ့- နင့်စကားက သေချာပါတယ်နော်"

"ဟာ- သေချာပါတယ် မမရာ၊ ဒေးဗစ်မှ ဒေးဗစ်အစစ်တဲ့ဗျ။ ခု အိမ်ကို ကားနဲ့လာနေပြီတဲ့"

"ဟင်- ဒါ. . . ဒါဆို ဟိုချာလီ"

"အဲဒီ ဒေးဗစ်အတုကို မောင်းထုတ်လိုက်ရုံပေါ့ မမရာ။ အစစ်ရှိမှတော့ အတုမလိုတော့ပါဘူးဗျာ"

"အေး- ဟုတ်တယ်၊ အဲဒီ ဒေးဗစ်နဲ့က လူကြီးချင်းပါ ပြောပြီးဆိုပြီး စေ့စပ်ပြီးသားဆိုတော့ ပိုလွယ်တာပေါ့။ ပြီးတော့. . ."

"ဟာ- မမကလည်း ဘာမှတွေးမနေနဲ့၊ ဒီကိစ္စ ကျွန်တော် ဖြေရှင်းမယ်။ အရေးကြီးတာ နော်ဇာ့ကို ပြောပြလိုက်။ သူလည်း တအားဝမ်းသာသွားလိမ့်မယ်"

"အို- ဖြုန်းစားကြီးပြောလို့ ဘယ်ဖြစ်မလဲ၊ တော်ကြာ ဝမ်းသာလုံးဆို့နေရင်အခက်"

"ဟာ- မမကလည်း ပြောလိုက်စမ်းပါဗျာ၊ ဒေးဗစ်လာတော့ ပြောပြီးဆိုပြီး ဖြစ်နေပြီပေါ့"

"အေး- အဲဒါလည်း ဟုတ်သားပဲ၊ ဒါပေမယ့် သမီးရောဂါက"

"ဟာဗျာ- မမ မပြောရင် ကျွန်တော် သွားပြောမယ်"

"အေး- နင့်တူမ နင်ပဲ ကြည့်ပြောပါဟယ်၊ မမတော့ ဘာပြောလို့ ပြောရမှန်းတောင် မသိပါဘူးကွယ်"

ဦးငွေရတစ်ယောက် အကြီးအကျယ် ဝမ်းသာအားရ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com

တူမဖြစ်သူကိုလည်း ရွှေရွှေချင်းသာ ဂဟေဆက်စေချင်လှ၏။ ထို့ကြောင့်လည်း အစ်မလုပ်သူ၏အပြောကိုပင် နားမထောင်တော့ဘဲ အိမ်ကြီးအပေါ်ထပ်သို့ အပြေးအလွှား တက်ခဲ့လေ၏။

"တူမလေး၊ တူမလေး နော်ဇာ၊ တံခါးဖွင့်စမ်း"

"ဟင်- ဘာလဲ အန်ကယ်ကြီးရဲ့၊ ဒီမှာ နေမကောင်းချင်လို့ အိပ်နေတာကို"

"အို- တံခါးဖွင့်စမ်းပါ၊ အန်ကယ့်စကားကြားရင် တူမကြီး ချက်ချင်း နေကောင်းသွားမှာပေါ့"

"ဘာလဲ အန်ကယ်ကြီးရာ၊ လာပြီ လာပြီ"

အိပ်ရာပေါ် ခွေနေသော နော်ဇာသည် ခုတင်ပေါ်မှ အသာအယာဆင်းကာ အိပ်ခန်းတံခါးကို ဖွင့်ပေးလိုက်၏။ ဦးငွေရ၏အသွင်က ဒရောသောပါး။ မျက်နှာကြီး ပြုံးဖြီးဖြီးနှင့် တူမဖြစ်သူကို အားတက်သရော ပြောချလိုက်လေ၏။

"ရှင်- ဒေးဗစ်"

"ဟုတ်တယ်လေ၊ သူ မုန်တိုင်းမိပေမယ့် မသေဘူးတဲ့။ ခု လေဆိပ်မှာ ရောက်နေပြီ တူမကြီးရဲ့"

"ရှင်- ဟို. . . ဟို ကိုဒေးဗစ်"

"ဟုတ်တယ်လေ"

"ဟို- ဟို သူ. . . သူ မသေဘူး"

"ဟာ- မသေပါဘူးဆိုမှ"

"အောင်မလေး"

"ဟာ- တူမကြီး။ လာ. . . လာကြပါဦးဗျို့၊ ဟောဒီမှာ နော်ဇာ မူးလဲသွားပြီဗျ။ လာကြပါဦး"

ဦးငွေရ၏အော်သံက ဝက်ဝက်ကွဲ။ သူ့အော်သံကြောင့် တစ်အိမ်လုံး ပြောင်းဆန်ကုန်၏။ ဒေါ်လှဲ့ဝါမှာလည်း ပြေးတက်လာ၏။

"သမီး. . . သမီးလေး"

"လုပ်ကြပါဦး"

"သမီးလေး နော်ဇာ. . . နော်ဇာ. . . အောင်မလေး၊ ဆေးရုံ ဆေးရုံပို့ကြပါ။ ကယ်ကြပါဦး"

"ဟဲ့- ဆေးရုံကားခေါ်ကြစမ်း"

ဦးငွေရသည် အိမ်ဖော်တွေကို ဟိန်းဟောက်လိုက်၏။ နော်ဇာမှာ ဒေါ်လှဲ့ဝါ၏ရင်ခွင်ထဲ သတိမေ့နေ၏။ နောက်ဆုံး ဆေးရုံကား ရောက်ရှိလာကာ အရေးပေါ်ဌာနသို့ ခေါ်ဆောင်သွားလေ၏။

* * *

တစ်အိမ်လုံး မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်နေ၏။ ဦးငွေရမှာ ရင်တဖိုဖို ဖြစ်နေရှာ၏။ အရေးပေါ်ရောက်သည်နှင့် အလှူးကူဆရာဝန်


www.burmeseclassic.com

www.burmeseclassic.com

ကြီးနှင့် ပြသလိုက်၏။

ဆရာဝန်ကြီးတွေအားလုံး အလုပ်ရှုပ်သွား၏။ အောက်ဆီဂျင်ပေးသူပေး၊ ဆေးထိုးသူထိုးနှင့် အလုပ်ရှုပ်နေ၏။ ဒေါ်လှဲ့ဝါတို့ မောင်နှမနှစ်ယောက် အရေးပေါ်အခန်း၏ ပြင်ပတွင် ရင်တထိတ်ထိတ်နှင့် ထိုင်စောင့်နေကြ၏။

ထိုစဉ် အထူးကုခန်းထဲမှ ဆရာဝန်ကြီး ထွက်လာပြီး ဦးငွေရကို ခေါ်ကာ တီးတိုးပြောလိုက်၏။

"ခင်ဗျာ"

"စိတ်မကောင်းပါဘူးဗျာ"

"ဟဲ့. . . ဟဲ့ ငွေရ ဘာ- ဘာတဲ့. . . ဘာတဲ့ဟဲ့။ ငါ့ကိုပြောစမ်း"

ဦးငွေရတစ်ယောက် အရုပ်ကြိုးပြတ် ဖြစ်သွားလုမတတ်ပင်။ ဆရာဝန်ကြီး ထွက်သွားသည်နှင့် အစ်မဖြစ်သူကို အတင်းဆွဲခေါ်ကာ အောက်ထပ်သို့ ဆင်းခဲ့၏။

အကြောင်းစုံကို ပြောပြလိုက်ရာ ဒေါ်လှဲ့ဝါတစ်ယောက် မိုက်ခနဲ လဲကျသွားလေ၏။ အခြေအနေမှာ ကမ္ဘာပျက်သွားသလားပင် ထင်ရ၏။ သူနာပြုသုံးလေးယောက် အပြေးရောက်လာကာ ဒေါ်လှဲ့ဝါကို ဆေးထိုးဆေးတိုက် ပြုစုလိုက်ရ၏။

"သမီး သမီးလေး ဆုံးပြီ။ အောင်မလေး ဘုရား. . . ဘုရား ကျွန်မသမီးလေး. . . "

ဒေါ်လှဲ့ဝါ၏ ကြွေးကြော်ငိုခြင်းက နှလုံးသည်းပွတ်တို့ပင် ပြုတ်ထွက်သွားမတတ်။ နော်ဇာ ဆုံးပြီဆိုသော သတင်းကြောင့် ဆေးရုံသို့ တစ်ဆွေလုံးတစ်မျိုးလုံး လိုက်လာကြ၏။

ငိုသည့်သူကငို၊ အော်သည့်သူအော်နှင့် ဆေးရုံတစ်ခုလုံး ပွက်ပွက်ညံနေလေတော့၏။ ဦးငွေရခမျာမှာလည်း မျက်နှာက ဆီးရွက်သာသာပင် ရှိတော့၏။ တူမလုပ်သူ၏ အသုဘကိစ္စကိုလည်း ကိုယ်တိုင်လိုက်လံ စီစဉ်နေရလေတော့၏။

ထိုအချိန်တွင် နော်ဇာတို့အိမ်ကြီးပေါ် ရောက်လာသော နိုင်ငံခြားပြန်ကြီး ဒေးဗစ်မှာ အိမ်ပေါ်တက်လိုက်သည်နှင့် ငိုသံများကြောင့် အကြီးအကျယ် တုန်လှုပ်သွားခဲ့၏။ ပို၍ ခံစားလိုက်ရသည်မှာ ဆေးရုံမှပြန်၍ သယ်ယူလာသော နော်ဇာ့အလောင်းကို တွေ့လိုက်ရခြင်းပင်။

ဒေးဗစ်မှာ ရူးသွားမတတ် ခံစားရကာ ချက်ချင်း အိမ်ပေါ်မှ ဆင်းပြေးသွားလေတော့၏။ ဒေါ်လှဲ့ဝါခမျာမှာလည်း သမီးဖောကြောင့် မှတ်ဉာဏ်တွေ ချို့ယွင်းကုန်ကာ ကြောင်စီစီဖြစ်နေ၍ အိပ်ဆေးတိုက်ထားရ၏။

* * *

နောက်တစ်နေ့နံနက်ခင်း အရောက်တွင် ချာလီတို့လုံ မိန်းမ

www.burmeseclassic.com

တောင်းရန်အတွက် ရပ်ကွက်ထိပ်မှ ကားငှား၍ ထွက်လာကြ၏။

ဆရာညှာတို့ သမီးယောက်ဖကလည်း ခေါင်းပေါင်းကြီးတွေ တလူလူ၊ ဦးပါတူးကလည်း ဘူတော်မောင်နှင့် နင်လားငါလား ပြင်ဆင်ထား၏။

ချာလီခမျာ ကားပေါ် ထိုင်ရင်း မရိုးမရွှဖြစ်နေ၏။ အနောက်တိုင်းဝတ်စုံကို သပ်ရပ်စွာဝတ်ဆင်ထားရင်း နောက်ကြည့်မှန်ကိုကြည့်ကာ အလှတပြင်ပြင် လုပ်နေ၏။

"ဘယ်လိုလဲ အန်ကယ်၊ ကျွန်တော့်ပုံက စမတ်ကျရဲ့လားဗျ"

"အေး- ခုလိုဆိုတော့လည်း ငါ့တူက တကယ် ခန့်တာပဲကိုး။ အန်ကယ့်ပုံရော ဘယ်လိုနေသလဲကွ"

"ဟဲဟဲ အန်ကယ့်ပုံက နဖူးလေးပြောင်တာပဲ ပြောစရာရှိတယ်ဗျာ။ ဟဲဟဲ ကျန်တာတွေအားလုံး စမတ်ကိုဝွမ်နေတာပဲ"

"ဟာကွာ"

"ဟား ဟား ဟား အလကားပြောတာပါ အန်ကယ်ရာ၊ အန်ကယ့်ပုံက မင်းသားကြီး အန်ထော်နီကွင်းလိုလို၊ ဂရေဂရီရီပက်လိုလို၊ မင်းသားကြီး ဝင်းဦးလိုလိုဗျ"

"ဟာ- အဲဒီမင်းသားတွေ သေကုန်ပြီဟ။ ငါက ငယ်ငယ်တုန်းက လူချောကွ၊ နဖူးပြောင်တာ ထိပ်ကဆံပင်ကို တမင်နုတ်ခဲ့လို့ကွ။ ခုတော့ ပြောင်တာမှ နောက်စေ့ရောက်တော့မယ်ကွ။ အဲဒီလောက် ပြောင်လွန်းတော့လည်း မဒီတွေ ရယ်စရာဖြစ်တာပေါ့ကွာ။ ဒါပေမယ့် ဟောဒီ ဥပမိရုပ်ကောင်းလှတဲ့ အရပ်လူကြီးတို့ သမီးယောက်ဖပါတယ်၊ ဒီတော့ အားလုံး အိုကေမှာပါ"

"ဒါပေါ့ဗျာ၊ ဥပမိကောင်းရင် လုပ်သမျှ မင်္ဂလာတရားညီတာပေါ့ ဟဲဟဲ။ ခင်ဗျားက ပွဲထုတ်တော့လည်း ကျုပ်တို့သမီးယောက်ဖ ဇာတ်မင်းသားတွေရှုံးအောင် ပြင်ဆင်ရတာပေါ့။ နော်-ယောက်ဖ"

"ဟုတ်ပ့ါဗျာ"

အရပ်လူကြီး ဆရာညှာနှင့် ယောက်ဖလုပ်သူ တင်စိန်တို့နှစ်ဦးမှာ ခေါင်းပေါင်းကြီး တလူလူနှင့် မြောက်ကြွမြောက်ကြွ ဖြစ်နေကြ၏။ ချာလီမှာတော့ ခြေတွေလက်တွေ အေးတိအေးစက်၊ ရင်တွေ တဖိုဖို၊ တလှိုက်လှိုက် ခံစားနေရရှာ၏။ လူကြီးတွေရှေ့ သူနှင့် နော်ဇာ ဘယ်သို့နေကြမလဲ ဆိုသည်ကို တွေး၍ ပီတိဖြစ်နေ၏။

နော်ဇာ၏ ဝင်းစိုစိုမျက်နှာလေးကိုလည်း မျက်စိထဲ တရေးရေးမြင်ယောင်နေ၏။

သူတို့စီးလာသော ကားကလေးသည် အချိန်အနည်းငယ်အကြာတွင် နော်ဇာတို့နေထိုင်ရာ နှစ်ထပ်တိုက်ကြီးရှေ့သို့ ရောက်လာ၏။

ကားရပ်သည်နှင့် ဦးဆုံး ကားပေါ်မှ ဆင်းလာသူက အရပ်လူကြီး ဆရာညှာတို့ သမီးယောက်ဖ။ တိုက်ကြီးပေါ် မော့ကြည့်ရင်း ဘုန်းကြီး


www.burmeseclassic.com

www.burmeseclassic.com

ပရိတ်ရွတ်သံကို ထူးထူးဆန်းဆန်း ကြားလိုက်ရ၏။
"ဟာ- ပရိတ်ရွတ်သံတွေပါလား"
"ဟုတ်ပ့ါ။ ဘယ်လိုလဲ ချာလီရ၊ မင်းက ဘုန်းကြီးဆွမ်းကျွေးပြီး မိန်းမတောင်းတာလားကွ"
"ဗျာ- ဘုန်းကြီး၊ ဘာလဲ အရပ်လူကြီးရဲ့"
"ဟာ- အိမ်ကြီးပေါ်မှာ ပရိတ်ရွတ်သံတွေ မကြားဘူးလားကွ။ ဟား ဟား ဟား ချာလီကတော့ လုပ်လိုက်ရင် အားလုံး ရာဇဝင်နဲ့ချီတဲ့ကောင်ပါလား"
"ဟင်- ဘယ်လိုကြီးလဲဟ။ ဟကောင် ချာလီ၊ ဘယ့်နှယ် ပရိတ်ရွတ်သံတွေ ကြားနေရသလဲ"
"သိဘူးဗျ၊ ကေန္တ အရပ်လူကြီးတို့ ဥပမိကြောင့် သုဂတိမင်္ဂလာပွဲ ကျင်းပနေတာ ဖြစ်မှာပေ့ါ"
"ဟေ- ဟား ဟား ဟား ကောင်းကွာ။ ကိုင်း- လာကြ၊ မင်္ဂလာချိန်မှာ ငါတို့ သုဂတိမင်္ဂလာပွဲ နွဲကြပါစို့။ ဟီး. . . ဟီး"
ရှေ့ဆုံးက အရပ်လူကြီး ဆရာညွှာ ဦးဆောင် တက်သွား၏။ နောက်မှ ယောက်ဖဖြစ်သူ တင်စိန်၊ ထို့နောက် ဦးပါတူးနှင့် ချာလီတို့ ကြွတကြွတနှင့် တိုက်ကြီးထဲ ဝင်လာကြလေ၏။
"အောင်မလေး- ဟိုမှာ လာကုန်ကြပြီ"
"ဟယ်- ဘယ်လိုဖြစ်တာလဲ"
"ဟ ဟ- မင်း. . . မင်းတို့"
"ဟင်- ဦးငွေရ"
"ချာ. . . ချာလီ မင်း ဘာလာလုပ်. . ."
"ဟာ- ဦးလေးငွေရကလည်း၊ ကျုပ်တို့ ဟောဒီ ဥပမိကောင်းကောင်း အရပ်လူကြီးတွေနဲ့ သုဂတိမင်္ဂလာ မိန်းမတောင်းလာတာလေ"
"ဘာကွ- မင်း. . . မင်း"
"ဟင်- ဘာ ဘာဖြစ်တာလဲဗျာ"
အိမ်နောက်ဘက်မှ အူယားဖားယား ထွက်လာသော ဦးငွေရ။ ချာလီတို့လူသိုက်ကို မြင်လိုက်ရသောအခါ မျက်နှာကြီး ရှုံ့မဲ့မှိုင်တွေသွား၏။ ချာလီသည် ဦးငွေရကိုကြည့်ပြီး တွံ့တွံ့ဆိုင်းဆိုင်း ဖြစ်နေ၏။
ဆရာညွှာတို့ သမီးယောက်ဖအသွင်က ခေါင်းတမော့မော့၊ ရင်တကော့ကော့။ ဦးပါတူးကလည်း ထိုနည်းလည်းကောင်းပင်။
ထိုစဉ် ဦးငွေရက မပြောမဆိုနှင့် တအီးအီးငိုချလိုက်လေတော့၏။
"ဟိုက်- ဘာ. . . ဘာဖြစ်တာလဲ ဦးလေး"
"အီး. . . အီး. . . အီး"
"ဟာ- ခင်ဗျားတူမလေး ပေးလိုက်ရမှာမို့ နှမြောပြီး ငိုနေတာလား

www.burmeseclassic.com

ကိုငွေရရယ်၊ ဟင်း. . . ဟင်း ဒါ မမွတာပဲလေ"

"ဟုတ်တာပေါ့၊ သဘာဝသဘောပဲလေ။ သမီးကညာ အခါမလင့် အခွင့်သာခိုက်. . ."

"တော်- တော်ကြပါတော့ဗျာ။ ခင်ဗျားတို့ ဘာတွေလာပြောနေကြတာလဲဗျ။ အီး. . . အီး. . . အီး"

"ဟာ- ငိုလှချည်လား"

"ဘယ်လိုဖြစ်တာလဲဗျ၊ သုဂတိမင်္ဂလာအချိန်မှာ"

"ဟော့လူတွေ၊ ခင်ဗျားတို့ မှားနေပြီဗျ"

"ဟင်- ဘာမှားတာလဲ"

ရှုံ့မဲ့မဲ့ပြောလာသူက ဧည့်ခန်းထဲ ငူငူကြီးထိုင်နေသော နိုင်ငံခြားက သေရွာပြန်ကြီးဒေးဗစ်။ ဦးပါတူးသည် ဒေးဗစ်ကိုလှည့်ပြောရင်း တအံ့တဩ ဖြစ်သွား၏။

"ဟာ- မင်း. . . မင်းက ငါ့. . . ငါ့တူနဲ့ တစ်ပုံတည်းပါလားကွ"

"ဟင်"

ဒေးဗစ်ကိုကြည့်ပြီး ချာလီပါ အံ့ဩနေ၏။ ထိုစဉ် ဒေးဗစ်က ထစ်ထစ်ငေါ့ငေါ့နှင့် ပြောလိုက်၏။

"ခင်ဗျားတို့ ဘယ်ကလူတွေလဲ၊ ဒီမှာ သောကတွေနဲ့ ငိုကြွေးနေတာ ခင်ဗျားတို့ပုံက အလှူအိမ် ထမင်းလာစားတာ ကျနေတာပဲ"

"ဟင်- နေ. . . နေပါဦး၊ ဘာဖြစ်လို့လဲ ဦးလေးငွေရ။ ပြော. . . ပြောပါဦးဗျာ"

"ဟော့ကောင် ချာလီ၊ နော်. . . နော်ဇာလေး"

"ဗျာ- နော်ဇာ ဘာဖြစ်လို့လဲ"

"နော်ဇာ ဆုံးပြီကွ"

"ဗျာ"

"ဘာ- ဘယ်လို"

"ဗုဒ္ဓေါ"

ကြားလိုက်ရသည့် သတင်းကြောင့် သူတို့အားလုံး ကြောင်စီစီ ဖြစ်ကုန်၏။ ချာလီ့ခမျာ ကြားလိုက်ရသောစကားကို မယုံ။ ဦးငွေရကို အတင်းလှုပ်ယမ်းပြီး မေးလိုက်၏။

"ဦး. . . ဦးလေးငွေရ၊ ခင်ဗျား မနောက်ပါနဲ့ဗျာ"

"ဟာ- မယုံရင် အပေါ်သာတက်ကြည့်တော့ကွာ"

"ဗျာ- နော်. . . နော်ဇာ"

ချာလီသည် ဦးငွေရကို မှုန်ကုပ်ကုပ် လှမ်းကြည့်ရင်း အိမ်ကြီးအပေါ်ထပ်သို့ အပြေးအလွှား တက်သွားရာ နော်ဇာ၏ ဝိညာဉ်ကင်းနေသော ရုပ်အလောင်းကို ဘွားခနဲ မြင်လိုက်ရလေ၏။

"ဟာ- နော်. . . နော်ဇာ မယုံဘူး၊ နော်ဇာ"



www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ဟဲ့- ဒီမှာ ဘုန်းကြီးတွေ ပရိတ်ရွတ်နေတယ်လေ"

"ဗျာ"

သူ့အသံကြောင့် ဦးပဉ္စင်းတွေ သူ့ဘက် လှည့်ကြည့်လာ၏။ ချာလီ ဘာလုပ်လို့ လုပ်ရမှန်းမသိ။ အိမ်အောက်ထပ်သို့ ဒရောသောပါး ပြေးဆင်းလာ၏။

"ချာ. . . ချာလီ၊ ဘာ- ဘာလဲ"

"ဆုံးပြီ၊ နော်ဇာ ဆုံးပြီတဲ့ဗျာ။ အီး. . . အီး နော်ဇာရယ်"

"ဟာ- ပြဿနာပဲဟော့"

"ဒုက္ခပါပဲကွာ၊ သုဂတိမဟုတ်ဘဲ ဒုက္ခတိ ဆိုက်နေပါရောလား"

သူတို့အားလုံး အရုပ်ကြိုးပြတ်ဖြစ်ကာ ဧည့်ခန်းထဲရှိ ဆိုဖာခုံကြီးပေါ် ထိုင်ချလိုက်ကြ၏။ ချာလီ့ခမျာ စကားတောင်မပြောနိုင်တော့။ ဦးပါတူးနှင့် အရုပ်လူကြီးတို့ သမီးယောက်ဖခမျာမှာလည်း ခေါင်းပေါင်းကြီး တလူလူနှင့် ကြောင်စီစီ ဖြစ်နေ၏။

"ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ပြန်ကြလေ။ ခင်ဗျားတို့ အလျှုအိမ်နဲ့ မသာအိမ် မှားတက်လာတာဖြစ်မယ်"

"ဗျာ- ဟို- ဟိုဒင်း ဟိုဟာ"

"အီး. . . အီး နော်ဇာရဲ့ ကိုကို အသည်းတွေ ကွဲကုန်ပါပြီကွာ။ အီး. . . အီး. . . အီး"

"ဟာ- ချာ. . . ချာလီ၊ သတိထား"

"အီး. . . အီး. . . အီး"

"မငိုပါနဲ့ တူလေးရယ်၊ မင်းငိုတော့ ငါပါ ငိုချင်တယ်ကွ"

ဦးပါတူးကပါ ရှုံ့မဲ့မဲ့နှင့် ငိုမလိုလို ရယ်မလိုလို ဖြစ်လာ၏။ ထိုစဉ် လူကြီးတစ်ဦးက အရုပ်လူကြီး ဆရာညွှာတို့ သမီးယောက်ဖနှစ်ယောက်ကို အိမ်ကြီးအပေါ်ထပ် ခေါ်သွားကာ အသုဘရှုတရားနာခိုင်းလေတော့၏။

ချာလီ့ခမျာ ဘာကိုမှ မမြင်တော့။ ငိုလိုက်တာမှ တအီးအီး။ ဦးပါတူးလည်း မျက်နှာကြီး မဲ့ခွက်နေ၏။ ဒေးဗစ်သည် သူ့ထက် ပိုကဲနေသော ချာလီ့ကိုကြည့်ပြီး အံ့သြနေ၏။

နောက်ဆုံး ကြေးစည်ထု အမျှအတန်းဝေပြီးသောအခါ ဒေါ်လှဝါ၏ငိုသံကြီး ပေါ်လာတော့၏။ အရုပ်လူကြီး ဆရာညွှာတို့ သမီးယောက်ဖ ခမျာမှာလည်း ခေါင်းပေါင်းတွေချွတ်ကာ အိမ်ကြီးပေါ်မှ အပြေးအလွှား ဆင်းလာကြ၏။

ချာလီတို့ တူဝရီးက ငိုလို့ကောင်းနေဆဲ။ နောက်ဆုံး ဆရာညွှာတို့ သမီးယောက်ဖသည် ချာလီနှင့် ဦးပါတူးကို မနည်းချော့ကာ အိမ်ကြီးပေါ်မှ ဆင်းခဲ့ကြ၏။

အိမ်ပြန်ရောက်သည်အထိ ချာလီတစ်ယောက် တရှုံ့ရှုံ့ငိုနေဆဲ။ အရုပ်လူကြီး ဆရာညွှာခမျာမှာလည်း သုဂတိမင်္ဂလာ မဖြစ်ဘဲ ဒုက္ခတိ

www.burmeseclassic.com

 www.burmeseclassic.com 

မင်္ဂလာနှင့် ကြုံလိုက်ရသဖြင့် ပူစပ်ပူလောင်နှင့် မရိုးမရွ ဖြစ်နေ၏။ ဦးပါတူးခမျာမှာလည်း လင်းတကြီးတစ်ကောင်လို ငူငူကြီးဖြစ်နေ၏။

"ကိုင်းကိုင်း- ကျုပ်တို့လည်း ပြန်တော့မယ်"

"ဗျာ- ပြန်တော့မယ်။ ဘယ်ကိုပြန်မှာလဲ အရပ်လူကြီးရယ်"

"ဟာ- အိမ်ပြန်မှာပေါ့ဗျာ"

"ဟုတ်ကဲ့၊ ပြန်ကြပါ။ ကျွန်တော့်တူလေးကိုလည်း အားပေးကြပါဦးဗျာ"

"ဟာ- ခင်ဗျားတို့ဟာက မိန်းမတောင်းတာမှ မဟုတ်ဘဲ။ ခုဥစ္စာ အသုဘရှုသွားကြတာ ဖြစ်နေပြီဗျ"

"အေးဗျာ၊ ဘယ်လိုတွေ ဖြစ်ကုန်ပြီလဲတောင် မပြောတတ်တော့ဘူး။ ကျွန်တော့်တူလေးဟာ ကံခေလှပါတယ်ဗျာ"

"ခင်ဗျားတူတင် မဟုတ်ဘူး၊ ကျုပ်တို့လည်း ကံဆိုးတာပဲဗျ။ ခေါင်းပေါင်း,ပေါင်းပြီး အသုဘရှုလာတယ်လို့ ပြောနေကြပြီ"

"ဟုတ်ပါ့ဗျာ၊ အဖြစ်က ဘာပြောလို့ ပြောရမှန်းတောင် မသိတော့ဘူး"

"ကိုင်းကိုင်း- သွားပြီဗျို့"

နောက်ဆုံးတော့ အရပ်လူကြီးနှစ်ဦးလည်း ယောင်ချာချာနှင့် ပြန်သွားလေတော့၏။ ချာလီတစ်ယောက် သဲကြီးမဲကြီး ငိုနေဆဲ။

တစ်ညလုံးလည်း မအိပ်၊ သတိရတိုင်း ငိုနေ၏။ မိခင်ကြီး ဆုံးပါးစဥ်ကပင် ယခုလောက် မငိုသည်မို့ ဦးပါတူး အံ့သြနေ၏။

"ဟ- ငိုလှချည်လား"

"ဝမ်းနည်းလို့ပါ အန်ကယ်ကြီးရယ်၊ နော်. . . နော်ဇာက ကျွန်တော့်ကို သိပ်ချစ်တာဗျ။ အီး. . . အီး"

"ငိုပြန်ပြီကွာ"

"ငိုမယ်။ သူ သူ ဘာဖြစ်လို့ သေသွားရတာလဲ။ ကျွန်တော် မကျေနပ်ဘူးဗျာ"

"ဟာ- ငါကြားတာတော့ အဲဒီ ကောင်မလေးမှာ နှလုံးရောဂါရှိတယ်ဆိုပဲကွာ။ ကေန္ဒ ဝမ်းသာလွန်းလို့ နှလုံးလေရိုက်ပြီး အသက်ရှူပိတ်သွားတာဖြစ်မယ်"

"ဗျာ- ဒါ. . . ဒါ ကျွန်တော့်ကို ယူရတော့မယ်ဆိုပြီး ဝမ်းသာလွန်းလို့ ဖြစ်ရတာထင်တယ်"

"ဟုတ်မှာပေါ့ကွာ"

"အီး. . . အီး. . . အီး နော်ဇာရယ်၊ ကိုကို့ရင်ဘတ်ကြီးတော့ ကွဲသွားပါပြီကွာ။ အီး. . . အီး"

"ဟာ- တော်ပါတော့ကွာ၊ ဒါဟာ သခါရပဲလေ။ မမြဲတဲ့သဘောတွေပေါ့ ချာလီရာ။ တရားနဲ့ဖြေပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"မကျေနပ်ဘူးဗျာ၊ မကျေနပ်ဘူး"

"တိုးတိုးပြောပါကွ၊ ဒုက္ခပါပဲ"

ချာလီတစ်ယောက် ငိုလိုက်တာမှ ဝက်ဝက်ကွဲ။

မနက်လည်းငို. . .

နေ့လယ်လည်းငို. . .

ညလည်းငို. . .

နှစ်ဆယ့်လေးနာရီ ငိုလွန်းလှသဖြင့် မျက်လုံးကြီးတွေပင် ဖူးယောင် မောက်ကားလာ၏။

"ဟာ- တော်ပါတော့၊ သေတဲ့လူက သေပြီပဲကွ"

"ရင်နာလွန်းလို့ပါ အန်ကယ်ရာ၊ အီး. . . အီး. . . အီး သူ သူလေ ကျွန်တော့်ကို ထမင်းခွံ့ကျွေးခဲ့တာဗျ။ နော်ဇာရယ် အီး. . . အီး"

"ဟာ- တော်ပါတော့ဆိုကွာ။ မျက်လုံးတွေလည်း ပိတ်ကုန်ပြီကွ"

"နော်ဇာ သေပြီဗျ။ ကျွန်တော်လည်း သေမယ်၊ ကျွန်တော်လည်း လိုက်သေမယ်"

"ဟေ- မ. . . မလုပ်ပါနဲ့ကွာ"

"တောက်- ရင်နာလိုက်တာဗျာ"

ချာလီတစ်ယောက် ပက်လက်လှန်လိုက်၊ မှောက်ခုံကြီးလုပ်လိုက်၊ ထိုင်လိုက်ထလိုက်နှင့် ပုံစံအမျိုးမျိုးနှင့် ငိုကြွေးလိုက်သည်မှာ သဲသဲလှုပ်။

နောက်ဆုံး နော်ဇာကို မြေမြှုပ်သင်္ဂြိုဟ်မည့်အချိန်သို့ ရောက်ရှိလာ၏။ ချာလီတစ်ယောက် ဆွဲမရ လွဲမရ ဖြစ်နေ၏။

"ဟာ- ငိုလိုက်တာဗျာ"

"ငိုမှာပေါ့ကွာ။ အဲဒါ ငါနဲ့ပေါင်းမယ့် ကောင်မလေးကွ"

"ဟေ့လူ၊ ခင်ဗျား ဘာတွေလာပြောနေတာလဲ"

"နော်ဇာက ကျုပ်ချစ်သူဗျ၊ ကျုပ်ပြန်လာတယ်ကြားလို့ နှလုံးလေ ရိုက်ပြီး ဆုံးသွားတာ။ ခင်ဗျားနဲ့ ဘာဆိုင်လဲ"

"အောင်မယ်- ကျုပ်နဲ့ စေ့စပ်ရတော့မယ်ဆိုတာသိပြီး ဝမ်းသာလုံးဆို့ပြီး ဆုံးသွားတာကွ။ မင်းက ဘယ်သူလဲ"

"ဘာ- ငါက ဒေးဗစ်ကွ၊ နော်ဇာရဲ့ချစ်သူ"

"အောင်မယ်- ငါကမှ နော်ဇာရဲ့ချစ်သူကွ"

"ဘာ- မဟုတ်ဘူး"

"ဟုတ်တယ်ကွ"

"ဟုတ်ရင် နော်ဇာသေလို့ မင်းလိုက်သေရဲလား၊ ဒီမှာကြည့်"

"သေရဲတယ်ကွ၊ ဒီမှာကြည့်"

"ဟာ- လုပ်ကြပါဦး၊ ကျင်းထဲ ခုန်ချကုန်ကြပြီဗျို့"

မြေတူးနေကြသော သင်္ချိုင်းအလုပ်သမားနှစ်ဦးသည် ပြူးပြူးပြဲပြဲနှင့် အော်ဟစ်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com


ထိုအော်သံကြောင့် ဦးငွေရနှင့် ဦးပါတူးတို့လူသိုက် အပြေးအလွှား ရောက်ရှိလာကြကာ ကျင်းထဲမှ အတင်းဆွဲတင်ကြ၏။ ဆွဲလို့လွဲလို့ မရ။ ထိုစဉ် လူအုပ်ကြားမှ စကားသံတွေပေါ်လာ၏။

"ဒီလောက် သေချင်လည်း နှစ်ယောက်လုံး အရှင်လတ်လတ်သာ မြှုပ်လိုက်ကွာ"

"ဟုတ်တယ်၊ မြှုပ်လိုက်"

"ဟာ- ဟို. . . ဟို နေ. . . နေပါဦးဗျ"

"ဘာဖြစ်လို့ တက်လာတာလဲ၊ သေချင်တယ်ဆို"

"ဟိုတစ်ယောက်လည်း တက်လာပြီ၊ သေချင်တယ်ဆို"

တစ်ယောက်တစ်ပေါက် အော်သံကြား ချာလီရော ဒေးဗစ်ပါ ကျင်းထဲမှ အလုအယက် ပြန်တက်လာကြ၏။ သူတို့လုပ်ရပ်ကြောင့် ပရိသတ်ကြီးမှာ ရယ်ရမလို ငိုရမလို ဖြစ်နေ၏။

နောက်ဆုံးတော့ နော်ဇာ့ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ကြ၏။ ဒေါ်လုံ့ ဝါ၏ငိုသံက သချိုင်းတစ်ခုလုံး လွှင့်ပျံ့နေ၏။ ချာလီမှာမူလည်း လူအုပ်ကြားထဲမှတိုးထွက်ကာ ကားတစ်စီးပေါ်ထိုင်၍ တရှုပ်ရှုပ်ငိုကြွေးနေ၏။

ဒေးဗစ်လည်း ဘယ်ရောက်လို့ ရောက်သွားမှန်းပင် မသိတော့။ အသုဘကိစ္စပြီးဆုံးသွားသော အချိန်မှစပြီး ချာလီတစ်ယောက် အိမ်ထဲက အိမ်ပြင် မထွက်တော့ချေ။ အိမ်ခန်းထဲတွင် ကြောင်စီစီနှင့်ထိုင်ကာ ချစ်ရသော နော်ဇာကိုသာ တသသ လွမ်းဆွတ်နေ၏။ ဦးပါတူးမှာလည်း တူတော်မောင်အတွက် စိတ်အပူကြီးပူနေ၏။

သို့နှင့် ရက်အနည်းခန့်အကြာတွင် အိမ်ပေါ်သို့ စိုးတင့်တစ်ယောက် ကုပ်ချောင်းချောင်းနှင့် ဝင်ရောက်ရှိလာ၏။ စိုးတင့်ကို မြင်လိုက်သည်နှင့် ဦးပါတူးမှာ ဝမ်းသာအားရ ဖြစ်နေ၏။

"ဟာ- စိုးတင့်"

"ဟုတ်တယ် ဦးပါတူး၊ ချာလီရော။ ဒီကောင် မလာတာကြာလို့ လိုက်တာဗျ"

"အိပ်ခန်းထဲထိုင်ပြီး ငိုနေတယ်ကွ။ အပြင်ကို ရအောင် ခေါ်ထုတ် သွားစမ်းပါကွာ၊ ကြာကြာနေရင် ချာလီတော့ မျက်လုံးအိမ်ငွေ ပေါက်ထွက်ကုန်တော့မယ်"

"ဟင်- ဘယ်လိုဖြစ်လို့ပါလိမ့်"

"မင်းပဲ မေးကြည့်ပေတော့ကွာ"

စိုးတင့် အိမ်ခန်းထဲဝင်လာတော့ ချာလီမှာ စောင်ကြီးခြုံကာ ကုန်းကြီး လုပ်နေ၏။ ငိုသံကလည်း တအီးအီး။

"ဟကောင် ချာလီ၊ ဘယ်လိုဖြစ်နေတာလဲကွ"

"အီး. . . အီး ငိုမယ်၊ ငိုချင်တယ်"

"ဖွာ- ဒီကောင် ဘယ်လိုဖြစ်တာလဲ၊ ထစမ်းပါကွာ"


www.burmeseclassic.com

www.burmeseclassic.com



"ငိုချင်တယ်ဗျာ၊ ငိုမယ် အီး. . . အီး"

"ဟာ- ဒီကောင်၊ လှိမ့်ငိုနေပါလားကွ"

သူ့ကို စောင်ကလေးလှပ်၍ ကြည့်လာသော ချာလီ၏မျက်လုံးကြီး နှစ်လုံးက ဖူးရောင်နေ၏။ စိုးတင့်သည် ချာလီ့ကိုယ်ပေါ်မှ စောင်ကိုဖယ်လိုက်ပြီး အတင်း ဆွဲထူလိုက်၏။ ချာလီ့မျက်နှာတစ်ခုလုံးက မျက်ရည်စတွေ လူးနေ၏။

"ဘာဖြစ်လို့ ဒီလောက် ငိုရတာလဲဟ"

"ကျုပ်. . . ကျုပ်ကို သိပ်ချစ်တဲ့ နော်ဇာ ဆုံးရှာပြီလေ။ ကျုပ်ကို ယူရမယ်ဆိုလို့ ဝမ်းသာလုံးဆို့ပြီး ဆုံးသွားတာတဲ့ဗျာ"

"ဟေ- ဝမ်းသာလုံးဆို့လို့၊ ဟာ- ကြားတောင်မကြားဖူးပါဘူးကွာ"

"ကျွန်တော်တို့က ရိုမီယို၊ ဂျူးလီးယက် အချစ်ဗျ။ နော်ဇာ အိုချစ်သော နော်ဇာလေးရယ်၊ မင်းသွားနှင့်ပြီဆိုတော့ ကိုကိုလည်း မကြာခင် လိုက်လာပါ့မယ်ကွာ"

"ဘယ်လိုက်မှာတုံးကွ"

"လိုက်မယ်၊ နော်ဇာလေးနောက်ကို လိုက်မယ်ဗျာ"

"ဟာ- မင်းကောင်မလေးက စွဲလမ်းပြီး သေတာဆိုတော့ သရဲ၊ တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတွေ ဖြစ်မှာ သေချာတယ်ကွ။ မင်း သရဲ၊ တစ္ဆေတွေကြား နေရဲလို့လား"

"ဟင်- ခင်. . . ခင်ဗျား ဘာတွေပြောနေတာလဲ"

"ခုလောက်ဆို မင်းကောင်မလေးဟာ လျှာတစ်တောင်လောက်၊ မျက်လုံးလှည်းဘီးလောက်၊ နားရွက်စကောလောက် ရှိနေပြီကွ။ ပြီးတော့ သရဲတစ်ကောင်ကောင်နဲ့ တွဲခုတ်နေလောက်ပြီ"

"ဗျာ- ခင်ဗျား မဟုတ်တာဗျာ"

"ဟကောင်၊ လောကကြီးမှာ မင်းမသိတာတွေ အများကြီးပဲကွ။ အေး- ငါပြောတာယုံ။ မင်းမယုံဘူးဆိုရင် သရဲတစ္ဆေခေါ်တတ်တဲ့ သူတွေ သွားမေးကြည့်။ ခုလောက်ဆို မင်းချစ်သူ နော်ဇာ သရဲတစ်ကောင်နဲ့ညားပြီး မှင်စာလေးတွေတောင် မွေးနေပြီထင်တယ်။ သတ္တဝါတစ်ခု ကံတစ်ခုပါကွာ၊ သေသွားတော့လည်း တစ်ဘဝ အေးတာပေါ့။ မင်းကတော့ ငိုလိုက်တာ လူလည်း ဇီးကွက်လိုလို၊ ဒီးဒုတ်လိုလို ဖြစ်နေပြီ။ ထထ အပြင်သွားမယ်၊ ဘာမဟုတ်တဲ့ ကိစ္စနဲ့ ကိုယ့်ကိုယ်ကိုယ် ဒီလောက် ဒုက္ခမပေးစမ်းပါနဲ့ကွာ။ မှတ်ထား ချာလီရ၊ အချစ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်ကလွဲလို့ ဘယ်သူ့မှ ပိုမချစ်နိုင်ဘူးကွ"

"ဟာ- ခင်ဗျားဗျာ၊ ဒါ သက်သက် ကျွန်တော့်အချစ်ကို စော်ကားတာပဲ"

"ငါ တကယ် ပြောတာကွ။ မယုံရင် အပ်တစ်ချောင်း မင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ်။ မင်းကိုယ်မင်း ထိုးမလား၊ သူများကို ထိုးမလားမေးရင် မင်းဘာလုပ်မလဲ"

"ဗျာ"

"အေး- အဲဒါပဲ ချာလီ။ ဟောဒီ ကိုယ်ကြီးကို တသသကြည့်ပြီး အစာကျွေးရတယ်၊ ရေတိုက်ရတယ်။ ဖျားသေရင် ဆေးကုသရတယ်။ အေး- ဆူးလေးတစ်ချောင်း စူးရင်တောင် ဆတ်ဆတ်ခါနာတယ်ကွ။ ကိုယ့်အသားဖြူသလား၊ မည်းသလား၊ ပွေးတွေ၊ ညှင်းတွေ၊ ဝဲတွေ ထွက်သလား ကြည့်ရ. . ."

"ဟာ- တော်. . . တော်ပြီဗျာ"

"ဟဲဟဲ- ဒါပဲလေ။ လောကကြီးဟာ မာယာလောကကြီးပါကွာ၊ ကိုယ့်ကိုယ်ကိုယ်တောင် ချစ်မဝတဲ့လူတွေကြားမှာ မင်းက အချစ်အချစ်နဲ့ ထအော်တာ ရူးနေတာပဲကွ"

"ခင်ဗျားဗျာ ဒီမှာ သောတတွေနဲ့ ဘယ်လိုနေရမှန်းတောင် မသိရတဲ့ကြားထဲ"

"ဘာမှတွေးမနေနဲ့။ လာ- ငါနဲ့လိုက်ခဲ့၊ အပြင်သွားကြမယ်"

"မလိုက်ချင်ဘူးဗျာ၊ ကျွန်တော် လောကကြီးနဲ့ အဆက်ဖြတ်ထားချင်တယ်"

"ပေါက်တီးပေါက်ရှာစကားတွေ မပြောစမ်းပါနဲ့ကွာ။ ကိုင်း- ထ အဝတ်အစားလဲ၊ မင်းကို ပြောစရာရှိတယ်ကွ။ လာစမ်းပါကွာ"

"ဟာဗျာ"

စိုးတင့်က ဖွတ်ခေါ်နေသဖြင့် အိပ်ရာထဲ ခွေခွေခေါက်ခေါက် လုပ်နေသော ချာလီတစ်ယောက် မထချင် ထချင်ဘဲ ထလိုက်ကာ အဝတ်အစားလဲ၍ အိမ်ပြင်သို့ ထွက်ခဲ့လေ၏။ သူ့ကိုယ်သူ ကမ္ဘာသစ်ကြီးထဲ ရောက်နေသလားပင် ခံစားနေရ၏။

စိုးတင့်သည် သူ့ကို စာအုပ်ဆိုင်ကလေးဆီ ခေါ်သွား၏။ စိုးတင့် စာအုပ်ဆိုင်က အကြီးအကျယ် အောင်မြင်နေပြီဖြစ်၏။ ဝင်ငွေကလည်း ကောင်းလှ၏။ စိုးတင့်ဇနီးသည်ပင် တောက်တောက်ပြောင်ပြောင် ဖြစ်လာ၏။

ချာလီသည် အပြင်သာထွက်လာသော်လည်း လူက ငေါင်တောင်တောင်။ သူ့ရင်ထဲ ပျော်ရွှင်မှုတွေ ခြောက်ကပ်သွားသလိုပင်။ စာအုပ်ဆိုင်ထဲရောက်တော့ စကားတစ်ခွန်းမှ မပြောဘဲ ကြောင်စီစီ ထိုင်နေ၏။ စိုးတင့်သည် ချာလီ့ကိုကြည့်ပြီး အားမလိုအားမရ ဖြစ်နေ၏။

"မင်းကလည်း အရင်ချာလီ မဟုတ်တဲ့အတိုင်းပဲကွာ။ ကဲ- အေးတို့ ငါ ပြောစရာရှိတယ်"

"ဘာလဲဗျာ၊ လူနဲ့စိတ်မကပ်တော့ဘူး ကိုစိုးတင့်ရ"

"ဒါ မင်းကိုယ်မင်း လှည့်စားနေတာကွ။ မရူးမိုက်ပါနဲ့ကွာ။ သေ



www.burmeseclassic.com

www.burmeseclassic.com


တဲ့လူက သေသွားပြီပဲ။ ခံစားနေလို့လည်း အပိုပေါ့ကွာ။ အဲ-
မင်း ငါနဲ့ မြစ်ဝကျွန်းပေါ် ဘက် လိုက်ခဲ့မလား"

"ဘာလုပ်မလို့လဲဗျ"

"ငါ့အမေ ခေါ်လို့၊ ဟိုကျရင် သက်နီးဆီးချင်တောင် ဆီးရမှာကွ။
ပြောရရင် အမေက မျက်စိမမှိတ်ခင် ငါ့ကို ရဟန်းခံပေးချင်လို့တဲ့
ကွာ။ အဲဒါ မင်း လိုက်ခဲ့ပါလား။ စိတ်ပြေလက်ပျောက်ပေါ့၊
ဘယ့်နှယ်လဲ"

"ခင်ဗျား တစ်ယောက်တည်း သွားမှာလား"

"အေးလေ၊ လိုက်ခဲ့စမ်းပါကွာ။ ဟိုကျရင် မင်း စိတ်ချမ်းသာသွား
ရစေ့မယ်"

စိုးတင့်၏စကားကြောင့် ချာလီ စိတ်ပါလက်ပါ ဖြစ်လာ၏။

"လိုက်မယ်ဗျာ၊ ဘယ်တော့လဲပြော"

"ညနေစောင်း သွားမယ်။ သင်္ဘောစီးမယ်၊ ဟိုရောက်ရင် လှေတစ်
တန် လှည်းတစ်တန် သွားရမှာကွ။ မင်း ဟိုရောက်ရင် စိတ်ချမ်း
သာရမှာပါကွာ"

"လိုက်မယ်ဗျာ၊ ဒီမှာ မနေချင်ဘူး"

"အေး- ဒါဆို မင်းပြင်စရာရှိတာ ပြင်ထား။ ငါလည်း အမေ့
အတွက် ဝယ်စရာရှိတာ ဝယ်ထားရဦးမှာကွ။ ညနေ လေးနာရီ
လောက် သင်္ဘောဆိပ်ဆင်းမယ်ကွာ"

"ကောင်းပြီလေ"

နောက်ဆုံးတော့ စိုးတင့် အပြောကောင်းသည်နှင့် ညနေစောင်း
တွင် သင်္ဘောဆိပ်သို့ ဆင်းခဲ့ကြ၏။

* * *

သင်္ဘောဆိပ်တွင် လူတွေက အုံးထနေ၏။ ခရီးသည်တွေက
လည်း ပြွတ်သိပ်နေ၏။ ကုန်အတင်အချတွေက ရှုပ်ယှက်ခတ်နေ၏။ ဈေး
သည်တွေကလည်း ညံစီနေ၏။ ဘောတံတားပေါ်တွင် ခရီးသည်က
အပြည့်။

သူတို့နှစ်ဦး သင်္ဘောပေါ်တက်ကာ အပေါ်ထပ်တွင် နေရာယူ
လိုက်ကြ၏။ တချို့ခရီးသည်တွေကလည်း အထုပ်တွေအပိုးတွေအပြင်
ထမင်းချိုင့် ဟင်းချိုင့်များပင်ပါ၏။ သင်္ဘောကြီး၏ဘေးတွင် စင်ရော်
ငှက်တစ်အုပ် လှိုင်းစီးနေ၏။

ခရီးသည်အချို့သည် စင်ရော်ငှက်ကလေးများကို မုန့်တွေပစ်
ကျွေးနေကြ၏။ ညနေစောင်းလုလုတွင် သင်္ဘောကြီးသည် ဥသြသံပေးကာ
ဆိပ်ကမ်းမှ ထွက်ခွာခဲ့လေတော့၏။

ချာလီသည် သင်္ဘောပေါ်ရောက်သော်လည်း နော်ဇာအရိပ်က သူ့
ကို စိုးမိုးနေဆဲ။ ထိုစဉ် စိုးတင့်က ကျောပိုးအိတ်ထဲမှ ပုလင်းပြားသုတ်တာ


www.burmeseclassic.com

သူ့ရှေ့ ချပေးလိုက်၏။

"ဟကောင်၊ တွေးမနေစမ်းပါနဲ့ကွာ"

"အေးဗျာ၊ မတွေးချင်ပါဘူး။ ဒါပေမယ့် ဘယ်ကိုကြည့်ကြည့်၊ ဘာကိုတွေးတွေး သူ့ပုံ သူ့အရိပ် သူ့အတွေးတွေပဲဗျာ"

"မေ့ပစ်လိုက်စမ်းပါကွာ၊ မင်းက ပန်းတွေအများကြီး ပွင့်နေတဲ့ ပန်းခြံထဲ ဝင်ဝင်ချင်း အရင်ဆုံးတွေ့တဲ့ ပန်းကိုမှ ပန်းလို့ထင်တာကိုး။ ရှေ့ဆက်လျှောက်စမ်းပါ၊ ရှေ့မှာ မင်း မမြင်ဘူး မတွေ့ဘူးတဲ့ပန်းတွေ တစ်ပုံကြီးကွ"

"ဟာ- ဟုတ်ရဲ့လားဗျ"

"သိပ်ဟုတ်တာပေါ့မောင်။ ငါလည်း မင်းလိုပဲ တစ်ချိန်က ကောင်မလေးတစ်ယောက်ကို သေမတတ် ကျေမတတ် စွဲလမ်းဖူးတယ်ကွ။ သူ့ကိုမရရင် ကိုယ့်ကိုယ်ကိုယ် အဆုံးတောင် စီရင်မတတ်ကို ဖြစ်ခဲ့ရတာကွ။ ဒါပေမယ့် ချာလီရာ အချိန်နဲ့အခြေအနေက ငါ့ကို ကုစားသွားတာပဲကွ။ ခုတော့ အဲဒီကိစ္စတွေက ရယ်စရာကောင်းနေပြီကွာ။ သားရေးသမီးရေး စားဝတ်နေရေးတွေ ရှုပ်လာတော့ အချစ်ဆိုတာ ခပ်ကြောင်ကြောင်ကိစ္စတစ်ခုပါကွာ"

"ဟာဗျာ၊ ခင်ဗျားကလည်း အဲဒီလိုတော့ မပြောပါနဲ့"

"ဟား ဟား ဟား မင်း အချိန်အခါနဲ့ အခြေအနေကို နားလည်သွားရင် ငါပြောတဲ့စကားကို မင်း ပြန်ပြီး သတိရလာမှာပါကွာ"

"ဟုတ်သေးဘူးဗျာ"

"ကိုင်း- လောလောဆယ် ဟောဒါလေးသောက်၊ ဟောဒါလေး မြည်းစမ်းကွာ။ မင်းရင်ဘတ်ရောဂါကြီး ပြုတ်ပြုတ်ပြုန်းသွားစေရမယ်ကွ"

"ဟာ- အဲဒါတော့ မဟုတ်သေးဘူးဗျ။ တချို့က ကြေကွဲရင် အရက်သောက်ပြီး ပျော်ကြတယ်။ ကျွန်တော်ကတော့ အဲဒါကို လက်မခံဘူးဗျာ။ အချစ်က အချစ်ပဲလေ၊ အရက်ကအရက်ပဲလို့ ထင်သဗျာ"

"ဟဲဟဲ ဆိုင်တော့မဆိုင်ဘူးပေါ့ကွာ။ ဒါပေမယ့် ငါကတော့ ဆိုင်တိုင်တိုင်လို့ ထင်တာနဲ့ပြောတာပါကွာ။ ကိုင်း- ဒါဆို စိတ်ပြေလက်ပျောက် သောက်စမ်းကွာ"

စိုးတင့် အတင်းတိုက်နေသဖြင့် တစ်ခွက်နှစ်ခွက် သောက်လိုက်၏။ ထိုအချိန် မြစ်ပြင်ကို ဖြတ်တိုက်လာသည့် လေအေးလေးကလည်း တဝေ့ဝေ့ တိုက်ခတ်နေ၏။ ကောင်းကင်တစ်ခုလုံး ပုစွန်သွေးနှင့် တောက်ပနေ၏။ တိမ်မည်းမည်းတစ်အုပ်ကလည်း ကောင်းကင်ပြင်ကြီးထဲ၌ တည်ရာမဲ့ လွင့်မျောနေ၏။

အမှောင်ရိပ်က မြစ်ပြင်ကို တဖြည်းဖြည်း ဖုံးလွှမ်းလာ၏။ သဘော

www.burmeseclassic.com

www.burmeseclassic.com



ကြီး၏ အပေါ်ထပ်အောက်ထပ်လည်း မီးရောင်တွေ လင်းလာ၏။ စက်သံ တဂျုန်းဂျုန်းကို ကြားနေရဆဲ။

သူတို့နှစ်ယောက် သောက်ရင်းစားရင်းနှင့် အချိန်ကုန်မှန်းမသိ ကုန်လာ၏။ ထိုစဉ် အတော်ကလေး ထွေနေပြီဖြစ်သော စိုးတင့်က မေး လိုက်၏။

"ဟေ့ကောင် ချာလီ၊ ခုချိန်မှာ မင်းကောင်မလေး နော်ဇာက သရဲမကြီးဖြစ်ပြီး ရေထဲကထလာရင် မင်းဘာလုပ်မလဲကွ"

"ဗျာ- သရဲ၊ ဟာ- မဟုတ်တာဗျာ။ နော်ဇာ ဘယ်နည်းနဲ့မှ သရဲမ မဖြစ်နိုင်ဘူးဗျာ"

"အဲဒါ မင်း အသေအချာ ဖြေနိုင်လို့လား"

"သေတော့ မသေချာဘူးပေါ့ဗျာ။ ဒါပေမယ့်. . ."

"အဲဒါပဲလေကွာ၊ လောကကြီးမှာ သေချာတယ်ဆိုတာ ဘာမှ မရှိ ဘူးကွ။ ငါက သဘောပြောတာပါကွာ။ ကိုင်း- ငါမေးတာ ဖြေစမ်း ပါ၊ တကယ်လို့ နော်ဇာ သရဲဖြစ်နေရင် မင်း ဘာလုပ်မလဲ"

"ဟာ- ဟို. . . ဟိုဒင်းဗျာ သရဲတော့ ကျွန်တော် ကြောက်တယ်ဗျ"

"ဟား ဟား ဟား အဲဒါပဲလေ။ ကိုယ့်ကိုယ်ကိုယ် မညာစမ်းပါနဲ့ ကွာ။ ငှက်ဖြစ်ရင် တစ်ကိုယ်တည်းနားမယ်တို့ဘာတို့နဲ့ သရဲဖြစ် တော့ ဘယ်သူမဆို ထွက်ပြေးမှာပဲကွ"

"ဟင်- ဟဲဟဲ ခင်ဗျား တော်တော် ပေါက်တီးပေါက်ရှာ ပြောတာ ပဲဗျ။ ဒီမှာ လွမ်းကောင်းကောင်းနဲ့ လွမ်းနေတာ ဘယ်ရောက် သွားမှန်း မသိဘူး။ ပြီးတော့ ဟို ဒေးဗစ်ဆိုတဲ့ကောင်က တစ်မျိုး"

"ဘယ်ကောင်လဲကွ"

"နော်ဇာရဲ့ အရင်ချစ်သူလေဗျာ။ သူ့ကို မုန်တိုင်းမိပြီး သေသွားပြီ လို့ ပြောကြတာဗျ။ ဘယ်လိုလုပ်ပြီး သေရွာက ပြန်လာသလဲ မသိဘူး"

"ဟာ- ဒါဆို ဒီကောင်လည်း သရဲပဲဖြစ်ရမယ်ကွ"

"ခင်ဗျားကတော့ သရဲတွေချည်းပဲ ပြောနေတာပဲဗျာ။ တော်ပြီ ဗျာ၊ အဲဒီအကြောင်းတွေ မပြောနဲ့တော့"

"ဒါပေါ့ကွာ၊ အဟောင်းအဟောင်းတွေ ပြီးချိန်မှာ အသစ်အသစ် တွေနဲ့ ဖြည့်ဆည်းတည်ဆောက်ရမှာ ငါတို့လူသားတွေရဲ့ ကိစ္စပဲ ကွ။ လောကကြီးမှာ နေ့တိုင်းလွမ်းနေလို့ မဖြစ်သလို နေ့တိုင်း ချစ်နေလို့လည်း မဖြစ်ပြန်ဘူးကွ။ အချစ်၊ အလွမ်းတွေထက် ပိုပြီး ထူးဆန်းတဲ့အကြောင်းအရာတွေ ရှိသေးတယ်။ ဒါကြောင့် မင်းကို ငါ အပြင်ခေါ်ထုတ်ခဲ့တာပေါ့ကွာ။ ကိုင်း- အခု မင်းစိတ်ပေါ့ပေါ့ မသွားဘူးလား"

"အင်း- ခင်ဗျားပြောတာ ဟုတ်တော့ဟုတ်သားပဲဗျ"

www.burmeseclassic.com

"ဟုတ်ကို ဟုတ်ရမယ်ကွ။ ဟား ဟား ဟား မင်းနောက်ကြောင်း ပြန်လှည့်နေရင် မင်း ကျန်ခဲ့ရုံပဲ ရှိမှာပေါ့။ ငါကတော့ သင်္ဘော ပေါ် တက်လိုက်ပြီဆိုတာနဲ့ မိန်းမရော ကလေးတွေပါ မေ့ပစ်လိုက် ပြီ။ ဟဲဟဲ"

စိုးတင့်က အပြောနှင့်အလုပ် ညီလှ၏။ သောက်လိုက်၊ စားလိုက်၊ အိပ်လိုက်၊ ထင်ရာတွေပြောလိုက်နှင့် ပျော်ပွဲစားထွက်လာသည့်အလား ပင်။ မိုးလေငြိမ်အေးလှသည်မို့ သင်္ဘောပြင်ပ၏ ရှုခင်းကလည်း အမှောင် ထဲ ပိုးတဝါး မြင်နေရ၏။

မြစ်၏တစ်ဖက်တစ်ချက်တွင် မီးရောင်မှိတ်တုတ်မှိတ်တုတ်နှင့် ရွာ ကလေးများကို မြင်နေရ၏။ တချို့လည်း သင်္ဘောပေါ် ခြင်ထောင်ထောင် ပြီး အိပ်နေကြ၏။ တချို့ကလည်း ထမင်းချိုင့်တွေဖွင့်ပြီး ညကြီးမိုးချုပ် စားသောက်နေကြ၏။ ချာလီနှင့် စိုးတင့်တို့ နှစ်ဦးမှာလည်း သောက်ရင်း စားရင်းနှင့် အိပ်ပျော်သွားခဲ့ရာ မိုးလင်းလုလုမှ နိုးလာ၏။ ထိုအချိန် သင်္ဘောပေါ်တွင် ကောက်ညှင်းပေါင်း၊ ဆီထမင်း၊ ငါးခြောက်ကြော်၊ ငါးကင်၊ မုန့်ဖက်ထုပ်၊ မုန့်ဟင်းခါး၊ ခေါက်ဆွဲ စသည်ဖြင့် ဈေးသည်တွေ ရောက်လာ၏။ ခရီးသည်တွေကလည်း တစ်စတစ်စ နည်းပါးသွားပြီ ဖြစ်၏။

သူတို့နှစ်ဦး မျက်နှာသစ်လိုက်ပြီး ကောက်ညှင်းငချိတ်နှင့် ငါး ခြောက်ကြော်ဝယ်ကာ ပူပူနွေးနွေး စားလိုက်ကြ၏။ ဆာဆာနှင့်မို့ ပြောက်ခနဲ ကုန်သွားခဲ့၏။ ပုသိမ်မြို့ရောက်တော့ မိုးလင်းနေပြီဖြစ်၏။ သင်္ဘောပေါ် ကဆင်းတော့ ဆိုက်ကားများ၊ မြင်းလှည်းများနှင့် ပွက်ပွက်ညံနေ၏။

သူတို့နှစ်ယောက် ဆိုက်ကားတစ်စီးငှားကာ ကားဂိတ်ဘက်သို့ ထွက်ခဲ့ကြ၏။ စိုးတင့်တို့အမေရွာက မြို့မှ အတော်ကလေးသွားရ၏။ ရွာ ရောက်တော့ နေပင် ထန်းတစ်ဖျားရောက်နေပြီဖြစ်၏။

ရွာကလေးအမည်မှာ ကျောက်မှော်ရွာကလေးဟု အမည်ရပြီး အိမ်ခြေတစ်ရာကျော်ကျော်ခန့် ရှိ၏။

စိုးတင့်၏မိခင်ကြီးမှာ အရွယ်အားဖြင့် ရစ်ဆယ်နီးပါးခန့် ရှိသော် လည်း သန်သန်မာမာရှိ၏။ စိုးတင့်ကိုတွေ့သည်နှင့် ဝမ်းသာအားရ ဖြစ် နေ၏။ ချာလီ့ကိုလည်း သားအရင်းသဖွယ် ကြိုဆိုခဲ့၏။

"အမေက သားတို့လာမယ်ဆိုလို့ နေ့တိုင်းမျှော်နေတာ။ ကိုင်း- အေးအေးလူလူ နားကြ။ ပြီးရင် ရေမိုးချိုး ထမင်းစားကြမယ်"

တစ်ညလုံး သင်္ဘောပေါ် ထိုင်ခဲ့ရသည်မို့ နှစ်ယောက်စလုံး ညောင်း ညာနေကြ၏။ ထို့ကြောင့်လည်း အိမ်အနောက်ဘက် ရေတွင်းတွင် ရေချိုး လိုက်ကြပြီး အိမ်ဘက်သို့ ပြန်ခဲ့ကြ၏။

"ဟာ- ထမင်းဟင်းတွေ ချူးပြီးပြီလား။ သားတို့လာမှ ချူးမှာပေါ့ အမေရာ"



www.burmeseclassic.com

www.burmeseclassic.com


"ရပါတယ်ကွယ်။ ကိုင်း- ထိုင်ကြ ထိုင်ကြ၊ ဟောဒါ ပဲကြီးအချိုချက်။ ဟောဒါက ငါးရံ့ခြောက်မီးဖုတ်ဆီဆမ်း။ ဟောဒါက ဝက်သားပြုတ်ကြော်"

"ဟ- ဟင်းတွေစုံလှချည်လား"

"ဩော်- သားတို့လာမယ်ဆိုတာသိလို့ အမေ ကြိုဝယ်ထားတာ။ ကိုင်း- စားကြ။ ဟောဒီ ငါးပိရည်က ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူ မီးဖုတ်ပြီး အသေအချာ ဖျော်ထားတာကွယ့်။ တို့စရာကတော့ စုံလို့ပဲ။ စားကြ၊ အားရပါးရစားကြ"

စိုးတင့်၏ အမေကြီးက အလွန်မှ ဖော်ရွေလှ၏။ ချက်ပြုတ်ထားသည့် လက်ရာကလည်း ကောင်းလှ၏။ နှစ်ယောက်သား ဆာဆာနှင့်ခေါင်းမဖော်နိုင်အောင် စားသောက်လိုက်ကြ၏။ စိုးတင့်အမေကြီးသည် သူတို့စားသောက်နေသည်ကိုကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။

"လူကလေးကို အမေက လာမှလာပါ့မလားလို့ကွယ်။ ခုမှ အမေ ဟင်းချရတော့တယ်"

"အမေကလည်း လာပါ့မယ် ပြောသားပဲဗျာ။ ကျွန်တော်က အမေ့ဘက် ဘယ်လိုမှ လှည့်မကြည့်နိုင်ဘူးလေ။ ခုဥစ္စာ အမေ့အတွက်လည်း ကုသိုလ်ရမယ်၊ ကျွန်တော့်အတွက်လည်း ကုသိုလ်ရမယ် မဟုတ်လား"

"ဒါပေါ့ကွယ်၊ ဒီကိစ္စ ရွာသားတွေစုပြီး လှူတာကွယ့်။ ပြီးတော့ အမေ့လယ်လေး တစ်ကွက်လည်း ရောင်းပြီး အလှူထည့်လိုက်တယ်လေ။ ရွာသားတွေရော၊ ကလေးတွေရော ပါကြမှာကွယ့်။ ကိုထွန်းကြိုင်တို့လူစုတော့ အလှူအတွက် ပြင်ဆင်နေကြပြီလေ။ ပြီးတော့ မြို့က 'နှောင်း' ဆိုတဲ့ အငြိမ့်ပါ ငှားထားတယ်"

"ဟုတ်လား၊ ဒါဆို ရွာတော့ စည်ကားဦးမှာပေါ့"

"ဒါပေါ့ကွယ်။ တော်ကြပြီလား၊ စားကြဦးလေ။ မောင်ချာလီ ဝပြီလားကွယ့်"

"ဝပြီ ကြီးတော်"

"ရွာရောက်လို့ကတော့ အလှမစားကြနဲ့နော်၊ အမေက အဝစားမှ ကျေနပ်တာ"

"ဝပါတယ် ကြီးတော်ရဲ့"

စားသောက်ပြီးကြသည်နှင့် သူတို့နှစ်ယောက် ရွာထဲ လျှောက်ခဲ့ကြ၏။ ရွာကလေးက မန်ကျည်း၊ သရက်၊ ဒန့်သလွန်၊ တညင်း စသည်ဖြင့် သီးစားပင်ကြီးများနှင့် ဝေဝေဆာဆာ ရှိလှ၏။ ဆောက်လုပ်ထားသည့် တဲကလေးတွေမှာလည်း သပ်သပ်ရပ်ရပ် ရှိလှ၏။

သစ်ရိပ်ဝါးရိပ်ကြီးများ အုပ်မိုးထားသည်မို့ ရွာကလေးအတွင်းမှာ အေးအေးချမ်းချမ်း ရှိလှ၏။ ရွာအနောက်ဘက် အိမ်ဝင်းကြီးတစ်ခုထဲတွင်


www.burmeseclassic.com

ရွာသားတွေစုဝေးကာ အလှူအတွက် ပြင်ဆင်နေကြ၏။

ငါးခြောက်ငါးခြမ်း ဝယ်သူကဝယ်၊ ငရုတ် ကြက်သွန် ထောင်းသူကထောင်းနှင့် အလုပ်ရှုပ်နေကြ၏။ သူတို့နှစ်ဦးလည်း ရွာသားများနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ခဲ့ကြ၏။

တစ်ရွာလုံး တက်ညီလက်ညီ လုပ်ကိုင်နေကြသည်မှာ အားရစရာပင်။ ရွာသားများနှင့်အတူ ဝိုင်းဝန်းလုပ်ကိုင်ခဲ့သည့် ချာလီပင် ရင်ထဲက သောကတွေ ပျောက်သွားခဲ့၏။

ထင်းခွဲသူခွဲ၊ ရေခပ်သူခပ်၊ ငရုတ် ကြက်သွန် ထောင်းသူထောင်းနှင့် ရွာကလေး၏အသွင်က လှုပ်လှုပ်ရှားရှား ဖြစ်နေ၏။ ဖိုးလုံးတို့လူစုကလည်း ဖော်ရွေလှ၏။ ညဦးပိုင်းတွင် ကြက်သုံးကောင်ကို ဘူးသီးနုနုနှင့် ကာလသားချက် ချက်လိုက်ကြ၏။ ကာလသားတစ်သိုက်က မယ်ဒလင်တစ်လုံးနှင့် သီချင်းတွေ တကြော်ကြော်နှင့် သီဆိုနေကြ၏။ စိုးတင့်ကလည်း မူးမူးနှင့် မွေးလွန်းသည့်ပန်း သီချင်းကို သံသေးသံကြောင်နှင့် အော်ဟစ်သီဆိုနေ၏။ ချာလီလည်း သူတို့လူစုနှင့် အပျော်ကြီးပျော်ခဲ့၏။ ကျေးလက်၏ ဖမ်းစားမှုကြောင့် အားလုံးကို မေ့လျော့ထားနိုင်ခဲ့၏။

သီချင်းတွေဆိုလိုက်၊ လက်ရည်တစ်ပြင်တည်း စားလိုက်သောက်လိုက်နှင့် အပျော်ကြီး ပျော်ခဲ့ကြ၏။ နောက်တစ်နေ့ မိုးလင်းသည်နှင့် မဏ္ဍပ်ထိုးသူထိုး၊ လော်စပီကာ ဆင်သူဆင်၊ ထမင်းဟင်း ချက်သူချက်နှင့် တစ်ရွာလုံး သောသောညံနေ၏။

ညနေစောင်းအရောက်တွင် မြို့မှ 'နှောင်း'အငြိမ့် လှည်းတွေ နွားတွေနှင့် ရောက်လာကြ၏။ တစ်ရွာလုံး ပျော်မြူးနေကြ၏။ စိုးတင့်နှင့် ချာလီတို့လည်း သူတို့ကြား ဝမ်းသာအားရ ဖြစ်နေ၏။ နှောင်းအငြိမ့်ကို ရွာသားတွေက ဝမ်းသာအားရနှင့် ကြိုဆိုနေ၏။ ချာလီသည် ရွာသားများနှင့်ရောကာ အငြိမ့်အဖွဲ့ကို ကြိုခဲ့ရာမှ အငြိမ့်မင်းသမီးချောလေး နှောင်းနှင့် မထင်မှတ်ဘဲ ဆုံစည်းမိလေတော့၏။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်နေရာကြည့်ကြည့်
အချစ်ဆိုတာ ရှိတယ်။
ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက်
မချိတ်မိသ၍ အချစ်ဆိုတာ
မျက်ကန်းပုဏ္ဏားတွေ ဆင်ကိုစမ်းသပ်
သလိုပါပဲ. . . "

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

နှောင်းဆိုသော မိန်းမချောလေးကိုကြည့်ရင်း ချာလီ တအံ့တဩ ဖြစ်နေရ၏။ တကယ့် နတ်သမီးလေးအလား လှချင်တိုင်းလှနေသော နှောင်း။ ရိုးရိုးအဝတ်အစားကလေး ဝတ်ထားသော်လည်း နှောင်း၏အလှ က ထင်ပေါ်လှ၏။

ခါးသေးရင်ချီဟုပင် ဆိုရလေမလား။ အသားအရေကလည်း စံကားဝါနှစ်လို သစ်လွင်လန်းဆန်းလှ၏။ မျက်လုံးလေးတွေကလည်း ရွှန်းလဲ့နေ၏။ နှုတ်ခမ်းထူထူလေးကလည်း စွဲမက်စရာ။ နှာတံပေါ်ပေါ်၊ မျက်ခုံးထူထူနှင့် အလွန့်အလွန်မှ ချစ်စရာကောင်းလှသော မိန်းမချော လေး။

တစ်ရွာလုံးက နှောင်း၏အလှကိုကြည့်ပြီး တဖွဖွ ပြောဆိုနေကြ ၏။ ချာလီသည် နှောင်းကိုမြင်လိုက်သည်နှင့် ငြိမ်သက်နေသော ကန်ရေ ပြင်ထဲ ခဲလုံးလေးတစ်လုံး ပြုတ်ကျသွားသလိုပင်။ သွေးနံဘေးတွင် ရပ်နေ သော စိုးတင့်ကပင် သတိပေးနေရ၏။

"ဟကောင်၊ မင်းဉစ္စာ အသက်မှရှိသေးရဲ့လားကွ"

"ဗျာ- ဟဲဟဲ တော်တော်လှတဲ့ မင်းသမီးလေးပဲဗျာ။ အသားအ ရေကအစ ထိရက်စရာမရှိဘူးနော်"

"အေးကွ၊ တော်တော် ပါရမီကောင်းတဲ့ ကောင်မလေးပဲ။ ဘာလဲ မင်း စိတ်ဝင်စားသွားပြီလား"

"လှလို့ကြည့်မိတာပါဗျ"

"လှလို့ပဲကြည့်ကြည့်၊ ချစ်လို့ပဲကြည့်ကြည့် ဒါဟာ မင်းကို ဖမ်းစား လိုက်တာပဲကွ။ မင်းရင်ထဲက ခံစားမှုတွေအားလုံး ကျိန်းသေ ပျောက်ကင်းသွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com

နှောင်း၏ ကန့်ကလျ အလှကလေးကို မျက်စိထဲက မထွက်နိုင်သေး။ နှောင်း၏အလှက မြန်မာဆန်လှသောအလှ။ မျက်နှာဝင်းစိုစိုကလေးပေါ်မှာ သနပ်ခါးဖွေးဖွေးလေးလူးထားသည်မို့ မြင်ရသူတိုင်း အေးချမ်းလှ၏။

နှောင်းတို့လူစု ရွာထိပ်ရှိ ဇရပ်ကြီးတွင် တည်းခိုကြ၏။ ရွာထဲက လူတွေကလည်း နှောင်းတို့အဖွဲ့နှင့် သွားရောက် မိတ်ဆက်ကြ၏။ လက်ဆောင်တွေပေးကြ၊ ဟင်းထမင်းတွေ ချက်ပြုတ်ကျွေးကြနှင့် အလွန်မှ ကြည်နူးဖွယ်ကောင်းလှ၏။

အငြိမ့်စင်ကြီးကိုလည်း ရွာထိပ်ကျောင်းဝင်းထဲ ဟီးနေအောင်ထိုး ထား၏။ နှောင်းထွက်လာသည်နှင့် ဇာတ်စင်တစ်ဖက်တစ်ချက်၌ ကြည့်ရှု နေကြသော ကာလသားတစ်သိုက် ပြောင်းဆန်ကုန်၏။ လက်ခုပ်တီးသူတီး၊ လက်ခေါက်မှုတ်သူမှုတ်၊ ပိုးကြေးပန်းကြေး ဆုချသူချနှင့် သောသောကို ညံနေ၏။ ဆိုင်းဝိုင်းကလည်း လက်သံပြောင်လှ၏။ ဆလိုက်ရောင်စုံ အောက်တွင် နှောင်း၏ နွဲ့နွဲ့နှောင်းနှောင်း ကနေဟန်ကလေးမှာ နတ် ပြည်မှ နတ်သမီးလေးတစ်ပါး ကကြိုးစုံစွာနှင့် ကနေသည့်ဟန်ပင်။

ချာလီသည် နှောင်း၏ အလှည့်အနွဲ့ကိုကြည့်ရင်း မှင်တက်မိနေ၏။ ညွတ်ပျောင်း တိမ်းမူးဖွယ်ရာကောင်းလှသော နှောင်း၏အက။ အသံကလေးကလည်း ကြားရသူရင်ထဲ စိမ်းမြမြ စမ်းချောင်းကလေး စီးဆင်း သွားသလိုပင်။

ထိုနေ့ည ချာလီ အိပ်တောင်မပျော်နိုင်။ နောက်တစ်နေ့ မိုးမလင်း ခင်ထပြီး ချောင်းဘက်သို့ ရေချိုးထွက်ခဲ့၏။ နံနက်ခင်းမို့ နှင်းငွေ့နှင်းမှုန် များ ယှက်သန်းနေသော ချောင်းလေး။ စိမ်းရင့်ရင့် သစ်ပင်ကြီးငယ်တို့ ကလည်း ချောင်းစပ်တွင် ထွေးရောယှက်တင် ပေါက်ရောက်နေ၏။

ချာလီသည် ချောင်းစပ်တွင်ရပ်ပြီး လေကောင်းလေသန့်ကို ရှူ ရှိုက်နေ၏။ ထိုစဉ် အမျိုးသမီးငယ်တစ်ဦး၏ အော်သံကို သိုးသိုးသဲ့သဲ့ ကြားလိုက်ရသဖြင့် အသံလာရာ လှည့်ကြည့်လိုက်၏။

ရွာထိပ်ဝါးရုံပင်ရိပ်တွင်ထိုင်ပြီး ကယ်ပါယူပါ တဆာဆာလုပ်နေ သော အမျိုးသမီးငယ်တစ်ဦးကို တွေ့လိုက်ရသဖြင့် ချာလီ ဒရောသောပါး ပြေးသွားမိ၏။

"လုပ်. . . လုပ်ကြပါဦးရှင်"

"ဘာဖြစ်တာလဲ"

"ဟို- ကင်း. . . ကင်း ကျွန်မခြေထောက်ကို ကိုက်နေလို့"

"ဟာ- ဖယ်ဖယ်"

"အောင်မလေးဗျ၊ ကိုယ်တယ် ကိုက်တယ်"

"ဟယ်- ဒုက္ခပါပဲ"

အမျိုးသမီးငယ်၏ ခြေခုံမို့မို့ပေါ်မှ ဖိနပ်သဲကြိုးကို အတင်းကိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com


နေသော ကင်းမြီးကောက်ကြီး။ ချာလီက စွန့်စွန့်စားစား ကင်းမြီးကောက်ကြီးကို ဆတ်ခနဲ ဆွဲယူလိုက်ရာ ကင်းမြီးကောက်ကြီးက ချာလီ၏လက်ကို အသေခဲထားသဖြင့် ချာလီ စွေ့စွေ့ခုန် အော်ဟစ်နေ၏။ နံဘေးက အမျိုးသမီးခမျာမှာလည်း ဘာလုပ်၍ လုပ်ရမှန်းမသိ။

"အောင်. . . အောင်မလေး လုပ်ကြပါဦး၊ ကိုက်တယ်ဗျ"

"ဟ- ကင်းမြီးကောက်ကြီးပါလား၊ ဖယ်ဖယ် ကျုပ်လုပ်ပေးမယ်"

ချာလီ၏အော်သံကြောင့် အနီးမှဖြတ်သွားသော ကာလသားဖိုးလုံး အပြေးရောက်ရှိလာကာ ချာလီ့လက်မှ ကင်းမြီးကောက်ကြီးကိုဖယ်၍ တုတ်နှင့်ရိုက်ထုတ်ပစ်လိုက်လေ၏။ ချာလီခမျာ သူ့လက်ညှိုးကလေးကြည့်ပြီး ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

သူ့နံဘေးရပ်နေသော အမျိုးသမီးကလေးမှာ တခြားမဟုတ်။ ဝါးရုံပင်များကြား တောပန်းများ ခူးဆွတ်နေသော မင်းသမီးလေး နှောင်းပင်။ သူတို့၏အသံကြောင့် နှောင်း၏အဖွဲ့သားများ ပြေးလာကြ၏။

ခုန်ဆွခုန်ဆွ အော်ဟစ်နေသော ချာလီ့ကိုတစ်လှည့်၊ နှောင်းကို တစ်လှည့်ကြည့်ကာ အံ့အားသင့်နေကြ၏။

"ဟဲ့ဟဲ့- ဘာဖြစ်တာလဲ"

"ကိုက်. . . ကိုက်လို့ဗျ။ အား. . . နာလိုက်တာ၊ ဟူး. . ."

"အို- တော်တော် နာသွားလား။ နှောင်းကြောင့်ပါရှင်။ နှောင်း တောင်းပန်ပါတယ်နော်"

"ရ. . . ရပါတယ်ဗျာ"

"အဆိပ်တွေ တက်နေမှာပေါ့။ လာလာ အဆိပ်ပြေရွက်ရှိတယ်"

"ဟုတ်လား၊ လုပ်ပါဦးဗျ"

ဖိုးလုံးက ချာလီ့ကို ရွာထဲခေါ်ကာ အဆိပ်ပြေရွက်ကိုကြိတ်၍ ကင်းမြီးကောက်ကိုက်သွားသည့်နေရာကို ညှစ်ချပေးလိုက်၏။

ထိုအချိန် သူ့အနားသို့ နှောင်းတို့အဖွဲ့ ရောက်လာ၏။ နှောင်းသည် ချာလီ၏ တဆတ်ဆတ်ခါနေသော လက်ကိုကြည့်ကာ စိုးရိမ်တကြီး ဖြစ်နေ၏။ ထိုစဉ် ဖိုးလုံး၏အဆိပ်ဖြေရွက် တန်ခိုးနှင့် အနည်းငယ် သက်သာလာ၏။

"ကိုင်း- ထိုင်ကြပါဦးဗျ၊ မင်းသမီးလေးလည်း ထိုင်လေ"

"ဟုတ်. . . ဟုတ်ကဲ့ရှင့်"

ဖိုးလုံးစကားကြောင့် သူတို့လူစု ကွပ်ပျစ်ပေါ် ဝင်၍ထိုင်လိုက်ကြ၏။ ဖိုးလုံး၏မိဘများက အိမ်ဝိုင်းထဲ မင်းသမီးလေးနှင့် ရန်ကုန်သားများ လာလည်ကြသည်ဆိုသဖြင့် လက်ဖက်သုပ်၊ ချင်းသုပ်နှင့် ကောက်ညှင်းပေါင်းများ ချ၍ကျွေးမွေးလေ၏။

ချာလီမှာ သူ့နံဘေး စိုးရိမ်တကြီး ကြည့်နေသော နှောင်းကို တရေးကြည့်ရင်း ရင်တွေ ဖိုဖိုလှိုက်လှိုက် ဖြစ်နေ၏။ နှောင်း၏ ကိုယ်သင်း


www.burmeseclassic.com

www.burmeseclassic.com

ကလေးက သံနပ်ခါးနံ့ သင်းပျံ့ထုံအီနေ၏။ နှောင်း၏ စိုးရိမ်ကြည့်ကလေး များကိုလည်း သူ တိမ်းမူးခံစားလိုက်ရသလိုပင်။

"ဘယ်လိုလဲဟင်၊ သက်. . . သက်သာရဲ့လား"

"ဟုတ်. . . ဟုတ်ကဲ့၊ သက်သာသွားပါပြီ"

"အဲဒါ နှောင်းရဲ့အပြစ်ပါ။ နှောင်းတစ်ယောက်တည်း တောပန်းတွေ ခူးချင်တဲ့ဇောနဲ့ ခူးလိုက်တာ။ ကံကောင်းလို့ နှောင်းရဲ့ခြေကို မကိုက်မိတာ"

"တော်သေးတာပေါ့ မနှောင်းရာ။ ဟောဒီ ကိုချာလီ သိသွားလို့ပေါ့။ ကိုချာလီက ရန်ကုန်ကလေ"

"ဟုတ်လား၊ နာမည်က ကိုချာလီလား။ ရန်ကုန်ကလား"

"ဟုတ်ပါတယ်၊ မနှောင်းက ဒီပုသိမ်မြို့ပေါ်ကလား"

"ဟုတ်ပါတယ် ကိုချာလီ၊ နှောင်းတို့က ပုသိမ်မြို့ပေါ်ကပါ။ နှောင်းကြောင့်ဖြစ်ရတာကို တောင်းပန်ပါတယ်နော်"

"ဟာ- နှောင်းကြောင့် မဟုတ်ပါဘူးဗျာ။ ဟဲဟဲ ကျွန်တော်က သူများအခက်အခဲတွေ့ရင် အရမ်း ကူညီချင်တာဗျ။ ပြီးတော့ ကင်းမြီးကောက် တစ်ခါမှ အကိုက်မခံဘူးတော့ ဟဲဟဲ အီသွားတာပဲ"

"အော်လိုက်တာ ငယ်သံပါရောနော်။ ဟင်းဟင်း သူအော်တော့ နှောင်းလည်း တအားကို စိုးရိမ်သွားတာပဲ"

"ဟဲဟဲ စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားလို့ပါဗျာ။ ဒါပေမယ့် ကင်းမြီးကောက်ကြီးကိုတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

"ရှင်- ဘာ. . . ဘာဖြစ်လို့ပါလိမ့်"

သူ့စကားကြောင့် နှောင်း မျက်လုံးကလေး ကလယ်ကလယ် ဖြစ်သွား၏။ ချာလီကတော့ နှောင်း၏ ဝင်းစိုစိုမျက်နှာလေးကိုကြည့်ကာ ပြုံးစိစိနှင့် ပြောလိုက်၏။

"ဟဲဟဲ အဲဒီကင်းမြီးကောက်ကြီးကိုက်လို့ မနှောင်းနဲ့ သိရတာပေါ့ဗျာ"

"အို- ကြံကြံဖန်ဖန်"

"အဟုတ်ပြောတာ၊ မနှောင်းကတာ တကယ့် နတ်သမီးလေးလိုပဲနော်။ ကျွန်တော့်မျက်လုံးထဲတော့ နတ်မိုးသူဇာလေး ကနေသလား ထင်မိတယ်ဗျာ"

"အဲဒီလောက် မမြှောက်ပါနဲ့ရှင်။ နှောင်းက ပမွှားမင်းသမီးလေးပါ"

"ဟာ- နှောင်းကလည်းဗျာ၊ ကျွန်တော့်မျက်လုံးထဲတော့ နှောင်းဟာ တကယ့် ရွှေမင်းသမီးလေးပါပဲ"

"ကိုချာလီ၊ ကိုချာလီ"


www.burmeseclassic.com

www.burmeseclassic.com


"ဟင်- ဘာဖြစ်လို့ ဒီလောက် အော်ရတာလဲ ဖိုးလုံးရ"

"ဟာ- ကျွန်တော်ခေါ်နေတာ သုံးလေးခွန်းရှိနေပြီဗျ။ အစ်ကို ချာလီက မမနှောင်းကိုပဲ ပြောနေတာကိုး"

"ဖိုးလုံးကလည်းကွာ။ ကိုင်း- ဘာပြောမလို့တုံး"

"ဟို- လက်က သက်သာသွားပြီလား မေးမလို့ဗျ။ ဟဲဟဲ"

"ဟဲဟဲ သက်သာသွားပါပြီကွာ"

"ကိုချာလီက အငြိမ့်တွေ ဘာတွေ ဝါသနာပါလားဟင်"

"မပါဘူးဗျ"

"ရှင်"

"ဩော်- ဒီလိုလေ မနှောင်းရဲ့၊ ကျွန်တော် အငြိမ့်ကြည့်တာ ပထမ ဦးဆုံးအကြိမ်ပါပဲ။ ဘာကြောင့်လဲဆိုတော့ မနှောင်းဆိုတဲ့ မင်းသမီးလေးကြောင့်ပေါ့"

"အို- ကိုချာလီ စကားပြောတတ်သားပဲ"

"ဗျာ- အရင်က ကျွန်တော် ဆွံ့အ,နေလို့လား မနှောင်းရဲ့"

"ရှင်- ဟင်းဟင်း ကိုချာလီက ရယ်စရာလည်း ပြောတတ်သားပဲ။ ကဲ- နှောင်း ပြန်ဦးမယ်"

"မနှောင်း မပြန်ပါနဲ့ဦးဗျာ။ မမနှောင်းတို့ အိမ်ဝိုင်းထဲလာလည်လို့ အမေတို့ အဖေတို့က တအား ပျော်နေတာဗျ"

ဖိုးလုံးက ကြားမှဝင်ပြောလာသဖြင့် ပြန်မယ်တပြင်ပြင် လုပ်နေသော နှောင်းတစ်ယောက် မပြန်နိုင်ဖြစ်နေ၏။ ချာလီမှာ နှောင်းနှင့် နီးကပ်စွာ ထိုင်နေရသဖြင့် ဖိုးကျိုင်းတုတ် ဖြစ်နေ၏။ နှောင်း၏အသံ၊ နှောင်း၏အပြုံး၊ နှောင်း၏အလှတို့က သူ့ကို ဖမ်းစားထားသလိုပင်။

နှောင်းသည် သူ့ကို တစ်ချက်တစ်ချက် လှည့်ကြည့်ကာ ပြုံးတုံ့တုံ့ အမူအရာနှင့် ပြောတတ်၏။ နှောင်းပြောလိုက်တိုင်း ရင်ခုန်သံတွေ အတိုင်းအဆမရှိ။

"ကိုချာလီက ဒီမှာ အမျိုးတွေရှိလို့လား"

"မရှိဘူးဗျ။ သူငယ်ချင်းတစ်ယောက် ရဟန်းခံတာနဲ့ လိုက်လာတာလေ။ ခုတော့ ကံထူးတာပဲ ပြောရမလား၊ နတ်တွေ သိကြားတွေ မ,လိုက်တယ်ပဲ ပြောရမလား"

"ရှင်- ဘာဖြစ်လို့လဲ"

"ဟဲဟဲ ဒီလိုလေ၊ ကျွန်တော် ဒီကို လိုက်မလာရင် မနှောင်းနဲ့ တွေ့ရမှာ မဟုတ်ဘူး။ ခုတော့ ကျွန်တော့်အတွက် တကယ့် အမှတ်တရပါပဲဗျာ။ ကျွန်တော် မြို့ရောက်ရင် မနှောင်းတို့ လာလည်လို့ရလားဟင်"

"ရပါတယ် ကိုချာလီရယ်၊ နှောင်းတို့က အဲဒီလောက် အခြေမကြီး ပါဘူးရှင်။ တကယ် လာလည်မှာလား"


www.burmeseclassic.com

www.burmeseclassic.com



"လာလည်မှာပေါ့ဗျာ။ နှောင်းကသာ ကျွန်တော့်ကို နှင်မလွှတ်ပါနဲ့"

"အို- အဲဒီလို မဟုတ်ပါဘူးလို့ ဆိုနေမှ"

"ဒါထက် နှောင်းတို့ ဒီည ကရဦးမှာလား"

"ဟုတ်တယ်လေ၊ ဒီည နောက်ဆုံးညပဲ၊ မနက်ဖြန် နှောင်းတို့ မြို့ပြန်မှာ"

"ဟုတ်လား"

"နှောင်းကတာကို ကြည့်နေနော်"

"ဟာ- ကြည့်ပါ့မယ် နှောင်းရယ်။ ဖြစ်နိုင်ရင် နှောင်းရဲ့ မင်းသမီးကကြိုးလေးနဲ့ပုံတောင် လိုချင်တာဗျ"

"ရှင်- ဘာလုပ်မလို့လဲ"

"အမှတ်တရပေါ့ နှောင်းရယ်"

"ကိုင်းကိုင်း- နှောင်း သွားတော့မယ်။ ဒီည ဆက်ဆက်လာကြည့်နော်။ ပြီးတော့ လက်ကဒဏ်ရာကိုလည်း ဆေးထည့်လိုက်ဦး"

"ဟုတ်ကဲ့"

နှောင်းတို့လူစု ပြန်သွားသည်အထိ ချာလီ တငေးငေး။ ဖိုးလုံးက သူ့ပခုံးကိုတို့၍ ပြောလိုက်၏။

"ဘယ်လိုဖြစ်တာလဲ ကိုချာလီရ၊ သဲကြီးမဲကြီးပါလား"

"ဟဲဟဲ တော်တော်လှတယ်ကွာ။ ငါ့တစ်သက်တော့ ဒီလိုလှတဲ့ မင်းသမီးမျိုး ဒီတစ်ခါပဲ မြင်ဖူးတယ်ကွ"

"ဟာ- ကိုချာလီကတော့ လုပ်ပြီဗျာ။ မနှောင်းက ကျုပ်တို့ရွာတွေဘက်မှာ တအား နာမည်ကြီးတာဗျ။ သူ မျက်စတစ်ချက် ပစ်လိုက်ရင် ကာလသားတွေ သည်းသည်းလှုပ် ဖြစ်ကုန်တာပဲ။ တစ်လောက ကနီကုန်းဘက်မှာ ကာလသားတွေ စင်ပေါ်တက်လာလို့ သေနတ်တောင် ဖောက်ယူရတယ်တဲ့ဗျ"

"ဟင်- ဒီလောက်တောင်ပဲလား"

"သိပ်ဟုတ်တာပေါ့ဗျာ။ အဲဒီ မနှောင်းရဲ့ အဖေက လူရွှင်တော်ကြီး ဦးပိုက်ဆံလေ။ တအားကို ရယ်ရတာဗျ"

"ဟေ- ဦးပိုက်ဆံ ဟုတ်လား"

"ဟုတ်ပ၊ ပြက်လုံးထုတ်တဲ့နေရာမှာလည်း သူ့ကို ဘယ်သူမှ မမီဘူး။ ခုလည်း ဒီအငြိမ့်မှာပါတဲ့ လူရွှင်တော်တွေကို ဦးပိုက်ဆံက သင်ပေးတာ။ ပြောရရင် ဦးပိုက်ဆံက ဇာတ်ဆရာဗျ"

"မင်းက အကုန်လုံး သိနေပါလား ဖိုးလုံးရ"

"ဟာ- ဟိုတုန်းကတည်းက မနှောင်းအငြိမ့်ကို ကြည့်ဖူးတာ။ အဲဒါ ကာလသားအချင်းချင်း ပြောကြရင် သိတာပေါ့"

"ဟုတ်လား၊ ဒါဆို နှောင်းတို့က သဘင်သည်မျိုးရိုးပေါ့"



www.burmeseclassic.com

www.burmeseclassic.com


"သိပ်ဟုတ်တာပေါ့ဗျာ၊ မနှောင်းအမေက မင်းသမီးကြီး မကြေး စည်လေ။ အသံ တအားကောင်းတယ်။ ချောလည်း ချောတယ်ဗျ။ ဦးလေးတွေကလည်း ဆိုင်းတွေဗုံတွေ တီးတာ။ ပြောရရင် တစ်ဆွေလုံး တစ်မျိုးလုံးက သဘင်သည်မျိုးရိုးဗျ"

"ဟုတ်လား"

နှောင်း၏အကြောင်းကို ဖိုးလုံးထံမှ သိလိုက်ရသဖြင့် ချာလီ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ နှောင်းနှင့် နီးနီးကပ်ကပ် ပြောလိုက်ဆိုလိုက်ရသည်မို့ သူ့ရင်ထဲ တသသဖြစ်၍ ကျန်ခဲ့၏။

သို့နှင့် နေ့လယ်ပိုင်းလောက်တွင် ဦးပဥ္စင်းစိုးတင့်ဆီ ရောက်သွား၏။ ဦးပဥ္စင်းစိုးတင့်သည် သူ့ကိုမြင်တော့ ပြုံးစိစိဖြစ်နေ၏။

"ဟာ- ဘယ်တွေသွားနေသတုံးဟ။ ငါကြားရတာတော့ မင်းသမီး မနှောင်းနဲ့ စကားပြောနေကြသဆို"

"ဟဲဟဲ အဲဒါအဟုတ်ပဲဗျ။ အဲလေ- ဘုရား။ မနှောင်းက ကျုပ် အဲ- တပည့်တော်ကို ရင်းရင်းနှီးနှီး ဆက်ဆံတာဘုရား။ မနှောင်း ပြုံးလိုက်ရင် တအားလှတာပဲ"

"ဟာ- မင်းကလည်း ငါ့သက်န်းတော့ အားနာပါဦးကွ"

"ဟာ- ကန်တော့. . . ကန်တော့ပါဘုရား"

"ဘာလဲ ချာလီရ၊ တစ်ပင်လဲလို့ တစ်ပင်ထူပြီလားကွ။ ကြည့်လုပ် နော်၊ ကိုယ့်ဇာတ်ကိုယ် နိုင်မှကပါကွာ။ တော်ကြာ အငိုမင်းသား ကြီး ဖြစ်နေဦးမယ်"

"ဟာ- ဦးပဥ္စင်းကလည်း၊ တပည့်တော်တို့က ရိုးရိုးသားသားပါ ဘုရား"

"ဒါပေါ့လေ၊ ကိုယ့်အကြောင်း ကိုယ်ပဲသိတာပေါ့။ ဒါထက် ဒီည အငြိမ့်ကြည့်မှာလား"

"ဟာ- ကြည့်မှာပေါ့"

"ငါ- မင်းအငြိမ့်ကြိုက်တာ တစ်ခါမှ မကြားဖူးပါဘူးကွာ"

"ဟဲဟဲ- ခုတော့ ကြိုက်သွားပြီဘုရား"

"ဘာကြိုက်တာတုံးဟ"

"မပြောပါရစေနဲ့ ဘုရား"

"မှတ်ထား ချာလီရ၊ ဘာမဆို စိတ်က လုပ်နေတာကွ။ ခုလည်း စိတ်ကြောင့်ပဲ။ ဟိုတုန်းက တအီးအီးနဲ့ ငိုလိုက်ရတာ၊ ငါတောင် မင်းတော့ ဒီဘဝ ရင်ကွဲနာကျပြီး အကျိုးနည်းပြီ မှတ်တာ။ ခုတော့လည်း နှောင်း၊ နှောင်းနဲ့။ ကြည့်လည်းလုပ်ကွာ"

"ဟဲဟဲ ဒီလိုပေါ့ ဦးပဥ္စင်းရာ။ ပန်းခြံကြီးထဲမှာ ပန်းလှလှလေးတွေ အများကြီး ရှိပါသေးလား ဆိုတာကိုတော့ ကျွန်တော် အဲလေ- တပည့်တော် ယုံပါပြီ ဘုရား"


www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ကွာ၊ ကိုင်း- ဘာမှမစားရသေးဘူး [illegible] ဆာနေရောပေါ့၊ လာလာ ငါနဲ့လိုက်ခဲ့"

"တင်ပါ့ဘုရား"

ဦးပဉ္စင်းစိုးတင့်နောက် ကုပ်ချောင်းကုပ်ချောင်း လိုက်သွားခဲ့၏။ မီးဖိုဆောင်အရောက်တွင် ကပ္ပိယကြီးက သိမ်းဆည်းထားသော ဟင်းထမင်းတွေ ချကျွေးလေ၏။

ငါးသလောက်ပေါင်း၊ ချဉ်ပေါင်ဟင်းချို၊ ငါးပိကြော်၊ သခွားသီး၊ တညင်းသီးတို့စရာ စသည်ဖြင့် ဖွယ်ဖွယ်ရာရာ ရှိလှ၏။ ဆာဆာနှင့် စားသောက်လိုက်၏။

ဦးပဉ္စင်းစိုးတင့်က သူ ထမင်းစားသည်ကို ရပ်ကြည့်နေ၏။

"ငါနဲ့ ဒီမှာ လေးငါးရက်လောက်တော့နေကွာ။ လူထွက်မှ ပြန်ကြတာပေါ့"

"ဟင်- ဒါဆို ဒီရွာမှာ တစ်ပတ်လောက်ကြာဦးမှာပေါ့"

"ဟုတ်တယ်လေ၊ ဘာဖြစ်လို့လဲ"

"ဟို- ဟိုဒင်းတို့က ပြန်တော့မှာ ဘုရား"

"ဟေ- ဘယ်သူလဲ၊ ဘယ်သူ့ကို ပြောတာလဲဟ"

"ဟိုဒင်းဗျာ၊ ဟိုဒင်းပါဘုရား"

"ဟ- ဘာတုံးဟာ။ တော်- သိပြီ သိပြီ၊ ဟို- အငြိမ့်မင်းသမီးလေးက မနက်ဖြန် ပြန်ကြမှာကိုး။ ချာလီ ချာလီ မင်းက ဟိုကောင်မလေးအတွက် ရင်တပွင့်ကြီး ငိုပစ်လိုက်တာ အခုမှပဲ ငါအဓိပ္ပာယ်သိတော့သကွာ။ ကောင်းပါတယ်ကွာ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့။ ဒီလိုပါပဲ ချာလီရာ၊ နေရာတကာ စွဲစွဲမြဲမြဲထားတဲ့သူဟာ ခံစားရတာပဲကွ။ ဒီတော့ ဘာမဆို စိတ်ထဲ အတင်းထိုးသိပ် ဖိနှိပ်မထားပါနဲ့ကွာ။ ဖြစ်နိုင်ရင် ကိုယ့်စိတ်ကို ဘယ်တော့မှ ရှုပ်ထွေးအောင် မလုပ်ပါနဲ့ကွာ။ တတ်နိုင်သမျှ ပါးပါးနေနိုင်လေ ကောင်းလေပဲကွ"

"တင် တင်ပါ့။ ဟို- ညဉ့်ဦးပိုင်းတောင် ရောက်နေပြီ။ ဒါဆို အငြိမ့်ကတော့မယ်ထင်တယ်"

"ဟင်း. . . လွန်ပါ့ကွာ"

"ဟဲဟဲ တပည့်တော် ကြွ အဲလေ- သွားတော့မယ်ဘုရား"

"သွားလေ၊ အိပ်ချင်ရင် ကျောင်းပြန်လာပြီအိပ်နော်"

"တင်ပါ့ဘုရား"

"သိပ်ညဉ့်နက်မကြည့်ပါနဲ့။ ဟိုဟိုဒီဒီ လျှောက်မသွားနဲ့။ ကိုယ်မရောက်ဖူးတဲ့ရွာတွေ ရောက်သွားဦးမယ်။ ငါပြောတာ ကြားလား"

"တင်ပါ့ဘုရား"

"ကိုင်း- ဒါဆို သွားပေတော့"

ဦးပဉ္စင်းစိုးတင့်ထံမှ ခွင့်ပြုချက်ရသည်နှင့် ကျောင်းပေါ်မှ အပြေး



www.burmeseclassic.com

www.burmeseclassic.com


ဆင်းသွား၏။ ရွာအရှေ့ဘက်ကွင်းထဲရောက်တော့ ဆိုင်းသံ၊ ဗုံသံ ကြားနေရပြီ ဖြစ်လေ၏။

ပရိသတ်တွေက ကြိတ်ကြိတ်တိုး။ ရွာနီးချုပ်စပ်ကပင် လှည်းတွေနှင့် လာရောက် အားပေးနေကြ၏။ ကွင်းစပ်တွင် ဈေးသည်ကလည်း အစီအရီ။ ကောက်ညှင်းကျည်တောက်နဲ့ မုန့်လေပွေ၊ မုန့်ပြားသလက်၊ မုန့်ဆီကြော်၊ ကောက်ညှင်းပေါင်း၊ ဆီထမင်း စသည်ဖြင့် မြန်မာမုန့်များ မျိုးစုံနေသလို ကလေးကစားစရာပစ္စည်းများကလည်း စုံလင်လှ၏။

နှင်းမှုန်တဖွဲဖွဲအောက် ပွဲကြည့်တွေကအောတိုက်။ ပြောသံဆိုသံ အော်သံဟစ်သံတွေကလည်း မွစာကြနေ၏။ စင်ရှေ့ ဆိုင်းဝိုင်းကြီးက တအုန်းအုန်း တဖြုန်းဖြုန်း။ ချာလီသည် ပွဲထဲရောက်သည်နှင့် ဖိုးလုံးတို့လူစုနှင့် တစ်သားတည်းဖြစ်သွား၏။

အချိန်အနည်းငယ်အကြာတွင် ရွှေရောင်လိုက်ကာကြီး ပွင့်လာကာ အပျိုတော်ယိမ်းအက ထွက်လာ၏။ သီဆိုသံကလည်း မြိုင်၊ တီးဝိုင်းကလည်း မြိုင်လှသည်မို့ တစ်ကွင်းလုံး သောသောညံနေ၏။

ပရိသတ်ကြီးမှာ မရိုးမရွ ဖြစ်နေ၏။ ရှေ့ထွက်မင်းသမီးလေးနှင့် လူပြက်လေးဦး ထွက်လာသောအခါ လက်ခုပ်လက်ဝါးတီး၍ ကြိုဆိုလိုက်ကြ၏။ မင်းသမီးကလေးကလည်း နှောင်းနှင့် မတိမ်းမယိမ်း။ ကလိုက်သည်မှာ ကိန္နရီကလေး ပျံသည့်အလားပင်။

လူပြက်လေးဦးစလုံးကလည်း တဝါးဝါးပွဲကျအောင် ပြက်လုံးတွေ ထုတ်နေ၏။ ဆိုင်းဝိုင်းကလည်း တေးသွားတွေ၊ အသံတွေ ကြွလာအောင် ဆိုင်းသံအမျိုးမျိုးပြောင်း၍ တီးခတ်ပေးနေ၏။

ပရိသတ်၏ရယ်မောသံက ပတ်တုတ်၍မရ။ လက်ခေါက်မှုတ်သံ၊ လက်ခုပ်လက်ဝါးတီးသံက ပွက်ပွက်ညံနေ၏။ ရှေ့ထွက်မင်းသမီးလေး ခင်သန်းချိုတစ်ယောက် ပြောင်းဆန်အောင် ကခုန်ပြီးသောအခါ ခေါင်းဆောင်မင်းသမီးလေး နှောင်း ထွက်လာ၏။

နှောင်းသည် ရွှေဖလားရောင် ရွှေချည်ထိုးဝတ်စုံကို ဝတ်ထား၏။ ရုတ်တရက်ကြည့်လျှင် ရွှေမင်းသမီးလေးအလားပင်။ ပြောဟန်ဆိုဟန်ကလေးကအစ နွဲ့နွဲ့နှောင်းနှောင်း ရှိလှ၏။ တီတီတာတာနှင့် ပရိသတ်၏ အသည်းနှလုံးကို ကိုင်လှုပ်လိုက်သလိုပင်။ ကာလသားအုပ်မှာ မရိုးမရွ။ လက်ကလေးတွေကလည်း ဖော့ဖယောင်းအလား ပျော့ပျောင်းလှ၏။

ကော့ပျံညွတ်ကွေးကာ ဆိုင်းချက်နှင့် စီးမျောနေသော နှောင်း၏ အကကြား ပရိသတ်ကြီးခမျာ ပါးစပ်အဟောင်းသား ဖြစ်နေ၏။ မိုးပြာရောင်ဆလိုက်အလင်းအောက် လှချင်တိုင်းလှနေသော နှောင်းကလေး၏ ခြေချိုး၊ လက်ချိုးကလည်း အချက်ကျလှ၏။ လက်တွေခြေတွေ အကူးအပြောင်းတွင် စည်းဝါးသံကလေးများ ထွက်ပေါ်လာသည့်ပုံပင်။

ကကြိုးအမျိုးမျိုးနှင့် ပရိသတ်ကို ဖမ်းစားနေသော နှောင်း။ မမော


www.burmeseclassic.com

www.burmeseclassic.com


နိုင် မပန်းနိုင်အောင် ကခုန်နေ၏။ လူပြက်တွေကလည်း ပရိသတ်တွေ ပါးစပ် မစေ့နိုင်အောင် ပြက်လုံးအမျိုးမျိုး ဆင်နေ၏။ နှောင်း၏အကနှင့် လူပြက်ကြီးများ၏ ပြက်လုံးများက ရသမျိုးစုံလင်ပေ၏။

ထိုအချိန် ချာလီတို့လူစုလည်း အငြိမ့်စင်၏ ညာဘက်ထောင့်မှ နေ၍ ကြည့်ရှုနေကြ၏။ နှောင်းကိုကြည့်ရင်း ငြိမ်နေပြီဟု ထင်ရသော ခံစားမှုတို့က တလှုပ်လှုပ် ဖြစ်လာ၏။ စာဖွဲ့၍မရနိုင်သော နှောင်း။ ပန်းချီ ငိုအလှ၊ ကဗျာဆန်လှသော ကကြိုး၊ တသိမ့်သိမ့် ခံစားသွားစေနိုင်သည့် အသံကလေးများကြား ချာလီတစ်ယောက် မျောချင်တိုင်းမျောနေ၏။

ကကြိုးတစ်မျိုးပြောင်းတိုင်း သူ့ရင်မှာ ကြိုးတစ်ကြိုးထပ်၍ ချည်နှောင်လိုက်သလို ခံစားသွားရ၏။ နှောင်း၏ကကွက်များ ပြီးသွားသော အခါ ပရိသတ်ခမျာ တသသနှင့် စွဲ၍တျန်ရစ်ခဲ့သလို ချာလီလည်း အသည်းတွေ အူတွေ ပြောင်းဆန်မတတ် ခံစားခဲ့ရ၏။

နှောင်း၏ ကကြိုးပြီးသွားသည်နှင့် သူလည်း ဦးပဥ္စင်းစိုးတင့်ရှိရာ ကျောင်းဆီသို့ ပြန်လာခဲ့၏။ အိပ်ရာထဲ ဝင်သည်အထိ နှောင်းမှနှောင်း ဖြစ်နေဆဲ။

နှောင်း၏ ကကြိုးတလေးများ၊ အသံနှင့် ဟန်ပန်အမူအရာကလေး များက စိတ်အာရုံထဲအထိ လိုက်လံဖမ်းစားနေဆဲ။ အိပ်ရာထဲ လူးရင်း လှိမ့်ရင်း၊ တွေးတောရင်းနှင့် မိုးစင်စင်လင်းသွားခဲ့၏။

"ဘယ်လိုတုံး ချာလီရ၊ ညကလည်း ညဉ့်နက်မှ ပြန်လာတယ် မဟုတ်လား။ အိပ်လို့ရော ပျော်ရဲ့လား"

"ဟဲဟဲ တောင်တွေးမြောက်တွေးပေါ့ ဦးပဥ္စင်းကြီးရယ်"

"ဟား ဟား ဟား ကြည့်လည်းလုပ်ပါဦး ချာလီရာ၊ အဲဒါတွေဟာ သင်္ခါရပဲလေ။ မြဲတယ်မြဲတယ်ဆိုတာ ဘာမှမရှိဘူး။ တွေ့သမျှ အနိစ္စလို့မှတ်ရင် စိတ်လေးကိုယ်လေး မရှိဘူးတဲ့ကွ"

"ဟဲဟဲ- အနိစ္စလေ၊ အနိစ္စပေါ့ ဘုရား။ ဒါပေမယ့် အဲဒီ အနိစ္စ လေးကိုက တစ်မျိုးပဲ ဘုရား"

"ဘာကွ- လုပ်လာပြန်ပြီကွာ။ ကိုင်း- အဲဒါတွေထားတော့၊ ရေမိုး ချိုးပြီးရင် ထမင်းစား"

"တင်ပါ့ဘုရား"

ဦးပဥ္စင်းကြီးက သူ့ကိုပြောလည်း ချာလီမှာ နှောင်းမှနှောင်း ဖြစ်နေ ပြီဟု ဆိုရချေမည်။

ဦးပဥ္စင်း၏စကားကြောင့် ဇရပ်ပေါ်မှ ဆင်းခဲ့ပြီး ကျောင်းနောက် ဘက် ရေတွင်းတွင် ရေကို စိမ်ပြေနပြေ ချိုးလိုက်၏။ ထိုအချိန် ကျောင်း ဝင်းထဲသို့ နှောင်းတို့အဖွဲ့ ဝင်လာ၏။

နှောင်းတို့၏အသွင်က ပြန်တော့မည့်အသွင်။ အထုပ်တွေ အပိုး တွေကအစ ပါလာ၏။ ဦးပဥ္စင်းကြီးစိုးတင့်သည် နှောင်းတို့အဖွဲ့ကို စား

www.burmeseclassic.com

သောက်ဖွယ်ရာများနှင့် ဧည့်ခံလိုက်၏။ နှောင်းသည် ဟိုဟိုဒီဒီကြည့်ရင်း ချာလီ့ကို မေးလာ၏။ နှောင်း၏အမေးကြောင့် ဦးပဉ္စင်းကြီး အံ့ဩနေ၏။ ဘုန်းကြီးကျောင်းသားလေးတစ်ဦးကို ချာလီထံ အလျင်အမြန် လွှတ်လိုက်၏။

"ကိုချာလီ၊ မင်းသမီးလေး မေးနေတယ်ဗျ"

"ဟေ- မင်းသမီး၊ ဘယ်သူတုံးဟ"

"မနှောင်းလေ"

"ဘာ- နှောင်း၊ ဟာ- လာပြီ လာပြီကွ"

"ဟို- ဆပ်. . . ဆပ်ပြာတွေ"

"ရပါတယ်ကွာ"

ဆပ်ပြာတိုက်လျက်တန်းလန်းနှင့် ဇရပ်ဘက်သို့ အပြေးရောက်လာ၏။ တစ်ကိုယ်လုံး ဆပ်ပြာအမြှုပ်များနှင့် ဖွေးဖွေးလှုပ်နေ၏။ ချာလီ့အသွင်ကိုကြည့်ပြီး ဦးပဉ္စင်းစိုးတင့်ရော နှောင်းတို့အဖွဲ့သားတွေပါ ပါးစပ်အဟောင်းသား ဖြစ်နေကြ၏။

"ဟင်- ဟိုဟာကြီးက ဘာကြီးလဲ"

"ဟုတ်ပ၊ မျောက်ဖြူကြီးလား"

"တာ- ဟကောင် စိုးတင့်၊ အဲလေ- ဟကောင် ချာလီ ဘယ်လိုဖြစ်တာလဲဟ"

"ဗျာ- အဲ. . . ဘုရား၊ ဟို- နှောင်း. . . နှောင်းတို့ လာတယ်ဆိုလို့ ဟီး. . . ဟီး"

"ဟာ- ကိုယ်ပေါ်မှာလည်း ဆပ်ပြာမြှုပ်တွေနဲ့ မြင်မကောင်းပါဘူး"

"ဟုတ်သားပဲ ကိုချာလီရဲ့၊ ရေအမြန်ချိုးလိုက်လေ"

"ဩော်- ဟုတ်. . . ဟုတ်ကဲ့။ ခဏစောင့်နော် နှောင်း။ မပြန်နဲ့ဦးနော်"

"မပြန်ပါဘူးရှင်"

နှောင်းက သူ့ကို ပြုံးစေ့စေ့ကလေးကြည့်ကာ ပြောလိုက်မှ ရေတွင်းဆီသို့ အလျင်အမြန် ပြေးသွား၏။ ရေတွင်းထဲကရေကို တဝုန်းဝုန်း ဆွဲပြီး ချိုးပစ်လိုက်၏။ သုံးလေးပုံးလောက် ချိုးပြီးသည်နှင့် တဘက်စောင်ကြီးဖြင့် ရေတွေသုတ်လိုက်ပြီး ဇရပ်ပေါ် အလျင်အမြန်တက်ကာ အဝတ်အစား လဲလိုက်၏။

တစ်ကိုယ်လုံး ပေါင်ဒါတွေဖွေးနေအောင် လိမ်းလိုက်ပြီး ဇရပ်ရှေ့ လျှောက်၏။ နှောင်းလာသည် ဆိုသဖြင့် ချာလီ ပျော်လိုက်တာမှ ထဲ့ မတတ်။

နှောင်းတို့အနား ဝင်ထိုင်လိုက်ပြီး နှောင်း၏မျက်နှာဝင်းဝင်းကလေးကိုကြည့်၍ ပြောလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ပြန်. . . ပြန်တော့မလား နှောင်း"

"ဟုတ်တယ်၊ ပြန်တော့မယ် ကိုချာလီ။ ကိုချာလီကို လာနှုတ်ဆက်တာလေ။ ပုသိမ်ရောက်ရင် နှောင်းတို့ဆီ လာလည်မှာလား"

"ဟာ- လာ. . . လာမှာပေါ့ နှောင်းရယ်။ နှောင်းရဲ့လိပ်စာတတ်သာပေးခဲ့"

နှောင်း၊ နှောင်းနှင့် တမော့မော့လုပ်နေပြီး ဣန္ဒြေမဆည်နိုင်ဖြစ်နေသော ချာလီကို ဦးပဉ္စင်းစိုးတင့် မျက်စိတွေနောက်နေ၏။ ထို့ပြင် ချာလီ၏ဘယ်ဘက်နားရွက်ထဲ ဆပ်ပြာမှုန့်တွေ မြင်လိုက်သဖြင့် တအံ့တသြ ဖြစ်နေ၏။

"ဟာ- ချာလီ၊ မင်း. . . မင်း ဘယ်လိုဖြစ်ကုန်ပြီလဲကွ။ မနှောင်းဆိုတဲ့ ဒကာမလေး လာတာနဲ့"

"ဗျာ- ဘာ. . . ဘာဖြစ်လို့လဲဘုရား"

"မင်းကလည်းကွာ၊ မင်း နားရွက်ထဲမှာ ဆပ်ပြာအမြှုပ်တွေကွ"

"ဟင်"

"ဟင်းဟင်း ကိုချာလီကလည်း ရေစင်အောင် မချိုးခဲ့ဘူးထင်တယ်"

"ဗျာ- ဟို. . . ဟဲဟဲ စိတ်လောနေလို့"

"ခက်ပါ့ ချာလီရာ။ အနိစ္စလေ အနိစ္စကွ။ မင်းကို ငါပြောတာ အနိစ္စလေ"

"ဟဲဟဲ- အဲဒီ အနိစ္စလေး ခဏထားပါဦးဘုရား။ ဟီဟိ"

"ဘာကွ"

ဦးပဉ္စင်းကြီး စိုးတင့်ပြောလည်းမရတော့။ ချာလီတစ်ယောက် နားကဆပ်ပြာတွေသုတ်ရင်း နှောင်း၏မျက်နှာလေးကို တကြည့်ကြည့်လုပ်ကာ ပီတိတွေဝေနေ၏။ နှောင်းနှင့်ပါလာသော အဖွဲ့သားများမှာလည်း ချာလီ၏ ဣန္ဒြေမဆည်နိုင်သော အမူအရာကိုကြည့်ကာ တိုးတိုးတိတ်တိတ် ကျိတ်၍ ရယ်မောနေကြ၏။

"နှောင်း ပြန်သွားတော့ ကျွန်တော် မနေတတ်တော့သလိုပဲဗျာ"

"အို- ကိုချာလီကလည်း"

"ဟဲဟဲ တကယ်ပြောတာဗျာ"

"လက်ကအနာ သက်သာရဲ့လားဟင်"

"ကောင်းသွားပြီဗျ၊ အဲဒီ ကင်းမြီးကောက်ကြီးကို နောက်တစ်ခါတောင် ထပ်ကိုက်စေချင်တယ်ဗျာ"

"ရှင်"

"ဟော့ကောင် ချာလီ၊ ဒါဆို ကျောင်းအနောက်ဘက်မှာ ကင်းမြီးကောက်ကျင်း ရှိတယ်ကွ။ အဲဒီထဲကို လက်ညှိုးထည့်လိုက်ပါလား"

"ဗျာ- ဟာ၊ ဦးပဉ္စင်းကလည်း"


www.burmeseclassic.com

"ဟား ဟား ဟား မင်းကတော့ကွာ"

"သဘောပြောတာပါ၊ မနှောင်း ကျွန်တော် လိုက်ပို့ရမလားဟင်"

"ရပါတယ် ကိုချာလီ၊ ပုသိမ်ရောက်ရင်သာ ဝင်ခဲ့ပေါ့"

"ဟာ- ဝင်ခဲ့မှာပေါ့။ မပြန်သေးဘူး၊ ပုသိမ်မှာ ပျော်သလောက် နေဦးမယ်"

"ဟေ- သွားပြီ။ ဒကာမလေးရေ ကျုပ်ကောင်တော့ အနိစ္စလည်း မမြင်တော့ဘူး။ ဟကောင် အနိစ္စကွ အနိစ္စ"

"ဟဲဟဲ ဦးပဥ္စင်းကလည်းဗျာ"

"တော်ပါတော့ကွာ"

"ဟင်း ဟင်း ဟင်း ကဲကဲ နှောင်းပြန်တော့မယ်။ ကိုချာလီ့ကို လာနှုတ်ဆက်တာပါ"

"ဟုတ်လား၊ ဝမ်းသာလိုက်တာ နှောင်းရယ်"

နှောင်းမျက်နှာနုနုလေးကို စားမတတ်ဝါးမတတ်ကြည့်ရင်း ချာလီ တစ်ယောက် မရိုးမရွ ဖြစ်နေ၏။ နှောင်းတို့ ပြန်သွားသည်အထိ ချာလီ တစ်ယောက် ထလိုက်ထိုင်လိုက်၊ ကျောင်းအပြင်ကို လှမ်းကြည့်လိုက်၊ လမ်းလျှောက်လိုက် လုပ်နေ၏။

သူ့ကိုကြည့်ပြီး ဦးပဥ္စင်းစိုးတင့်ပင် မျက်စိတွေနောက်လာ၏။

"ဟာ- ဘယ်လိုဖြစ်နေတာတုံးဟ"

"ဟဲဟဲ ပုသိမ်သွားကြမယ်လေ"

"ဟကောင်- အရှူး၊ မင်းဥစ္စာ တယ်လည်း သည်းတဲ့ကောင်ပဲကိုး။ အနိစ္စလည်း မမြင်တော့ဘူး။ မင်း ဘာမြင်သတုံး"

"နှောင်းလေ၊ နှောင်းမှနှောင်းပဲ ဦးပဥ္စင်းရယ်။ ဟို- ဟဲဟဲ လူမြန် မြန်ထွက်လိုက်ပါလား ဘုရား"

"ဘာကွ၊ တိတ်စမ်း မဟုတ်တာမပြောနဲ့။ မထွက်ဘူး မင်း သွားချင်သွား"

"ဟာဗျာ၊ ဦးပဥ္စင်းကလည်း"

"ဒီလောက် အဖြစ်မသည်းစမ်းပါနဲ့ ချာလီရာ။ မင်းရင်ထဲက နှင်းမီမီတို့၊ နော်ဇာတို့ ဘယ်ရောက်ကုန်ပြီလဲဟ"

"ဟဲဟဲဟဲ အဲဒါ အနိစ္စလေ"

"ဘာ- အနိစ္စ၊ ကောင်းရောကွ။ မင်းကတော့ တကယ့်ကို မလွယ် တဲ့ကောင်ပါလားကွာ။ နှောင်းပြီးရင် ချောင်းတို့ မြောင်းတို့ လာဦး မှာလား"

"အဲဒီလိုတော့ မမိန့်ပါနဲ့ ဘုရား။ နှောင်းဟာ တပည့်တော် ပျော် ဒီရင်ဘတ်ကြီးထဲကို နေရာအပြည့်ယူထားပါပြီ ဘုရား။ နှောင်း ဟာ တပည့်တော်အတွက် တစ်ယောက်မှတစ်ယောက်၊ တောတ မှ ဝိတောက်ပါပဲ ဘုရား"

www.burmeseclassic.com

www.burmeseclassic.com


"ဗုဒ္ဓေါ၊ လုပ်ပြန်ပြီကွာ"

"တ. . . တကယ်ပြောတာပါ ဘုရား။ လောကကြီးနဲ့ စစ်ခင်းချင်ခင်းရပါစေ၊ နှောင်းကို ကျွန်တော် ချစ်နေပြီ။ နှောင်းကို ကျွန်တော် မခွဲနိုင်တော့ဘူး"

"ဘာကွ- တော်ပါတော့။ ငါ့ကို သက်နီးဝတ်ထားတဲ့ ကိုယ်တော်ဆိုတာလည်း သတိထားပါဦးကွ။ မင်းဥစ္စာ လွန်ကိုလွန်သကွာ"

"ဟဲဟဲ- ချစ်တာကိုး ဘုရား"

"တော်ပါတော့၊ မင်းလုပ်တာနဲ့ ငါလည်း သီလတွေ ကျိုးပေါက်တော့မယ်ကွာ"

ဦးပဥ္စင်းစိုးတင့်လည်း ချာလီနှင့် ဆက်မပြောရဲတော့သဖြင့် ဘုရားခန်းထဲ ဝင်သွားလေတော့၏။ ချာလီသည် နှောင်းပြန်သွားပြီဆိုသော အသိကြောင့် ငေးငေးငူငူကြီးဖြစ်၍ ကျန်ခဲ့၏။

နှောင်းကို သူ ဘယ်လိုကဘယ်လို ချစ်သွားမှန်းပင် အသေအချာမသိ။ နှောင်း၏ဖမ်းစားမှုက မြန်ဆန်လွန်းလှ၏။ ယခုလည်း နှောင်းပြန်သွားပြီဆိုတော့ သူ့နှလုံးသားကလည်း နှောင်းနှင့်တစ်ပါတည်း ပါသွားသလိုပင်။

နှောင်းကြောင့် အကင်းသေလုလု ခံစားချက်များ ရှုစိရှုစိဖြစ်လာ၏။ ရင်ဘတ်ကြီးတစ်ခုလုံး နှောင်းကြောင့် ဖြောင်းဆန်သွားသလိုပင်။ နှောင်းမှနှောင်း။

နှောင်းကြောင့် သူ အသက်ဝင်လာသလိုပင်။ နှောင်းကြောင့် သူ့ရင်ထဲက ငိုသံတွေ ပြားချပ်သွားသလိုပင်။ နှောင်းအလှ၊ နှောင်းအပြုံး၊ နှောင်း၏အပြော၊ နှောင်း၏ ဟန်ပန်အမူအရာများက သူ့ကို ကြိုးတွေနှင့် တစ်ချောင်းပြီးတစ်ချောင်း တုပ်နှောင်လာသလို ခံစားနေရ၏။ ဦးပဥ္စင်းစိုးတင့် ဘုရားခန်းက ပြန်ထွက်လာသည်အထိ ချာလီတစ်ယောက် ဇရပ်ဝထိုင်ပြီး နှောင်းဖြစ်နေဆဲ။

"ဟတောင်၊ အိပ်ပါတော့ကွာ။ မင်းဥစ္စာကလည်း လွန်ကိုလွန်တယ်"

"ဟဲဟဲ အသည်းနု. . ."

"ဟာ- တော်ပါတော့၊ ဘယ့်နှယ် ဘုန်းကြီးကို မဟုတ်မဟတ်တာတွေ လာပြောနေသတုံး"

ဦးပဥ္စင်းစိုးတင့် မနည်းပြောမှ ချာလီလည်း သူ့အခန်းထဲ ဝင်သွားခဲ့၏။ ထိုအချိန်မှစပြီး ချာလီတစ်ယောက် နှောင်းမှနှောင်း။ နှောင်းနှင့်လွတ်သည့်အကြောင်းအရာ မရှိသလို ဖြစ်နေ၏။ နောက်ဆုံး ဦးပဥ္စင်းစိုးတင့် နားကပ်ပြီး 'လူဘယ်တော့ထွက်မလဲ' ဟု တစ်မေးတည်း မေး၍သဖြင့် ဦးပဥ္စင်းစိုးတင့်လည်း ဘုရား၊ တရားပင် အာရုံမပြုနိုင်တော့။

ချာလီကို ရှောင်နိုင်သမျှ ရှောင်ခဲ့ရ၏။ ဘုရားခန်းထဲ ပုန်းဟန်သော


www.burmeseclassic.com

ပုန်းနေရ၏။ သို့နှင့် ကိုးရက်တင်းတင်း ပြည့်သည့်အချိန်တွင် ဦးပဉ္စင်း စိုးတင့်တစ်ယောက် လူထွက်လိုက်၏။

ချာလီမှာ ပြန်မယ်တကဲကဲ လုပ်နေသဖြင့် စိုးတင့်လည်း နားငြီးမခံနိုင်တော့။ မိခင်ကြီးကို မှာစရာရှိတာ မှာပြီး ပုသိမ်မြို့ပေါ်သို့ ထွက်လာကြ၏။ မြို့ပေါ်သို့ ခြေချလိုက်သည်နှင့် ချာလီအခြေအနေက ဇောင်းထဲက လွတ်လာသည့် မြင်းလိုပင် မရိုးမရွ ဖြစ်နေ၏။ ပါးစပ်က တနှောင်းနှောင်း လုပ်နေသဖြင့် စိုးတင့် နားတွေထူပူလာ၏။

* * *

ခေါင်းတုံးပြောင်ပြောင်ကြီးကို အမေ့တဘက်အညိုလေး ပေါင်းထားသဖြင့် စိုးတင့်၏အသွင်က ဘိုးတော်အသွင်လား ထင်ရ၏။

"ကိုစိုးတင့်၊ နှောင်းလေ နှောင်းရှိတဲ့. . ."

"တော်ပါတော့ဟာ၊ ကြာရင် ငါလည်း မြှောင်းထဲရောက်တော့မယ်။ ဒုက္ခပါပဲ၊ မင်းကိုခေါ်လာမိတာ ငါတော့ ပြဿနာလှည်းကြီးပေါ် ထိုင်မိသလို ဖြစ်နေပြီကွ"

"ဟဲဟဲ ချစ်တာကိုး၊ ခင်ဗျားက အချစ်ဆိုတာ နားမှမလည်ဘဲဗျာ။ အချစ်ကြောင့် လူတွေ ဘာဆိုဘာမှ မမြင်တော့ဘူးဗျ။ ခုလည်း ကျွန်တော် မမြင်တော့ဘူးဗျ"

"ဟေ- ဒါဆိုလည်း တောင်ဝှေးကလေးနဲ့ လျှောက်ပေါ့ကွာ"

"ဟာဗျာ၊ အဲဒီလို မနောက်ပါနဲ့။ ဒါဟာ ရင်ဘတ်ပြဿနာဗျ။ ပေါ့ပေါ့ဆဆပြောလို့မရဘူး။ နှောင်းကို ချစ်လွန်းလို့ နှလုံးသွေးတွေ ရပ်သွားသလားတောင် ထင်ရသဗျာ"

"ဗုဒ္ဓေါ၊ လွန်နေပြီကွာ"

"ကိုင်း- လာဗျာ၊ ဦးဆုံး နှောင်းတို့အိမ် အရင်ရှာမယ်။ နှောင်းက ပုသိမ်ရောက်ရောက်ချင်း သူ့ဆီ အရင်ဝင်လာခဲ့ဖို့ ပြောထားတာဗျ။ မသွားလို့ မဖြစ်ဘူး"

"ဟေ- ဟုတ်လား လုပ်လေကွာ။ မင်းလည်း နှောင်း၊ ငါလည်း မြှောင်းပေါ့ကွာ။ အနိစ္စဆိုတာ နကန်းတစ်လုံး မသိတဲ့ကောင်မဲ"

"လာစမ်းပါဗျာ၊ အနိစ္စတွေ ဝိစ္စတွေထား။ သိပ်လှတဲ့နှောင်းဟာ စိတ်ဝင်စားစရာ အကောင်းဆုံးပဲဗျ"

"တော်တော့ကွာ"

စိုးတင့်တစ်ယောက် ရှုံ့မဲ့ရှုံ့မဲ့ ဖြစ်နေ၏။ ဘယ်လိုမှ မနိုင်တော့သည်မို့ ချာလီနောက်မှ ကားရားကားရား လိုက်ခဲ့ရ၏။ သူတို့နှစ်ယောက် ဆိုက်ကားတစ်စီး အလျှင်အမြန်ငှားကာ ရွှေမုဋ္ဌောဘုရားအနီးသို့ လာခဲ့ကြ၏။

လိပ်စာတကိုင်ကိုင်နှင့် တစ်လမ်းဝင်တစ်လမ်းထွက် မေးမြန်းလာခဲ့ကြရာ နောက်ဆုံး လမ်းတိုကလေးထဲတွင် နှောင်းတို့အိမ်လေးကို တွေ့



www.burmeseclassic.com

www.burmeseclassic.com


လိုက်ရ၏။ အိမ်ဝတွင် နှုတ်ခမ်းမွေးဖွားဖွားနှင့် လူကြီးတစ်ဦး တင်ပျဉ်ခွေထိုင်ကာ ကွမ်းယာနေ၏။ သူတို့နှစ်ဦးကို မြင်သည်နှင့် ပြုံးပြုံးရွှင်ရွှင် ဆီးကြိုလိုက်၏။

"ဟော- အဘဘိုးတော်တို့က ကြွမယ့်ကြွတော့ အားချင်းကြီးပါလားဗျ။ ကြွပါဗျာ ကြွပါ"

"ဟင်- ဘိုးတော်တဲ့"

"ကြွ ကြွပါလေ၊ အဘဘိုးတော်ကို ကျွန်တော် မျှော်နေတာကြာပြီ။ ထိပ်နီက အဘရှိတဲ့ရွာကိုသွားတာ သုံးရက်ရှိနေပြီ။ အဘလာတော့ ထိပ်နီ ပါမလာဘူးလားဗျ"

"ဟင်- ထိပ်နီ၊ ဘာတွေလဲဟ"

နှုတ်ခမ်းမွေးဖွာဖွာနှင့် လူကြီးက စိုးတင့်၏တဘက်ညို ခေါင်းပတ်ပြီး အိမ်ရှေ့ရပ်လာသည်ကို ဘိုးတော် ထင်နေ၏။ စိုးတင့်ခမျာ ပြူးတူးတူး ကြောင်တောင်တောင် ဖြစ်နေ၏။ ချာလီကိုလှည့်ပြီး မျက်နှာရှုံ့မဲ့မဲ့နှင့် ပြောလိုက်ရာ ချာလီက သူ့ကို ခေါင်းဆတ်ပြလိုက်၏။

"ဘာတုံးဟ"

"တက်စမ်းပါဗျာ"

"ဟို- ဘိုးတော်ဆိုတာ. . ."

"တော်စမ်းပါဗျာ"

"ကြွ. . . ကြွပါဗျာ၊ ကြွပါ။ အိမ်ဦးခန်းမှာထိုင်ပါ။ ဟောဒီမှာ ကွမ်းတွေ၊ အကြမ်းအိုးတွေ၊ လက်ဖက်တွေပါ ခင်ဗျား။ သုံးဆောင်ပါ ဘိုးတော်"

"ဟို. . . ဟိုဒင်းဗျ"

"ဘာဖြစ်လို့တုံး အဘဘိုးတော်၊ ဘာအလိုမကျပါသလဲ ခင်ဗျာ။ ကျွန်တော်တို့အိမ်မှာပဲ စတည်းချပြီး နိမိတ်ပေးနိုင်ပါတယ်ခင်ဗျာ။ စားရေးသောက်ရေးကို ကျွန်တော်လူလှကပဲ တာဝန်ယူပါတယ်"

"ဟိုက်- ချာလီ၊ လုပ်ပါဦးကွာ"

"မှား. . . မှားနေပြီခင်ဗျ"

"ဒုက္ခပါပဲဗျာ၊ ကျွန်တော်က ဘိုးတော်မဟုတ်ပါဘူး ခင်ဗျာ"

"ဟုတ်ပါတယ် ဦးလေးရယ်။ သူက ဘုန်းကြီးလူထွက်မို့ ခေါင်းတုံးပြောင်ပြောင် နေထိုးမှာစိုးလို့ တဘက်ပတ်ထားတာပါ ခင်ဗျာ"

"ဟုတ်ပါတယ် ဦးလူလှရယ်၊ ကျွန်တော်တို့က ဘိုးတော် မဟုတ်ပါဘူး ခင်ဗျာ"

"ဟင်- ဒါ. . . ဒါဆို မင်းတို့က ဘာခတွေလဲ"

"ဒါထက် ဦးလေးက"

"ငါက နှောင်းအငြိမ့်က ဇာတ်ဆရာ ကိုပိုက်ဆံရဲ့ညီ လူလှကွ"

"ဗျာ"


www.burmeseclassic.com

"ဪ- ဒါဆို နှောင်းရဲ့ဦးလေးပေါ့"

"ဟင်- မင်းတို့ ငါ့တူမဆီကို ဘာလာလုပ်တာလဲ"

"ဟင်- မဟုတ်ရပါဘူးခင်ဗျာ။ ကျွန်တော်တို့က နှောင်းနဲ့ တအား ရင်းနှီးတာပါ။ နှောင်းက ပုသိမ်ရောက်ရင် ဝင်ခဲ့ဆိုလို့ ဝင်လာ တာပါ။ ကျွန်တော်က ချာလီပါ။ ဟို- ဟို နှောင်း. . . နှောင်းရော ခင်ဗျာ။ နှောင်း မရှိဘူးလား။ နှောင်းက ကျွန်တော့်ကို သိတယ် လေ။ နှောင်းကို ခေါ်ပေးပါနော်"

"ဟာ- တော်ပါတော့ဟာ။ တနှောင်းနှောင်းနဲ့ နားကို ပူနေတာပဲ။ မရှိဘူး၊ မရှိဘူးကွ"

"ဟို- နှောင်း. . ."

ချာလီက ဦးလူလှ၏ မျက်နှာကြီးကိုကြည့်ကာ တနှောင်းနှောင်း နှင့် တတွတ်တွတ် ဖြစ်နေ၏။

"ဟကောင်၊ မင်း ဘယ်သူလဲ။ မင်းက ငါ့တူမကို တတွတ်တွတ် ရေရွတ်နေရလောက်အောင် ငါ့တူမက သေရွာသွားတာ မဟုတ် ဘူးကွ"

"ဗျာ- ဒါ. . . ဒါဆို နှောင်း မရှိဘူးပေါ့"

"အေး- မရှိဘူး၊ ရန်ကုန်သွားပြီ။ ငါလည်း ဒီညနေပဲ ရန်ကုန်ဆင်း မှာကွ။ သူတို့ကို အရေးတကြီး လာငှားလို့ ဇာတ်တစ်ဖွဲ့လုံး ပါ သွားတယ်"

"ဗျာ- ဒုက္ခပါပဲဗျာ၊ ကျွန်တော်က နှောင်းနဲ့တွေ့လိမ့်မယ် ထင် နေတာဗျ။ ခံစားရတယ်ဗျာ"

"ဟာ- ဒုက္ခပါပဲ။ ဟကောင်၊ မင်းက ဦးလေးတစ်ယောက်လုံး ရှေ့ထားပြီး ဘာတွေပြောနေသတုံး။ ကဲ- ခု မင်းတို့ ဘာဆက်လုပ် မလဲ"

"ဟင်- ဒါ. . . ဒါဆို ဦးလေးနဲ့ တစ်ပါတည်းလိုက်လို့ရမလားဟင်"

"ဗုဒ္ဓေါ"

ဦးလူလှတစ်ယောက် ချာလီ၏စကားကြောင့် အူလည်ချာလည် ဖြစ်သွား၏။ စိုးတင့်သည် ချာလီ့ကို လက်ကုတ်သော်လည်း ချာလီက ဘရိတ်ပေါက်သွားသည့် ကားတစ်စင်း တောင်ပေါ်မှ ဝါးလုံးထိုး ဆင်းလာ သည့်အသွင်ပင်။ ဘယ်လိုမှ ဣန္ဒြေမဆည်နိုင်။ ယခုလည်း ဦးလူလှနှင့် လိုက်မည်တကဲကဲ ဖြစ်နေ၏။ ဦးလူလှကိုယ်တိုင်လည်း ချာလီ့ကို ဝါး တားတား ဖြစ်နေ၏။

"ဟကောင်၊ မင်းက ငါနဲ့လိုက်ပြီး ဘာလုပ်မှာတုံးဟ။ ဟိုမှာ ဘာ စီစဉ်စရာတွေ ရှိသေးတယ်။ ပြီးတော့ မင်းကို ငါ အခြေအချာ လည်း မသိဘူးကွ"

"ဟာ- ဦးလေးကလည်း နောက်ဆို အမျိုးတွေတော်ကြတော့မှာပဲ



www.burmeseclassic.com

www.burmeseclassic.com


ဗျာ။ ကျွန်တော့်နာမည်က ချာလီဗျ၊ ချစ်တဲ့နေရာမှာ ကြိုက်တဲ့ လူနဲ့ ယှဉ်နိုင်တယ်"

"ဟေ"

"ဟာ- ဘာတွေတုံး"

"ကိုင်း- ဒါဆို ကျွန်တော်တို့ ရန်ကုန်သွားကြမယ်လေ"

"ဟင်- ဘယ်လိုကောင်လဲကွာ"

ဦးလူလှပင် နားမလည်နိုင်အောင် ဖြစ်ရ၏။ အမှန်မတော့ သူတို့ ပုသိမ်မရောက်မီ နှစ်ရက်အလိုတွင် နှောင်းတို့အဖွဲ့ကို ရန်ကုန်မှ အလျင်အမြန် ဖိတ်ကြားသွားခြင်း ဖြစ်၏။ နှောင်းနှင့် လွဲခဲ့ရသဖြင့် ချာလီတစ်ယောက် မရိုးမရွ ဖြစ်နေ၏။ ရန်ကုန်လိုက်မယ်ချည်းပဲ တကဲကဲဖြစ်နေ၍ ဦးလူလှလည်း ဘုမသိဘမသိနှင့် သူတို့နှစ်ယောက်ကို ခေါ်ဆောင်ခဲ့ရလေ၏။

○○○

www.burmeseclassic.com

www.burmeseclassic.com

"ကိုယ်ဖြစ်ချင်တာတွေသာ
တကယ်တမ်း ဖြစ်လာမည်ဆိုလျှင်
လောကကြီး၏ အရောင်အဆင်း မှေးမှိန်သွားမည်မှာ
သေချာလှပေ၏"

www.burmeseclassic.com

www.burmeseclassic.com

## နိဂုံး

ဦးလူလှခမျာ ချာလီကို ကြည့်ရင်းကြည့်ရင်း ကြောက်လာ၏။ သင်္ဘောပေါ်ရောက်တော့လည်း နှောင်း၊ အိပ်တော့လည်း နှောင်း၊ စားတော့လည်း နှောင်း၊ ဘာလုပ်လုပ် နှောင်း။ နှောင်းတွေက သင်္ဘောတစ်စီးတိုက် ပါလာသလိုပင်။

ကြာလေ ဦးလူလှ ချာလည်ချာလည် ဖြစ်လာလေပင်။ ယခုလည်း ရန်ကုန်မြို့ကြီးကို သင်္ဘောပေါ်မှ လှမ်းကြည့်ရင်း ပီတိဖြစ်နေစဉ် သူ့အနားသို့ ချာလီ ရောက်လာ၏။

"ဟီးဟီး. . . နှောင်းနဲ့ တွေ့ရတော့မယ်၊ ဝမ်းသာလိုက်တာ ဦးလေးရာ"

"ဟကောင်- မင်းကွာ၊ ဘယ်လိုဖြစ်လို့ ဒီလောက် သည်းနေတာလဲ။ ငါ့တူမသာ ငါးဖျင်းသလက်ဆိုရင် အရိုးတောင် မကျန်အောင် စားမယ့်ကောင်ပါလား"

"ဩော်- ဦးလေးကလည်း၊ အရိုးအသား ရှာမရအောင် ဝါးတော့ အစာကြေတာပေါ့ဗျာ ဟဲဟဲ"

"ဘာကွ- မင်း ရူးနေသလား၊ ငါ ဘယ်သူလဲ ဆိုတာရော သိသေးရဲ့လား။ ဘယ့်နှယ်ကွာ၊ တူမကိစ္စ ဦးလေးရှေ့မှာ ထင်ရာမြင်ရာ ပြောတာ မင်းတစ်ယောက်ပဲ ရှိတယ်ကွ"

ချာလီ၏စကားတွေက အထိန်းအကွပ် မရှိတော့။ လှိုင်းတံပိုးကြောင့် ရေကာတာကြီး ကျိုးသွားသလိုပင်။ ပြောလိုက်သည်မှ တတွတ်တွတ်။ ကြာတော့လည်း ဦးလူလှပင် စိတ်နှင့်လူ မကပ်ချင်တော့။ ရန်ကုန် မြန်မြန်ရောက်ပါစေသာ ဆုတောင်းနေရ၏။

* * *

www.burmeseclassic.com

သို့နှင့် သင်္ဘောကြီးက ရန်ကုန်ဆိပ်ကမ်းသို့ ကပ်လာ၏။ သူတို့လူစု သင်္ဘောပေါ်မှ ဆင်းခဲ့ကြပြီး တက္ကစီတစ်စီးငှားကာ နှောင်းတို့ တည်းခိုသည့် ပတ္တလားဆရာ ဆရာခိုအိမ်ဆီသို့ ထွက်လာ၏။

သူတို့ ရောက်ရှိသွားချိန်တွင် ဇာတ်ဆရာ ဦးပိုက်ဆံက ပက်လက်ကုလားထိုင်ပေါ် ထိုင်ကာ သူ့အဖွဲ့သားများကို သင်ကြားညွှန်ပြနေ၏။ ယိမ်းသမလေးများအလယ်တွင် နှောင်းတစ်ယောက် ကကြိုးလှုလှုလေးနှင့် ကနေ၏။

ထိုစဉ် အိမ်ပေါ် ဖြုန်းစားကြီးတက်လာသော လူစုကိုကြည့်ပြီး အားလုံး တိတ်ဆိတ်သွား၏။ ဦးပိုက်ဆံသည် ပါဝါထူထူ မျက်မှန်ကြီးအောက်မှ တက်လာသူများကို လှမ်းကြည့်လိုက်၏။ ဦးဆုံး မြင်လိုက်သူက ဦးလူလှ။

"ဟော့ကောင် လူလှ၊ ဘယ်လိုဖြစ်လာတာလဲဟ"

"ဟို- သူ. . . သူတို့"

"ဟာ- မင်းဉစ္စာ နောက်က ငရဲမင်း လိုက်လာသလိုပဲ"

"ဟို- သူတို့လေ၊ သူတို့က. . ."

"ဟာ- နှောင်း. . . နှောင်း။ အောင်မယ်လေး နှောင်းရယ်၊ ကျွန်တော်က နှောင်းကို တွေ့မှတွေ့ပါ့မလားလို့။ နှောင်း. . . နှောင်း"

"ဟိတ်ကောင်၊ မင်း ဘယ်ကကောင်လဲဟ"

"ဗျာ"

"အို"

အိမ်ပေါ် ဒရောသောပါး တက်လာသော ချာလီတစ်ယောက် နှောင်းကို မြင်လိုက်သည်နှင့် ပြူးပြူးပြဲပြဲ ဖြစ်နေ၏။ ကျွန်ခြေလည်း မဆည်နိုင်။ လူတွေကြား အတင်း တိုးဝှေ့ဖြတ်သန်းကာ နှောင်းအနားသို့ ရောက်သွား၏။

ဦးပိုက်ဆံသည် ချာလီလုပ်ပုံကို ပြူးပြူးကြီး ကြည့်ပြီး ပေါက်ကွဲသွား၏။

"ဟကောင်၊ ပြောလေကွာ"

"ဖေဖေ၊ ဒါ သမီးမိတ်ဆွေပါ။ နာမည်က ကိုချာလီတဲ့၊ သမီးကို ကင်းကိုက်တုန်းက ကင်းကြီးကို သူ ဖယ်ပေးလို့ပေါ့"

"ဟေ- ကင်း၊ ဒီကောင်က ကင်းကောင်လား"

"ဗျာ- ဟဲဟဲ ကျွန်တော်က ကင်းတွေ၊ မြွေတွေ၊ ပင့်ကူတွေ၊ ခြတွေ ပုရွက်ဆိတ်တွေ. . ."

"ဟကောင်၊ ဘာတွေတုံး။ သမီး၊ နင့်လူက စိတ်မှမှန်ရဲ့လားတဲ့"

"ကျွန်တော်က စေတနာသမားပါ၊ ဦးလေးဖေဖေရဲ့"

"ဘာကွ၊ ဟာ- လုပ်ပါဦးဟ။ ဘယ့်နှယ် ငါ့ကို ဖေဖေခေါ်နေသတုံးဟ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်- ဦးနာမည် ဖေဖေ မဟုတ်လား"

"ဘာကွ၊ မင်း. . . မင်း ရှူးနေသလား"

"ကိုချာလီကလည်း၊ နှောင်းဆီလာတာ ဒရောသောပါးနဲ့ ဘယ်လို ဖြစ်တာလဲ"

"ဟဲဟဲ တွေ့. . . တွေ့ချင်လို့ပေါ့ နှောင်းရယ်၊ ပုသိမ်က နှောင်းတို့ အိမ်ကို ဝင်ခဲ့သေးတယ်ဗျ။ နှောင်းကို မတွေ့တော့ ကြေကြေကွဲကွဲ ခံစားလိုက်ရတာဗျာ၊ ဟောဒီ ရင်ဘတ်ကြီး အုန်းခနဲ ပွင့်သွားတော့ မယ့်အလားဗျာ"

"ဟင်"

"ဗုဒ္ဓေါ၊ ဒီကောင် အရူးလား မသိဘူး"

လူတွေအားလုံးကလည်း ချာလီကို ဝိုင်းကြည့်နေသဖြင့် နှောင်း ချာလီကို အရှေ့ဘက် ဧည့်ခန်းထဲ ခေါ်ထုတ်သွားရ၏။

ချာလီ၏အသွင်က သားပျောက်နေသည့် မိခင်တစ်ဦးနှယ်ပင်။ နှောင်းနားက မခွာနိုင်။ စကားတွေက ထပ်နေ၏။ သူနှင့် ပါလာသော စိုးတင့်ပင် ခေါင်းစားနေ၏။

"ဘယ်လိုဖြစ်နေတာလဲကွာ၊ မနှောင်းကိုလည်း အားနာပါဦးကွ။ မင်းဥစ္စာ အရူးအမူးပဲ"

"ဟင်းဟင်းဟင်း ရပါတယ်ရှင်၊ ကိုချာလီဟာ တစ်ခါတစ်ခါ ကလေးလေးကျနေတာပဲ။ ကိုယ်လုပ်ချင်တာကို ဇွတ်လုပ်တတ် တယ်နော်။ ခုလည်း အိမ်မပြန်သေးဘဲ နှောင်းဆီ ဝင်လာတာ ထင်တယ်"

"ဟုတ်တယ်ဗျာ၊ ကျွန်တော်လည်း ဘာပြောလို့ ပြောရမှန်း မသိ ဘူး။ ဒီကောင်က ဘုန်းကြီးဝတ်တာတောင် ဘယ်တော့ထွက်မလဲ မေးနေတာဗျ"

"ဟဲဟဲ ကိုစိုးတင့်ကလည်းဗျာ"

"မင်းကတော့ လွန်သကွာ၊ ငါတောင် မျက်စိနောက်လာပြီ။ ကိုင်း- အခု ငါတို့ ဘာလုပ်ကြမလဲ"

"မပြန်ဘူးလေ၊ နှောင်း. . . နှောင်းတို့နားမှာပဲနေ. . ."

"ဘာကွ- ဟကောင်၊ မနှောင်းတို့ကလည်း သူ့အလုပ်နဲ့သူကွ။ မင်း ထင်ရာမြင်ရာကို စွတ်မလုပ်နဲ့၊ တစ်ဖက်လူတွေရဲ့ ကိစ္စကိုလည်း ထည့်တွက်ဦးကွ"

"ရပါတယ်ရှင်၊ ကိုချာလီတို့က ရန်ကုန်ကမှ မဟုတ်လား"

"ဟုတ်. . . ဟုတ်တယ်၊ နှောင်းက ဒီမှာ ဘယ်လောက်နေဦးမှာ လဲ"

"ဒီမှာ တစ်ပတ်လောက်တော့ ကြာမယ်လေ။ ငှားတာလည်း ရုံပွဲဆိုတော့ အသေအချာ လေ့ကျင့်ရမှာ ကိုချာလီရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါ. . . ဒါဆို ကောင်းတာပေါ့ဗျာ"

"ကိုင်း- ဒါဆို ငါတို့ အိမ်ခဏပြန်ကြဦးမယ်ကွာ၊ ရေမိုးချိုး စားသောက်ပြီးမှ မနှောင်းတို့ဆီ တစ်ခေါက်ပြန်လာကြတာပေါ့"

"အင်"

"ဟုတ်သားပဲ၊ နားလိုက်ပါဦးလား ကိုချာလီ။ နှောင်း ဘယ်မှမသွားပါဘူး၊ ဒီအိမ်မှာပဲ ရှိမယ်။ ပြီးတော့ ဖေဖေက စိတ်ကြီးတယ်နော်၊ အဲဒါတော့ သတိထားစေချင်တယ်။ ခဏခဏ လာတာကိုလည်း ဖေဖေက မကြိုက်ဘူး။ ခုလည်း ဖေဖေက ကျွန်မတို့ကို မျက်စောင်းတခဲခဲ လုပ်နေတာ ကိုချာလီရဲ့"

"ဟင်"

နှောင်း၏စကားကြောင့် ချာလီ တုန်လှုပ်သွား၏။ ပက်လက်ကုလားထိုင်ပေါ် ထိုင်နေသော ဦးပိုက်ဆံကိုလည်း မရဲတရဲ လှမ်းကြည့်လိုက်၏။ ဦးပိုက်ဆံအသွင်က ရှေးဟောင်းမင်းသားကြီး အသွင်ပင်။ ပလေကတ်လုံချည် လေးထောင့်ကွက်ကြီး ဝတ်ထားကာ ကော်လံကတုံး၊ ဆံပင်ကို သျှောင်ထုံးကြီး ထုံးထား၏။ ဆေးပြင်းလိပ်ကြီး တခဲခဲနှင့် သူ့ဘက် မကြာခဏ လှည့်ကြည့်နေသည်မို့ ချာလီ မရိုးမရွ ဖြစ်နေ၏။

ထိုစဉ် နှောင်း၏အသံကလေး ပေါ်လာ၏။

"ဖေဖေက သူစိမ်းယောကျ်ားတွေနဲ့ စကားပြောတာ သိပ်မကြိုက်ဘူးရှင့်။ ပြီးတော့ အဲဒီလို လာလည်ရင်လည်း ကွယ်ရာကျ နှောင်းကိုပဲ ဆူတတ်တယ်"

"ဗျာ"

နှောင်း၏စကားတွေက သူ၏ တက်ကြွနေသောစိတ်ကို ထုံထိုင်းလေးကန်သွားစေ၏။ ရှေ့ဆက် ဘာပြောလို့ ပြောရမှန်းပင် မသိတော့။ ထိုစဉ် သူတို့အနားသို့ နှောင်း၏ဖခင် ဦးပိုက်ဆံကြီးက ကားတားကားတားနှင့် လျှောက်လာ၏။

"ဘယ်လိုတုံး ညှဉ့်သည်ရဲ၊ ဒီမှာ အလုပ်လုပ်နေတာကို မမြင်ဘူးလားဟ"

"ဗျာ၊ ဟို. . . ဟိုဒင်းလေ"

"ဘာဟိုဒင်းလဲ၊ အာလာပသလ္လာပ ပြောမယ်ဆိုရင် နောက်မှပြောကွာ။ ဒီမှာ လေဖြုန်းလို့ မရဘူးကွ"

"ဟင်- ဟိုဒင်း. . ."

"ဟာ- အဲဒီ ဟိုဒင်းကကို မတက်နိုင်ဘူး။ ကိုင်း- ပြော၊ ငါ့သမီးကို ဘာပြောချင်သလဲ။ မင်းက ဘာလုပ်သလဲ။ စီးပွားရေးလား၊ ညှိဘာရေးလား၊ လူမှုရေးလား။ အဲဒါဆိုရင် နောက်မှပြော၊ ဒါမှမဟုတ် ပိုက်ဆံချေးမလို့လား၊ ပေါင်စရာ. . ."

"ဟာ- ဟာ မဟုတ်ပါဘူး ဦး. . . ဦးရယ်။ ဟိုဒင်းလေ. . ."



www.burmeseclassic.com

www.burmeseclassic.com

"ကိုင်း- ဒါဆို ဟိုဒင်းကိုစွထား၊ ပြန်ပေတော့ကွာ။ ဒီမှာ ဇာတ်တိုက်နေတာကွ"

"ဟင်- ဟိုဒင်း. . ."

"လာပြန်ပြီ ဟိုဒင်း"

"ဟုတ်. . . ဟုတ်ကဲ့၊ ပြန် ပြန်ပါ့မယ်။ နှောင်း. . . နှောင်း"

"ရှင်"

"ကျွန်တော် သွားပြီနော် နှောင်း"

"ဟာ- သွား သွား သွား"

"ဟင်"

သူ ဘာမှ ဆက်မပြောသာတော့။ ဦးပိုက်ဆံ၏ ဆက်ဆံမှုက အမဲဖျက်တော့မည့်အသွင်။ သူ့ကို စူးစူးနှစ်နှစ် မျက်လုံးကြီးများနှင့်ကြည့်ကာ လက်ညှိုးကြီး တထိုးထိုး လုပ်နေ၏။ စကားသံတွေကလည်း ကျောက်စရစ်ခဲ၊ သံခဲများလို မာကျောလှ၏။

နောက်ဆုံး စိုးတင့်က လက်တကုတ်ကုတ် လုပ်နေသဖြင့် ဘာတစ်ခွန်းမှ မပြောသာတော့ဘဲ ထိုင်နေရာမှ အလျင်အမြန် ထွက်ခဲ့ရလေတော့၏။

* * *

အိမ်ပြန်ရောက်တော့ ဦးလေးပါတူးတစ်ယောက် သူ့ကို ဝမ်းသာအားရနှင့် ဆီးကြိုလိုက်၏။ ချာလီ့အသွင်က ပြုံးမလိုလို ငိုမလိုလို ပဟေဠိဆန်လှသည်မို့ ဦးပါတူးလည်း ဘာတစ်ခွန်းမှ မမေးတော့။

ချာလီသည် အိမ်ပြန်မှရောက်သည်နှင့် အဝတ်အစားလဲကာ ဦးလေးဖြစ်သူရှေ့ မှုန်တုန်တုန်နှင့် ထိုင်လိုက်၏။

"အန်ကယ်ပါတူး၊ လူတွေဟာ ဘာဖြစ်လို့ ကကြတာလဲဗျ"

"ဟေ- ကတာ၊ ဘာ. . . ဘာဖြစ်လာလို့လဲ"

"ဟိုဗျာ၊ လူတွေဟာ ဘာကြောင့် ကခုန်ကြတာလဲဗျ။ အဲဒီဟာကို ကျွန်တော် နားမလည်ဘူး။ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးပဲ၊ လက်တွေခြေတွေ ဘာဖြစ်လို့ အငြိမ်မနေကြတာလဲ"

"ဟင်- ဟို၊ အဲဒါ. . ."

"ဟုတ်ပြီ၊ ဒါ ခြင်ကိုက်သက်သာအောင် တကြတာ ဖြစ်မယ်ဗျ။ ရောဂါတွေ ထူပြောလာသလို ခြင်တွေ၊ ယင်တွေ တအား ပေါလာပြီဗျ။ ဒါကြောင့် ဟို- ပိုက်ဆံဆိုတဲ့လူကြီး သွေးလွန်တုပ်ကွေးကာကွယ်တဲ့အနေနဲ့ လူတွေကို ကခိုင်းတာဖြစ်ရမယ်။ ဟုတ်ပြီ"

"ဟေ- ချာ. . . ချာလီ တူလေး၊ မင်း ဘာတွေပြောနေသတုံးကွ။ ဘယ်က ဦးပိုက်ဆံလဲ"

"နှောင်းလေ၊ နှောင်းရဲ့အဖေလေ။ သျှောင်ကြီးဗွေနဲ့ဗျာ၊ လူတွေကို အတင်း ကခိုင်းတာ"


www.burmeseclassic.com

"ဟင်- နှောင်း၊ လာပြန်ပြီကွာ။ ဟာကောင်၊ သတိထားပါဦးကွ။ မင်းပုံစံက ပယောဂပူးလာသလိုပဲ"

"အဲဒါ အမှန်ပဲ အန်ကယ်ရေ၊ အချစ်လေ ကျွန်တော့်အသည်းတုန်၊ အူတုန် ဟောဒီရင်ဘတ်ကြီး ဗွမ်းခနဲ ပေါက်လောက်အောင် ချစ်ရတဲ့ နှောင်းလေ"

"ဗုဒ္ဓေါ၊ လုပ်ပြီဟော့"

ကြားလိုက်ရသည့် စကားကြောင့် မျက်ခုံးတွေ တဆတ်ဆတ် လှုပ်လာ၏။ ဘာကို နားလည်ရမှန်းမသိ။ ထိုစဉ် ချာလီသည် ဦးပိုက်ဆံအကြောင်းကို စဉ်းစားရင်း အံတကြိတ်ကြိတ် ဖြစ်နေ၏။ အဘိုးကြီးက သူ့သမီးဆီ လာလည်ပုံကို သဘောမကျ။ သူကလည်း နှောင်းမှနှောင်း ဖြစ်နေ၏။ ဘယ်လိုဝင်ရပါ့မလဲ စဉ်းစားရင်း သူ့အာရုံထဲ ဦးလူလှ၏ ငယ်ထိပ်ပြောင်ပြောင်ကြီးကို မြင်လာ၏။

ဘိုးတော်ကို အယုံကြီးယုံနေသောလူကြီး။ ချာလီ လက်ဖျောက်တစ်ချက်တီးလိုက်ပြီး ပြုံးလိုက်၏။

"ဟုတ်ပြီ၊ ဒီကိစ္စက ဟာကွက်ပဲ။ ဒီဟာကွက်ထဲကို တိုးဝင်လိုက်ရင် အိုကေပဲကွ"

"ဟင်- ဟာကောင်၊ မင်း. . . မင်း တစ်ယောက်တည်း ဘာဖြစ်နေသလဲ"

"အချစ်လေ အန်ကယ်ရဲ့၊ အချစ်ပေါ့"

"သွားပါပြီကွာ"

"တစ်ရောဂါ မငြိမ်းသေးဘူး နောက်တစ်ရောဂါ တိုးလာပြန်ပြီ"

ဦးပါတူးကလည်း တူတော်မောင်၏ အမူအရာကို ရဲရဲမကြည့်ဝံ့။ ချာလီသည် မပြောမဆို အိပ်ခန်းထဲဝင်သွားကာ စာရွက်တစ်ရွက်ပေါ်တွင် တောင်ခြစ်မြောက်ခြစ် လုပ်နေ၏။

ပါးစပ်ကလည်း ပွစိပွစိလုပ်နေ၏။ ပြီးသည်နှင့် စာရွက်ကို ခေါက်ကာ အိတ်ထဲထည့်လိုက်ပြီး အိမ်ပြင်သို့ ပြန်ထွက်လာ၏။

"အန်ကယ်၊ ကျွန်တော့်အချစ်ကလေးဆီ သွားဦးမယ်"

"ဟေ- အချစ်၊ ကြွကွာ. . . ကြွ. . . ကြွ၊ မင်းဘာသာ အချစ်မတလို မြစ်ထဲခုန်ချချ၊ မြွေတွေ့တွေ့၊ လုပ်သာလုပ်ကွ"

"ဟဲဟဲ အန်ကယ်ကလည်း ကျွန်တော်က အချစ်အင်ပါယာကြီးကို တိုးချဲ့နေတာဗျ"

"ဟေ"

ချာလီသည် သူ့ကို ပြောချင်ရာပြောပြီး အိမ်ပေါ်မှ ဆင်းသွား၏။ ချာလီ ဘာတွေလုပ်နေမှန်း မတွေးတတ်။ စိုးတင့်မှာလည်း ချာလီကို အလန့်ကြီး လန့်နေ၏။ ချာလီလာလျှင် ရှောင်တိမ်းနေရသည်အထိ ဖြစ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ချာလီတစ်ယောက် နှောင်းတို့တည်းသည့် အိမ်ကြီးရှေ့ ပလက်ဖောင်းပေါ်တွင် ရစ်သီရစ်သီ လုပ်နေစဉ် ဦးလူလှနှင့် ဆုံမိလေ၏။

"ဟာ- ဟကောင်လေး"

"ဟဲလို၊ ဦးလေးလူလှ"

"မင်း ဘာလာလုပ်သလဲကွ"

ချာလီက ဦးလူလှအား ပူးပေါင်းနိုင်မည့် နည်းလမ်းများဖြစ်သော ဦးလူလှ၏ အကြိုက်တို့ကို စည်းရုံးပြောပြလိုက်၏။ သူတို့နှစ်ယောက် ပူးပေါင်းမိသွားကြပြီးနောက်။

* * *

"ဟာ- ရဲ. . . ရဲတွေဗျို့"

"ဟေ့ကောင်၊ မပြေးနဲ့။ မင်းတို့ကို ဝိုင်းထားပြီကွ"

"ဗုဒ္ဓေါ"

"ကယ်ကြပါဦး"

"ဟာ- ကျုပ်တို့ မပါဘူး"

"လုပ်ကြပါဦးဟ၊ ဒုက္ခပါပဲ"

ဦးပိုက်ဆံတို့ ညီအစ်ကိုလည်း ရဲတွေဝိုင်းထားပြီဆိုသည့် အသံကြားသည်နှင့် ဒူးတုန်နေကြ၏။ ဘယ်ပြေးလို့ ပြေးရမှန်းမသိ။ အိမ်ဝိုင်းထဲကလူတွေလည်း တောင်ပြေးမြောက်ပြေး ဖြစ်ကုန်၏။

ထိုစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တစ်ဝိုင်းလုံးကို ပိုက်စိပ်တိုက် ဝိုင်းလိုက်ပြီး တွေ့သမျှလူကို ဖမ်းဆီးလိုက်ရာ ဦးပိုက်ဆံ၊ ဦးလူလှနှင့် ချာလီတို့ပါ ယက်ကန်ယက်ကန်နှင့် ပါသွားကြလေ၏။

ပြဿနာက အုတ်အော်သောင်းတင်း။ ဘယ်လိုမှ ဖြေရှင်း၍မရသည့်ကိစ္စ။ သူတို့သုံးယောက်မှာ ဘောက်ချာတွေက သက်သေဖြစ်နေပြီမို့ ဘယ်လိုမှ ရှင်းပြမရတော့။ ချာလီခမျာမှာလည်း အမေကယ်ပါ၊ အဘကယ်ပါ ဖြစ်နေ၏။

နှောင်းတို့လူစုလည်း ဖခင်ကြီးသတင်း ကြားသည်နှင့် ရဲစခန်းသို့ ဒရောသောပါး လိုက်လာကြ၏။ ဦးပါတူးခမျာမှာလည်း တူတော်မောင်သတင်းကြားနေသဖြင့် စိုးရိမ်တကြီးနှင့် လိုက်လာ၏။

ထိုအချိန် ဦးပိုက်ဆံခမျာ မျက်ရည်လေး တစမ်းစမ်းနှင့် ချာလီ့ကို လှမ့်ပြောနေ၏။ ချာလီခမျာ မျက်နှာရလေမလား လုပ်ကြည့်ခါမှ ယခုတော့ ယောက္ခမလောင်းကြီးပါ အချုပ်ထဲ ဆွဲသွင်းလိုက်သည့်ကိန်းဆိုက်သည်မို့ တရှုံ့ရှုံ့တမဲ့မဲ့ ဖြစ်နေ၏။

"မှားပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ် အန်ကယ်တို့ရယ်။ ကျွန်တော်ပြောတဲ့ အကွက်သာပေါက်ရင် ကျွန်တော်က မင်းသား လုပ်မှာဗျ။ ပြီးတော့ အန်ကယ်တို့ အငြိမ့်ကိုလည်း ဇာတ်ကြီးဖြစ်အောင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း- မင်းအသံ မကြားချင်ဘူး။ မင်းသားမပြောနဲ့ ပတ်မတီးတောင် မလုပ်ရဘူးမှတ်။ မင်းလုပ်လို့ ငါတို့ အငြိမ့်မကရဘဲ အချုပ်ထဲ ရောက်တာကွ။ ဒီတော့ မင်းကို တစ်သက်မကျေဘူး၊ တစ်သက်မကျေဘူးဟေ့"

"ပြောရက်လိုက်တာဗျာ။ အီး. . . အီး ကျွန်တော် မင်းသားဖြစ်ချင်လို့ ခုလို လုပ်မိတာပါဗျာ။ အမေရေ သားအဖြစ်ကို ကယ်ပါဦးဗျ"

ချာလီတစ်ယောက် ဘယ်လိုမှ စိတ်မထိန်းနိုင်တော့။ ဆိုးဝါးလှသည့် သူ့ကံကြမ္မာကိုတွေးကာ ဦးပိုက်ဆံတို့ညီအစ်ကိုရှေ့ တအီးအီးနှင့် ငိုချလိုက်လေတော့၏။

ပေါ်ဂျာရစ်

www.burmeseclassic.com